ကြေးမုံ
The Mirror
၁၉၅၇ ဧပြီ ၁၆ တွင် စတင်တည်ထောင်သည်။
Established in 1957

၁၃၇၇ ခုနှစ်၊ ဒုတိယဝါဆိုလပြည့်ကျော် ၂ ရက်၊ တနင်္ဂနွေနေ့၊ (2-8-2015) (၈၂၈၀)


## မေတ္တာသည် ရန်ကင်းငြိမ်း၏

အကြင်သူသည် သတ္တဝါအားလုံးတို့အပေါ်၌ မေတ္တာစိတ်အဖို့အစုရှိသည် ဖြစ်၍ တစ်စုံတစ်ယောက်ကိုမျှ မိမိကိုယ်တိုင်လည်း မညှဉ်းဆဲ၊ သူတစ်ပါးကိုလည်း မသတ်ဖြတ်စေ၊ မိမိကိုယ်တိုင်လည်း အနိုင်မယူ၊ သူတစ်ပါးတို့ကိုလည်း အနိုင်မကျင့်စေ၊ ထိုမေတ္တာပွားသူအား တစ်စုံတစ်ခုသော အတွင်းရန်၊ အပြင်ရန် ဟူ၍ မရှိနိုင်။ (အင်္ဂုတ္တိုရ်ပါဠိတော်၊ ပထမတွဲ၊ မေတ္တာသုတ်-၄၄၃။)

# နိုင်ငံတစ်ဝန်းရှိ သဘာဝဘေးဒဏ်ခံစားနေရသည့် ပြည်သူများအား အစွမ်းကုန်ကူညီသွားမည်



နိုင်ငံတော်သမ္မတ ဦးသိန်းစိန် ကလေးမြို့ အမှတ်(၃) အခြေခံပညာအလယ်တန်းကျောင်းအတွင်းရှိ ရေဘေးသင့်ပြည်သူများအား တွေ့ဆုံအားပေးစကားပြောကြားစဉ်။ (သတင်းစဉ်)

**ကလေး ဩဂုတ် ၁**

ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးသိန်းစိန်သည် အမျိုးသားသဘာဝဘေး ကာကွယ်စောင့်ရှောက်ရေး ဗဟိုကော်မတီဥက္ကဋ္ဌ ဒုတိယသမ္မတ ဦးညဏ်ထွန်း၊ ဒုတိယတပ်မတော် ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေး ဦးစီးချုပ်(ကြည်း) ဒုတိယ ဗိုလ်ချုပ်မှူးကြီးစိုးဝင်း၊ ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီး သက်နိုင်ဝင်း၊ ဦးမြတ်ဟိန်း၊ ဦးရဲထွန်း၊ ဒုတိယဝန်ကြီးများ၊ တာဝန်ရှိသူများ နှင့်အတူ ယနေ့နံနက် ၁၁ နာရီ ၄၅ မိနစ်တွင် နေပြည်တော်မှ အထူး လေယာဉ်ဖြင့် ထွက်ခွာခဲ့ရာ စစ်ကိုင်း တိုင်းဒေသကြီး ကလေးမြို့ရှိ ကလေး လေဆိပ်သို့ ရောက်ရှိကြသည်။

နိုင်ငံတော်သမ္မတနှင့်အဖွဲ့ဝင်များကို အနောက်မြောက်တိုင်း စစ်ဌာနချုပ် တိုင်းမှူး၊ တိုင်းဒေသကြီး အစိုးရအဖွဲ့ဝင်ဝန်ကြီးများနှင့် ဌာနဆိုင်ရာတာဝန်ရှိသူများ၊ မြို့မိမြို့ဖများနှင့် လူမှုရေးအသင်းအဖွဲ့ဝင်များက ကြိုဆိုကြသည်။

ထို့နောက် နိုင်ငံတော်သမ္မတ ဦးသိန်းစိန်သည် ဒေသကွပ်ကဲမှု စစ်ဌာနချုပ်(ကလေး) အောင်ဇေယျရိပ်သာ အစည်းအဝေးခန်းမ၌ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ မြို့မိမြို့ဖများနှင့်တွေ့ဆုံရာ တိုင်းဒေသကြီးဝန်ကြီး ဦးအောင်ဇော်ဦး၊

**စာမျက်နှာ ၃ ကော်လံ ၁ သို့ ☆**

## မိုးရွာသွန်းမှုများ

| | |
|---|---|
| ကျောက်တော် | ၆ ဒသမ ၃၀ လက်မ |
| အမ်း | ၄ ဒသမ ၈၀ လက်မ |
| ပလက်ဝ | ၄ ဒသမ ၅၃ လက်မ |
| ဟုမ္မလင်း | ၄ ဒသမ ၃၈ လက်မ |
| သံတွဲ | ၃ ဒသမ ၅၈ လက်မ |
| တမူး | ၃ ဒသမ ၃၉ လက်မ |
| မောင်တော | ၃ ဒသမ ၃၉ လက်မ |
| ဂွ | ၃ ဒသမ ၀၃ လက်မ |

## ကယ်ဆယ်ရေးပစ္စည်းများ အချိန်နှင့်တစ်ပြေးညီ ဖြန့်ခွဲပေးပို့လျက်ရှိ

**နေပြည်တော် ဩဂုတ် ၁**

မြန်မာနိုင်ငံတစ်ဝန်းဖြစ်ပေါ်လျက်ရှိသည့် ရေကြီးရေလျှံမှုများမှ ရေဘေးသင့်ပြည်သူများအတွက် လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့်ပြန်လည်နေရာချထားရေးဝန်ကြီးဌာနက ကယ်ဆယ်ရေးပစ္စည်းများ အချိန်နှင့်တစ်ပြေးညီ ဖြန့်ခွဲပေးပို့လျက်ရှိသည်။

ထိုသို့ပေးပို့ရာတွင် ဩဂုတ် ၁ ရက်၌ မကွေးမြို့ သိုလှောင်ရုံမှ ပွင့်ဖြူမြို့ရှိ အိမ်ထောင်စု ၁၄၅၄ စုအတွက် ကယ်ဆယ်ရေးပစ္စည်း လေးမျိုးဖြစ်သည့် ကျားလုံချည်၊ မလုံချည်၊ မျက်နှာသုတ်ပဝါ၊ ဆပ်ပြာနှင့် အဝတ်ဟောင်းထုပ် ၂၂၀ ကီလိုဂရမ် ရှစ်ထုပ်ကိုလည်းကောင်း၊ မုံရွာမြို့သိုလှောင်ရုံမှ ကလေးမြို့ရှိ အိမ်ထောင်စု ၁၀၀၀ အတွက် ကယ်ဆယ်ရေးပစ္စည်းလေးမျိုးဖြစ်သည့် ကျားလုံချည်၊ မလုံချည်၊ မျက်နှာသုတ်ပဝါ၊ ဆပ်ပြာနှင့် တီရှပ်အထည် ၁၀၀၀၊ ခေါက်ဆွဲခြောက်(အထုပ်သေး) အထုပ် ၉၀၀၀၊ ရေသန့်တစ်လီတာဘူး ၃၀၀ နှင့် အဝတ်ဟောင်းထုပ် ၁၄၅ ကီလိုဂရမ် ခြောက်ထုပ်၊ နေပြည်တော် သိုလှောင်ရုံမှ ကလေးမြို့သို့ ကျားလုံချည်အထည် ၁၂၀၊ မလုံချည်အထည် ၅၀၀၊ မျက်နှာသုတ်ပဝါအထည် ၁၅၀၊ တီရှပ်အထည် ၅၀၀၊ ခြင်ထောင်အလုံး ၁၅၀ နှင့် မဝတ်ဝမ်းဆက် အစုံ ၂၀၀ တို့ကို ပေးပို့ထောက်ပံ့ခဲ့ကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**



ကြေးမုံစာတည်းရှုထောင့် **၂-၈-၂၀၁၅၊ တနင်္ဂနွေနေ့**

# အားနည်းသူကို ဖေးမကူညီ

မြန်မာနိုင်ငံတစ်ဝန်းလုံးတွင် ဇွန်လနှင့် ဇူလိုင်လများအတွင်းက မုတ်သုံမိုးသည်းထန်စွာရွာသွန်းမှုများကြောင့် တိုင်းဒေသကြီးနှင့်ပြည်နယ် အချို့တို့၌ ရေကြီးရေလျှံမှုများ၊ မြေပြိုမှုများဖြစ်ပွားခဲ့ရာ ဒေသခံပြည်သူများ အတိဒုက္ခရောက်ခဲ့ကြသည်ကို မြင်တွေ့ခဲ့ရသည်။

ရေကြီးရေလျှံဖြစ်ပွားမှုများမှာ နိုင်ငံအနှံ့ဖြစ်ခဲ့သော်လည်း ဆိုးရွားစွာဖြစ်ပွားခဲ့သော နေရာဒေသများဖြစ်သည့် ချင်းပြည်နယ်၊ ရခိုင်ပြည်နယ်၊ စစ်ကိုင်းတိုင်းဒေသကြီးနှင့် မကွေးတိုင်းဒေသကြီး နေရာလေးခုအား နိုင်ငံတော်က သဘာဝဘေးအန္တရာယ် ကျရောက်သောဒေသများအဖြစ် တရားဝင်ထုတ်ပြန်ကြေညာလိုက်သည်ကို မြင်တွေ့ခဲ့ရသည်။

ထိုသို့ထုတ်ပြန်ကြေညာ အသိပေးလိုက်ခြင်းသည် သဘာဝဘေးအန္တရာယ်များကြောင့် ထိခိုက်ပျက်စီးမှုပမာဏကြီးမားပြီး မူလအခြေအနေသို့ ပြန်လည်ရောက်ရှိရေး ဆောင်ရွက်ရာတွင် အခက်အခဲရှိနိုင်သောနေရာဒေသများဖြစ်သောကြောင့် ကယ်ဆယ်ရေးနှင့်ပြန်လည်ထူထောင်ရေး လုပ်ငန်းများကို ပိုမိုပါဝင်ဆောင်ရွက်နိုင်ရန် အသိပေးထားခြင်းဖြစ်သည်။

လက်ရှိတွင် စစ်ကိုင်းတိုင်းဒေသကြီးမှ ရေကြီးနစ်မြုပ်နေသော ဒေသများအနက် ကလေးခရိုင်အတွင်း၌ ဆိုးရွားစွာဖြစ်ပေါ်လျက်ရှိရာ နိုင်ငံတော်က အရေးပေါ်သုံး ကယ်ဆယ်ထောက်ပံ့ရေးပစ္စည်းများကို တပ်မတော်ရဟတ်ယာဉ်များဖြင့် သယ်ယူပို့ဆောင်ထောက်ပံ့ပေးနေသည်ကို တွေ့ရသည်။

အလားတူ ရေကြီးရေလျှံမှုများနှင့် သဘာဝဘေးအန္တရာယ် ကျရောက်နေသော ပဲခူးတိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ ကရင်ပြည်နယ်နှင့် မွန်ပြည်နယ်ဒေသများတွင်လည်း အမျိုးသားသဘာဝဘေးကာကွယ်စောင့်ရှောက်ရေး ဗဟိုကော်မတီမှ ဦးဆောင်ကာ သဘာဝဘေးလုပ်ငန်းစဉ်များကို စနစ်တကျ စီမံခန့်ခွဲဆောင်ရွက်နေသည်ဟု ကြားသိရသည်။

သဘာဝဘေးစီမံခန့်ခွဲမှုလုပ်ငန်းစဉ်များဖြစ်သည့် ကယ်ဆယ်ရေး၊ ထောက်ပံ့ရေးနှင့် ပြန်လည်နေရာချထားရေးကိစ္စများကို ဆောင်ရွက်ရာတွင် သက်ဆိုင်ရာဌာန၊ အဖွဲ့အစည်းများအလိုက် အင်တိုက်အားတိုက်ဆောင်ရွက်နေသကဲ့သို့ သဘာဝဘေးကိုမခံစားရသည့် ပြည်သူများကလည်း တက်တက်ကြွကြွပူးပေါင်းပါဝင် ကူညီထောက်ပံ့ပေးနေကြသည်ကို တွေ့မြင်ရ၍ များစွာဝမ်းမြောက်မိသည်။

ထိုသို့ဆောင်ရွက်ကြရာတွင် လက်ရှိကြုံတွေ့နေရမှုများအား ရေတိုချက်ချင်းကူညီထောက်ပံ့မှုများရှိနေသကဲ့သို့ အထက်ဖော်ပြပါ ထုတ်ပြန်ထားသော သဘာဝဘေးအန္တရာယ်ကျရောက်သည့် နေရာဒေသများအနေဖြင့် မူလအခြေအနေသို့ ပြန်လည်ရောက်ရှိရန် အခက်အခဲရှိနိုင်သောကြောင့် ရေရှည်ပြန်လည်ထူထောင်ရေး လုပ်ငန်းစဉ်များတွင်လည်း အားတက်သရော ဆက်လက်ပါဝင်ဆောင်ရွက်ကြရမည်ဖြစ်သည်။

ထို့အပြင် သဘာဝဘေးဆိုသည်မှာ အချိန်အခါမရွေး ဖြစ်ပေါ်တတ်သဖြင့် သဘာဝဘေးကာကွယ်ရေးလုပ်ငန်း အဆင့်လေးဆင့်ဖြစ်သည့် သဘာဝဘေးလျော့ပါးရေးလုပ်ငန်းများ ဆောင်ရွက်ခြင်း(Reduction)၊ ကြိုတင်အသင့်ဖြစ်စေခြင်း(Readiness)၊ တုံ့ပြန်ဆောင်ရွက်ခြင်း(Reponse) နှင့် ပြန်လည်ထူထောင်ခြင်း (Reduction)အဆင့်များအားလုံးကို ကြိုတင်စီမံဆောင်ရွက်ထားရမည်ဖြစ်သည်။

ဒုက္ခရောက်သူများကို ကူညီကယ်တင်စောင့်ရှောက်ခြင်းသည် မြန်မာတို့၏ မင်္ဂလာတရားတော်အတိုင်း ဆောင်ရွက်ပေးခြင်းဖြစ်သလို လူသားချင်းစာနာထောက်ထားမှုနှင့်အညီ ကူညီဖေးမပေးခြင်းလည်းဖြစ်သည်။ ထို့ကြောင့် အဆိုပါလုပ်ငန်းစဉ်များကို ယခုဖြစ်ပွားနေစဉ်အချိန်များတွင်သာမက မဖြစ်ပွားမီ၊ ဖြစ်ပွားပြီးအချိန်များတွင်လည်း အားတက်သရော ဆက်လက်ဆောင်ရွက်ပေးရန် လိုအပ်ပါသည်။

အားနည်းသူကို ဖေးမကူညီပေးခြင်းသည် မွန်မြတ်သောလုပ်ငန်းဖြစ်သည်။ ဝမ်းနည်းဖွယ်ရာအဖြစ်ဆိုးများနှင့် ကြုံတွေ့နေရသော ဒေသခံပြည်သူများအား အခက်အခဲများကြုံတွေ့နေရသည့်ကြားမှ စိတ်ဓာတ်ခွန်အားများ ပြန်လည်တက်ကြွလာရန် ဆောင်ရွက်ပေးရမည်ဖြစ်ရာ အစိုးရအဖွဲ့အစည်းများသာမက ပြည်သူအားလုံးတွင်လည်း တာဝန်ကိုယ်စီရှိကြပါသည်။ ။

# အထွေထွေရွေးကောက်ပွဲကို ၂၀၁၅ ခုနှစ် နိုဝင်ဘာလ ၈ ရက်နေ့တွင် ကျင်းပမည်

မဲစာရင်းမှာအမည်ပါမှ မဲပေးနိုင်ကြောင်း သတိချပ်စေလိုပါသည်။ မဲစာရင်းများယွင်းမှု ရှိနေသော်လည်း မဲပေးခွင့်မဆုံးရှုံးနိုင်ပါ။ မဲပေးပိုင်ခွင့်ရှိသူ အမှန်ဖြစ်ကြောင်း တာဝန်ခံပြောကြားသူရှိလျှင် ပြင်ဆင်ရေးမှတ်၍ မဲပေးခွင့်ပြုရမည်ဟု လွှတ်တော်ရွေးကောက်ပွဲနည်းဥပဒေများ ၅၀(ဂ)တွင် အတိအလင်းပြဋ္ဌာန်းထားပါသည်။

# ဗုဒ္ဓစွယ်တော်မြတ်စေတီဝင်းအတွင်းရှိ ဥယျာဉ်တော်(၁၈)ရပ်နှင့် ဗုဒ္ဓရုပ်ပွားတော်များကိုဖူးမြော်ကာ အမှတ်တရဓာတ်ပုံရိုက်ကူးသူများပြား

**မန္တလေး ဩဂုတ် ၁**

မန္တလေးမြို့ ဗုဒ္ဓစွယ်တော်မြတ်စေတီသည် မြို့အဝင်စေတီဟုပင် ဆိုနိုင်သည်။ ကျယ်ဝန်းသော စွယ်တော်မြတ်စေတီဝင်းအတွင်းတွင် ဥယျာဉ်တော်(၁၈)ရပ်ဖြင့် ဗုဒ္ဓရုပ်ပွားတော်များစွာကို ကြည်ညိုဖွယ် ဖူးတွေ့နိုင်သည်။ နယ်စပ်တောင်တန်းဒေသနှင့် ကမ်းရိုးတန်းဒေသ ဗုဒ္ဓဘာသာသာသနာပြန့်ပွားရေး အသင်းချုပ်မှ ပုသိမ်ကြီးမြို့နယ် ဗောဓိငါးထောင်ရုပ်ပွားတော်များ၊ လားရှိုးဗောဓိ ၂၀၀၀၊ လွိုင်ကော်ဗောဓိ ၂၀၀၀၊ စစ်တွေဗောဓိ ၂၀၀၀၊ ကျောက်မဲဗောဓိ ၂၀၀၀ နှင့်အတူ မန္တလေးမြို့ ဗုဒ္ဓစွယ်တော်မြတ်စေတီတွင် ဥယျာဉ်တော်(၁၈) ရပ်ရုပ်ပွားတော်မြတ်များ ပူဇော်ထားရှိသည်။

ဥယျာဉ်တော် (၁၈)ရပ်တွင် သက်ဆိုင်ရာ အပင်အမျိုးအစားအလိုက် တစ်ပင်လျှင် ဗုဒ္ဓရုပ်ပွားတော် တစ်ဆူနှုန်း ပူဇော်ထားရှိသည်။ ကုသိုလ်ရှင်အသီးသီးမှလည်း ဥယျာဉ်သစ်ပင်နှင့် ဗုဒ္ဓရုပ်ပွားတော်မြတ်များကို လှူဒါန်းလေ့ရှိသည်။ စွယ်တော်မြတ်စေတီသို့ လာရောက်ဖူးမြော်ကြသော ဘုရားဖူးများ၊ မြို့ခံနယ်ခံများမှလည်း ဗုဒ္ဓရုပ်ပွားတော် လှူဒါန်းမှုများပြားကြောင်း သိရသည်။

ဗုဒ္ဓရုပ်ပွားတော်များတွင် အလှူရှင်၏ကမ္ပည်းများ ရေးထိုးထားသည်။ စိမ်းစိုသော သစ်ပင်ဥယျာဉ်ရိပ်တွင် ကြည်ညိုစွာ ဖူးတွေ့နေရသော ဗုဒ္ဓရုပ်ပွားတော်မြတ်များသည် ဘုရားဖူးလာ ပြည်သူအပေါင်းအား စိတ်ကြည်နူးစေကာ ကုသိုလ်စိတ်ပွားများစေသည်။ စွယ်တော်မြတ်စေတီသို့ ဘုရားဖူးလာသူများသည် ဥယျာဉ်တော်အတွင်း ဘုရားဖူးကာ အမှတ်တရဓာတ်ပုံရိုက်သူ များပြားလျက်ရှိသည်။

အချို့သော အလှူရှင်များမှာ မိမိတို့လှူဒါန်းထားသော ရုပ်ပွားတော်မြတ်များကို လာရောက်ဖူးမြော်ရင်း ပန်းကပ်ခြင်းများလည်း ပြုလုပ်ကြောင်း သိရသည်။ လက်ရှိကာလတွင် ဗုဒ္ဓစွယ်တော်မြတ်စေတီသို့ ဘုရားဖူးလာသူတိုင်း စိမ်းစိုနေသော ဥယျာဉ်တော်အတွင်း ဘုရားဖူးရင်း အမှတ်တရ ဓာတ်ပုံရိုက်ကူးသူ များပြားလျက်ရှိကြောင်း သိရသည်။

**တိမ်တမန်**

# ကောလင်း-ဥက္ကံသွားလမ်းပေါ်ရှိ ယားတောင်ကျေးရွာအနီး ချောင်းကူးတံတားတည်ဆောက်

**ကောလင်း ဩဂုတ် ၁**

စစ်ကိုင်းတိုင်းဒေသကြီး ကောလင်းမြို့နယ် ကောလင်း-ဥက္ကံသွားလမ်းပေါ်ရှိ ယားတောင်ကျေးရွာအနီး ချောင်းကူးတံတားသည် ဇူလိုင် ၁၆ ရက်က မိုးသည်းထန်စွာရွာသွန်းပြီး



ရေတိုက်စားမှုကြောင့် ပျက်စီးခဲ့သဖြင့် ဇူလိုင် ၂၈ ရက်က ကောလင်းမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနမှ အမြန်ဆုံး ပြုပြင်ဆောင်ရွက်လျက်ရှိရာ ဇူလိုင် ၃၁ ရက်တွင် တံတားပြီးစီးခဲ့ပြီး ကောလင်းမှ ရွှေတွင်းကျေးရွာသို့ (၁၀)တန်အောက်ယာဉ်များ သွားလာနိုင်ပြီဖြစ်သည်။

တံတားမှာ အလျားပေ ၅၀၊ အနံ ၁၃ ပေရှိ သံပေါင် ဘေလီတံတားဖြစ်ပြီး ပြည်သူများ အဆင်ပြေစွာ သွားလာနိုင်ပြီဖြစ်ကြောင်း သိရသည်။

**မျိုးလွင်(ပင်လည်ဘူး)**

**မုန်တိုင်းအန္တရာယ် သတိပြု ကာကွယ်**



ကြေးမုံ နေ့စဉ်သတင်းစာ

**စာတည်းမှူးချုပ်** - ဦးခင်မောင်ကျော်ဒင်
**စာတည်းများ** - ဦးလှစိန်၊ ဦးဝင်းနိုင်၊ ဦးစိုးစိုးနိုင်၊ ဦးစန်းအောင်
**သတင်းထောက်မှူး** - ဦးဌေးအောင်
**ဘာသာပြန်စာတည်းများ** - ဦးအောင်ထိန်၊ ဦးဇော်ဝင်း၊ အေဝမ်းစိုး၊ အောင်ကျော်ကျော်
**အနုပညာစာတည်း** - ခင်ခင်သက်
**အားကစားစာတည်း** - မေလှဲ့သင်း
**ဆောင်းပါးစာတည်း** - စန္ဒာဝင်း
**အကြီးတန်းသတင်းထောက်များ** - ဟိန်းထက်လင်း၊ နိုင်လင်းကြည်၊ ဖြိုးစန္ဒာမြင့်
**အငယ်တန်းသတင်းထောက်များ** - သီသီမင်း၊ အောင်ကျော်ဦး၊ ခင်ဇာလီ၊ သန့်ဇင်ဝင်း၊ မေသကြိန်၊ အေးအေးမြင့်၊ ခင်စုစုလှိုင်
**ဓာတ်ပုံသတင်းထောက်** - ခင်မောင်ဝင်း၊ ဇေယျာဝင်း(ဖိုးခွား)
**အထူးသတင်းထောက်** - စုနှင်းလဲ့၊ သီရိ

## ပြည်တွင်းရေးရာ



နိုင်ငံတော်သမ္မတ ဦးသိန်းစိန်နှင့် ဒုတိယသမ္မတ ဦးညဏ်ထွန်းတို့ ကလေးမြို့ အမှတ်(၄)ရေဘေးကယ်ဆယ်ရေးစခန်းရှိ ရေဘေးသင့်ပြည်သူများအား တွေ့ဆုံအားပေးစကားပြောကြားစဉ်။ (သတင်းစဉ်)

☆ နိုင်ငံတစ်ဝန်းမှ

ကလေးခရိုင် အုပ်ချုပ်ရေးမှူး ဦးမောင်ထူးနှင့် မြို့မိမြို့ဖတစ်ဦးတို့က ကလေးခရိုင်အတွင်း ရေကြီးနစ်မြုပ်မှုအခြေအနေများနှင့် ကယ်ဆယ်ရေးစခန်း ဖွင့်လှစ်ဆောင်ရွက်ထားရှိမှု အခြေအနေများအား ရှင်းလင်းတင်ပြရာ နိုင်ငံတော်သမ္မတက ဆောင်ရွက်ရမည့် လုပ်ငန်းများကို အသေးစိတ်မှာကြားသည်။

ယင်းနောက် နိုင်ငံတော်သမ္မတနှင့် အဖွဲ့ဝင်များသည် အမှတ်(၃)အခြေခံပညာ အထက်တန်းကျောင်းအတွင်းရှိ အမှတ်(၁) ရေဘေးကယ်ဆယ်ရေးစခန်း၊ အမှတ်(၅) အခြေခံပညာ အထက်တန်းကျောင်းအတွင်းရှိ အမှတ်(၂) ရေဘေးကယ်ဆယ်ရေးစခန်း၊ အမှတ်(၂) အခြေခံပညာ အထက်တန်းကျောင်းအတွင်းရှိ အမှတ်(၃) ရေဘေးကယ်ဆယ်ရေးစခန်း၊ အမှတ်(၄)အခြေခံပညာ အလယ်တန်းကျောင်းအတွင်းရှိ အမှတ်(၄)ရေဘေးကယ်ဆယ်ရေးစခန်း၊ အမှတ်(၃) အခြေခံပညာ အလယ်တန်းကျောင်းအတွင်းရှိ အမှတ်(၅)ရေဘေးကယ်ဆယ်ရေးစခန်းများရှိ ရေဘေးသင့်ပြည်သူများအား ကြည့်ရှုအားပေးပြီး ကလေးမြို့ ကလေးဝလမ်းရှိအထွေထွေရောဂါကု ဆေးရုံကြီးအနီး ရေကြီးရေလျှံနေမှုအား ကြည့်ရှုသည်။

စစ်ကိုင်းတိုင်းဒေသကြီး ကလေးမြို့ရှိ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ မြို့မိမြို့ဖများနှင့် တွေ့ဆုံရာတွင်လည်းကောင်း၊ ကယ်ဆယ်ရေးစခန်းများမှ ရေဘေးသင့်ပြည်သူများနှင့် တွေ့ဆုံအားပေးရာတွင်လည်းကောင်း နိုင်ငံတော်သမ္မတက ပြောကြားရာတွင် ကလေးခရိုင်အတွင်း နှစ်ပေါင်းတစ်ရာကျော်အတွင်း မကြုံစဖူး ရေလွှမ်းမိုးမှုဖြစ်စဉ် ပေါ်ပေါက်ခဲ့ခြင်းကြောင့် မိမိကိုယ်တိုင်လာရောက်ကူညီအားပေးခြင်းဖြစ်ကြောင်း၊ ပြီးခဲ့သည့်နှစ်ရက်တွင် ရာသီဥတုဆိုးရွားမှုကြောင့် လေယာဉ်၊ ရဟတ်ယာဉ်များ ဆင်းသက်နိုင်ခြင်းမရှိကြောင်း၊ ယနေ့ရာသီဥတုကောင်းမွန်သည်နှင့် မိမိတို့ကိုယ်တိုင် လာရောက်ခဲ့ခြင်းဖြစ်ပါကြောင်း၊ သဘာဝဘေးဒဏ်ကျရောက်ချိန်တွင် ပထမဦးစားပေး ဆောင်ရွက်ရမည့်လုပ်ငန်းမှာ အသက်ရှင်နိုင်ရေးအတွက် ဘေးလွတ်ရာသို့ ကယ်ဆယ်ရွှေ့ပြောင်းပေးရန် ဖြစ်ကြောင်း၊ ထိုလုပ်ငန်းကို အတိုင်းအတာတစ်ခုထိ ဆောင်ရွက်နိုင်ခဲ့ပြီးဖြစ်ကြောင်း၊ သို့သော် ကျန်ရှိနေသောသူများကိုလည်း ဘေးလွတ်ရာသို့ ရွှေ့ပြောင်းပေးရမည်ဖြစ်ကြောင်း၊ ကလေးဒေသတွင် လှေလုံလောက်စွာမရှိသည့်အတွက် တပ်မတော်မှ လှေများ ပို့ဆောင်ပေးနေသကဲ့သို့ အခြားဒေသများမှလှေများလည်း ပို့ဆောင်ပေးမည်ဖြစ်ကြောင်း။

ဒုတိယ လုပ်ငန်းစဉ်အဖြစ် ဘေးလွတ်ရာ ဒုက္ခသည်စခန်းများသို့ ရောက်ရှိနေသူများကို စားဝတ်နေရေး၊ ကျန်းမာရေးအဆင်ပြေအောင် ဆောင်ရွက်ပေးရန်ဖြစ်ကြောင်း၊ မြို့ပေါ်ရှိ စေတနာရှင်များ၊ ဘာသာရေးအဖွဲ့အစည်းများ၊ လူမှုရေးအဖွဲ့အစည်းများနှင့် တပ်မတော်အပါအဝင် ဌာနဆိုင်ရာများက ကူညီပံ့ပိုးဆောင်ရွက်ပေးရန်လိုကြောင်း၊ စခန်းများသို့ မရောက်ဘဲ နီးစပ်ရာနေရာများတွင် ခိုလှုံနေသူများကိုလည်း စာရင်းကောက်ယူထောက်ပံ့ပေးရန် လိုကြောင်း၊ ကလေးဒေသတွင် တပ်မတော်မှ အရန်ဆန်စပါးတင်း တစ်သိန်းသုံးသောင်းကျော်ရှိသဖြင့် ကြိတ်ခွဲပြီး ထောက်ပံ့ပေးမည်ဖြစ်ကြောင်း၊ ထို့ပြင် မုံရွာမှ လေယာဉ်ဖြင့်လည်း တင်ပို့ပေးမည်ဖြစ်ကြောင်း၊ လက်ရှိအခြေအနေတွင် ဒေသတွင် ဝယ်ယူရရှိနိုင်သည့် အဝတ်အထည်များကို ဝယ်ယူထောက်ပံ့ပေးရန်နှင့် နိုင်ငံတော်မှ လိုအပ်သည့်ငွေကြေးများကို ထောက်ပံ့ပေးမည်ဖြစ်ကြောင်း။

တတိယလုပ်ငန်းစဉ်အဖြစ်ပြန်လည်ထူထောင်ရေးလုပ်ငန်းများ ဆောင်ရွက်ရန်ဖြစ်ကြောင်း၊ ထိုသို့ဆောင်ရွက်ရာတွင် ရေတိုဆောင်ရွက်ရမည့်လုပ်ငန်းများ၊ ရေရှည်ဆောင်ရွက်ရမည့်လုပ်ငန်းများကို ခွဲခြားဆောင်ရွက်ရန်ဖြစ်ကြောင်း၊ နေအိမ်များ ပြန်လည် ဆောက်လုပ်နိုင်ရန်၊ ဆက်သွယ်ရေးလမ်းကြောင်းများ ပြန်လည်ဖွင့်လှစ်နိုင်ရန်၊ စာသင်ကျောင်းများ ပြန်လည်ဖွင့်လှစ်နိုင်ရန်၊ ကျောင်းသားကျောင်းသူများအတွက် လိုအပ်သော စာအုပ်စာတမ်းများ ပြန်လည်ဖြည့်ဆည်းပေးရန်၊ နောက်ဆက်တွဲရောဂါများ မဖြစ်ပေါ်စေရန်အတွက် ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ပေးရန်တို့ကို ဦးစားပေးဆောင်ရွက်လိုကြောင်း၊ ပျက်စီးသွားသော လယ်ယာမြေများ ပြန်လည်ဖော်ထုတ်ရန်၊ စိုက်ပျိုးမွေးမြူရေးလုပ်ငန်းများ ဆောင်ရွက်ရန်အတွက် ရေရှည်စီမံချက်ဖြင့် ဆောင်ရွက်သွားရန်လိုကြောင်း။

ရေကျပြီးနောက် မိမိတို့ကျေးရွာများသို့ ပြန်သွားချိန်တွင် လိုအပ်မည့် ရိက္ခာ၊ မျိုးစပါးစသည်များကိုတွက်ချက်ထောက်ပံ့ပေးရန် လိုကြောင်း၊ တိုင်းဒေသကြီး အစိုးရအနေဖြင့် လိုအပ်သည့် ငွေကြေးပမာဏကို တွက်ချက်တင်ပြရန်နှင့် ပြည်ထောင်စုအစိုးရအနေဖြင့် လိုအပ်သမျှပံ့ပိုးပေးမည်ဖြစ်ကြောင်း၊ စစ်ကိုင်းတိုင်းဒေသကြီးနှင့် ဆက်စပ်နေသည့် ချင်းပြည်နယ်တွင်လည်း တောင်ပြိုမှုများဖြစ်နေသဖြင့် ဆက်သွယ်ရေးလမ်းကြောင်းပွင့်အောင် အမြန်ဆောင်ရွက်ပြီး ဆန်နှင့်ရိက္ခာများ အမြန်ပေးပို့ရန် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ မိမိတို့အနေဖြင့် ကလေးခရိုင်အတွက်သာမက နိုင်ငံတစ်ဝန်းရှိသဘာဝဘေးဒဏ်ခံစားနေရသည့် ပြည်သူများကို အစွမ်းကုန် ကူညီသွားမည်ဖြစ်ကြောင်းဖြင့် မှာကြားသည်။



နိုင်ငံတော်သမ္မတ ဦးသိန်းစိန်နှင့် ဒုတိယသမ္မတ ဦးညဏ်ထွန်းတို့ ကလေးမြို့ အမှတ်(၅)ရေဘေးကယ်ဆယ်ရေးစခန်းရှိ ရေဘေးသင့်ပြည်သူများအား တွေ့ဆုံအားပေးစကားပြောကြားစဉ်။ (သတင်းစဉ်)

အဆိုပါကယ်ဆယ်ရေးစခန်း ငါးခု၌ ရေဘေးသင့်ပြည်သူ ၈၁၈၇ ဦး ခိုလှုံလျက်ရှိပြီး နိုင်ငံတော်သမ္မတ ရောက်ရှိစဉ် ရေဘေးသင့်ပြည်သူများအတွက် အမျိုးသားလုံချည် အထည် ၁၁၂၀၊ အမျိုးသမီးလုံချည်အထည် ၁၅၀၀၊ တီရှပ်အထည် ၁၅၀၀၊ မျက်နှာသုတ်ပဝါ အထည် ၁၁၅၀၊ စောင်အထည် ၁၀၀၀၊ ခေါက်ဆွဲခြောက်ဖာ ၅၀၀၊ ရေသန့်ဘူး ၁၁၁၀ နှင့် ဆေးမျိုးစုံ သေတ္တာ ၂၀ တို့အား ပေးအပ်လှူဒါန်းခဲ့ကြောင်း သိရသည်။

**(သတင်းစဉ်)**

# ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ဗုဒ္ဓဂယာရှိ သတ္တဌာနဘုရားများ ဖူးမြော်

နေပြည်တော် ဩဂုတ် ၁

**အိန္ဒိယသမ္မတနိုင်ငံ၌ ချစ်ကြည်ရေးခရီးရောက်ရှိနေသော တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်နှင့်အဖွဲ့သည် ဇူလိုင် ၃၁ ရက် ဒေသစံတော်ချိန် နံနက် ၅ နာရီတွင် ဂယာမြို့ရှိ မဟာဗောဓိစေတီတော်အား ဖူးမြော်ကြည်ညိုပြီး မဟာဗောဓိညောင်ပင်၌ ဗုဒ္ဓရုပ်ပွားတော်မြတ်များကို ဗုဒ္ဓဂယာမြန်မာကျောင်းမှသံဃာတော်များက အနေကဇာတင်ပူဇော်ကြကာ မဟာဗောဓိညောင်ပင်ကို ရေချမ်းသွန်းလောင်းကုသိုလ်ပြုကြသည်။**

ဆက်လက်၍ နံနက် ၈ နာရီခွဲတွင် စေတီတော်အတွင်းရှိ ဗုဒ္ဓရုပ်ပွားတော်များအား ဝါဆိုသင်္ကန်းများ ဆက်ကပ်လှူဒါန်းပြီး ဗုဒ္ဓဂယာဥယျာဉ်တော်အတွင်းရှိ သတ္တဌာနဘုရားများကို လှည့်လည်ဖူးမြော်ကြည်ညိုသည်။

ယင်းနောက် ဗုဒ္ဓဂယာ ထိန်းသိမ်းစောင့်ရှောက်ရေးကော်မတီရုံးခန်းတွင် မဟာဗောဓိစေတီတော်မြတ်အတွက် အလှူငွေများ စုပေါင်းလှူဒါန်းကာ ဧည့်သည်တော်မှတ်တမ်းစာအုပ်တွင် လက်မှတ်ရေးထိုးသည်။

ဆက်လက်၍ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့်အဖွဲ့ဝင်များသည် နံနက် ၁၀ နာရီတွင် ဂယာမြို့ရှိ မြန်မာဘုန်းတော်ကြီးကျောင်းသို့ သွားရောက်ကြပြီး ဆရာတော်များအား ဝါဆိုသင်္ကန်းဆက်ကပ်လှူဒါန်းကြသည်။

ထို့နောက် မွန်းလွဲ ၂နာရီ တွင် ဗာရာဏသီမြို့ရှိ ဓမ္မရာဇိကစေတီတော်နေရာသို့ ရောက်ရှိပြီး မိဂဒါဝုန် ဆေးဝက်ဘာ မြန်မာဘုန်းတော်ကြီးကျောင်း ဆရာတော် ဒေါက်တာအရှင်မဏ္ဍာလနှင့်အတူ စေတီတော်ကို ဖူးမြော်ခြင်း၊ စေတီတော်၏ ပိန္နဲတိုင်နေရာတွင် ရွှေသင်္ကန်းကပ်လှူခြင်း၊ မိဂဒါဝုန် ရခိုင်ကျောင်းတိုက်အတွက် ကြေးဆင်းတုတော်တစ်ဆူ ဆက်ကပ်လှူဒါန်းခြင်းတို့ကိုဆောင်ရွက်ပြီး ဓမ္မေခစေတီတော်ကို ဖူးမြော်ကြည်ညိုသည်။

ယင်းနောက် မူလဂန္ဓကုဋိဓာတ်တော်တိုက်၌ မိဂဒါဝုန်မြန်မာဘုန်းတော်ကြီးကျောင်းမှ ဆရာတော်သံဃာတော်များအား ဝါဆိုသင်္ကန်း၊ လှူဖွယ်ပစ္စည်းများနှင့် ဝတ္ထုငွေများ ဆက်ကပ်လှူဒါန်းသည်။

(မြဝတီ)



# ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် မြန်မာနိုင်ငံသို့ ပြန်လည်ရောက်ရှိ စစ်တွေမြို့တွင် ရေဘေးသင့်ပြည်သူများအား တွေ့ဆုံအားပေး



နေပြည်တော် ဩဂုတ် ၁

**တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်နှင့် အဖွဲ့သည် ဂယာမြို့ Officer Training Academy သို့ ယနေ့ နံနက်ပိုင်းတွင်ရောက်ရှိရာ ကျောင်းအုပ်ကြီး Lt. General R K Sharma SM နှင့် တာဝန်ရှိသူများက ကျောင်းနှင့်ပတ်သက်၍ ရှင်းလင်းတင်ပြသည်။**

ဆက်လက်၍ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့် အဖွဲ့ဝင်များသည် ဗိုလ်သင်တန်းကျောင်း Sport Medicine Centre၊ စစ်ရေးပြကွင်း၊ ဗိုလ်လောင်းအိပ်ဆောင်၊ စားရိပ်သာဆောင်တို့ကို လှည့်လည်ကြည့်ရှုလေ့လာကြပြီး ဂယာမြို့မှ ကိုးလ်ကတ္တားမြို့သို့ ဆက်လက်ထွက်ခွာသည်။

ဆက်လက်၍ ကိုးလ်ကတ္တားမြို့မှတစ်ဆင့် ထွက်ခွာရာ မြန်မာနိုင်ငံ စစ်တွေမြို့ လေဆိပ်သို့ ညနေပိုင်းတွင် ရောက်ရှိရာ ရခိုင်ပြည်နယ်ဝန်ကြီးချုပ် ဦးမောင်မောင်အုန်း၊ ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)မှ ဒုတိယဗိုလ်ချုပ်ကြီး လှမင်း၊ အနောက်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်အောင်လင်းဒွေးနှင့် တာဝန်ရှိသူများက ကြိုဆိုကြသည်။

ထို့နောက် စစ်တွေမြို့ ဦးဥတ္တမခန်းမတွင် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်က ရေဘေးသင့်ပြည်သူ ၄၀၀ အား တွေ့ဆုံအားပေးစကားပြောကြားကာ တပ်မတော်နှင့် အစိုးရဌာနဆိုင်ရာများ၊ လုပ်ငန်းရှင်ပြည်သူများက ထောက်ပံ့လှူဒါန်းသော အလှူငွေကျပ်သိန်း ၂၅၀၀၊ ဆန် အိတ် ၇၀၀၊ စားသောက်ဖွယ်ရာများ၊ အဝတ်အထည်များနှင့် အခြားထောက်ပံ့ပစ္စည်းများ ပေးအပ်သည်။

ဩဂုတ် ၂ ရက်တွင် တပ်မတော်လေယာဉ်ဖြင့် ရော်ဘာစက်လှေများနှင့် အခြားကယ်ဆယ်ရေးပစ္စည်းများ၊ ထောက်ပံ့ပစ္စည်းများ၊ နယ်လှည့်ဆေးကုသရေးအဖွဲ့နှင့် ဆေးဝါးများ ထပ်မံပို့ဆောင်သွားမည်ဖြစ်ပြီး ကယ်ဆယ်ရေးနှင့် သယ်ယူပို့ဆောင်ရေးလုပ်ငန်းများ ဆောင်ရွက်ရန် တပ်မတော်ရဟတ်ယာဉ် နှစ်စင်းကိုလည်း ပို့ဆောင်ပေးမည်ဖြစ်ကြောင်း သိရသည်။

(မြဝတီ)

**တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် စစ်တွေမြို့ ဦးဥတ္တမခန်းမတွင် ရေဘေးသင့်ပြည်သူများအား အားပေးစကားပြောကြားစဉ်။** (မြဝတီ)

# အိန္ဒိယနိုင်ငံ ကောင်စစ်ဝန်၊ စစ်ကိုင်းတိုင်းဒေသကြီးလွှတ်တော်ဥက္ကဋ္ဌနှင့် ဇနီးတို့က ကန့်ဘလူမြို့နယ်ရှိ ရေဘေးသင့်ပြည်သူများအတွက် အလှူငွေနှင့်ပစ္စည်းများ လာရောက်လှူဒါန်း

**ကန့်ဘလူ ဩဂုတ် ၁**

အိန္ဒိယနိုင်ငံ ကောင်စစ်ဝန် Dr.N.Nanda Kumar သည် ဩဂုတ် ၁ ရက် ညနေ ၃ နာရီ က ကန့်ဘလူမြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမတွင် ကန့်ဘလူမြို့နယ်မှ ရေဘေးသင့်ပြည်သူများအား တွေ့ဆုံပြီး အားပေးစကားပြောကြားသည်။

အစီအစဉ်အရ မြို့နယ်စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌက မြို့နယ်အတွင်း ရေကြီးနစ်မြုပ်မှု၊ ကူညီထောက်ပံ့မှု၊ ပြုပြင်တည်ဆောက်မှုအခြေအနေများကို ရှင်းလင်းတင်ပြပြီး တိုင်းဒေသကြီးလွှတ်တော်ဥက္ကဋ္ဌက သဘာဝဘေးအန္တရာယ်ကြုံတွေ့ရမှု၊ ပြုပြင်ထိန်းသိမ်းဆောင်ရွက်မှုများနှင့် ပတ်သက်၍ ပြောကြားသည်။

ဆက်လက်၍ အိန္ဒိယနိုင်ငံ ကောင်စစ်ဝန်က နှုတ်ခွန်းဆက်ပြောကြားပြီး ကန့်ဘလူမြို့နယ် ရေဘေးကယ်ဆယ်ရေးပစ္စည်း အလှူလက်ခံဌာန ပိတောက်သီဂီခန်းမတွင် အိန္ဒိယနိုင်ငံ ကောင်စစ်ဝန်ချုပ်ရုံးက ငွေကျပ် သိန်း ၂၀ တန်ဖိုးရှိ ဆန်၊ ရေသန့်ဘူး၊ အဝတ်အိတ်၊ အဝတ်ဖာ၊ ဖိနပ်အိတ်၊ မုန့်ဖာ၊ မိုးကာလိပ်၊ ဒန်အိုး၊ မုန့်ဖာသေးနှင့် ဆေးဝါးပစ္စည်းများ၊ အိန္ဒိယနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ်(မန္တလေး)က ငွေကျပ်ငါးသိန်း၊ တိုင်းဒေသကြီး လွှတ်တော်ဥက္ကဋ္ဌနှင့် ဇနီး မိသားစုက ငွေကျပ် သုံးသိန်း ထောက်ပံ့လှူဒါန်းရာ တာဝန်ရှိသူများက လက်ခံရယူခဲ့ကြောင်း သိရသည်။

**အောင်ဝင်းငြိမ်း(ကန့်ဘလူ)**

# ရေနံချောင်းမြို့နယ်တွင် ဧရာဝတီမြစ်ရေဝင်ရောက်မှုကြောင့် ကယ်ဆယ်ရေးလုပ်ငန်းများဆောင်ရွက်လျက်ရှိ

**ရေနံချောင်း ဩဂုတ် ၁**

မကွေးတိုင်းဒေသကြီး ရေနံချောင်းမြို့နယ် သူဌေးကုန်းကျေးရွာနှင့် ပွင့်ဖြူမြို့နယ် ငါးခြောက်ကုန်းကျေးရွာ၊ မြင်းခြံခုံကျေးရွာ၊ ပေါက်ကုန်းကျေးရွာတို့တွင် ဩဂုတ် ၁ ရက်က ဧရာဝတီမြစ်ရေမြင့်တက်မှုကြောင့် လူနေအိမ်အချို့ ရေနစ်မြုပ်မှုများဖြစ်ပေါ်လျက်ရှိသည်။

အဆိုပါ ရေနစ်မြုပ်ရာ ကျေးရွာများသို့ မကွေးခရိုင်အုပ်ချုပ်ရေးမှူး၊ ရေနံချောင်းမြို့နယ် အုပ်ချုပ်ရေးမှူး၊ မြို့နယ်ရဲတပ်ဖွဲ့၊ မီးသတ်တပ်ဖွဲ့နှင့် ကြက်ခြေနီတပ်ဖွဲ့ဝင်များက ရေမင်း(၂)ဇက်ရေယာဉ်ဖြင့် ရေဘေးသင့်ဒေသရှိပြည်သူများနှင့် တိရစ္ဆာန်(နွား)များကို ရေနံချောင်းမြို့နယ် ဆားတိုင်ကျေးရွာဘုန်းတော်ကြီးကျောင်းဝင်းအတွင်း ရွှေ့ပြောင်းကယ်ဆယ်ခြင်းလုပ်ငန်းများ ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**(မြို့နယ်ပြန်/ဆက်)**



# ဟားခါးမြို့ပေါ်ရှိ ရန်းတောင်မြေပြိုမှုဖြစ်ပွား

**ဟားခါး ဩဂုတ် ၁**

ဟားခါးမြို့အပေါ်ဘက်ရှိ ပေ ၇၀၀၀ ကျော်မြင့်သော ရန်းတောင်သည် ဇူလိုင် ၃၁ ရက် မွန်းလွဲ ၁ နာရီမှစတင်ပြီး မြေပြိုမှုများဖြစ်ပွားခဲ့ရာ ဩဂုတ် ၁ ရက်နံနက် ၉ နာရီအထိ ပြိုကျမှုများ ဆက်လက်ဖြစ်ပေါ်လျက်ရှိသည်။

ထိုကဲ့သို့ မြေသားများပြိုကျမှုကြောင့် ဟားခါးမြို့ရှိ ဈေးဟောင်းရပ်ကွက်၊ မြို့ဟောင်းရပ်ကွက်၊ ပြည်တော်သာရပ်ကွက် ၊ ဈေးသစ်ရပ်ကွက်နှင့် ကျောဘုတ်ရပ်ကွက်နေ ပြည်သူများအတွက် အန္တရာယ်ရှိနိုင်သဖြင့် ဘေးလွတ်ရာ မြို့သစ်ရပ်ကွက်ရှိ အထက(၂)ခန်းမသို့ လည်းကောင်း၊ ခုတင်(၂၀၀)ဆံ့ ပြည်သူ့ဆေးရုံကြီးကို အစိုးရစက်မှုလက်မှုသိပ္ပံကျောင်းသို့လည်းကောင်း၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ရုံး ပြည်နယ်/မြို့နယ်ရဲတပ်ဖွဲ့မှူးရုံးများကို ခရိုင်ရဲတပ်ဖွဲ့မှူးရုံးသို့လည်းကောင်း၊ မြို့မကျောင်းရှိ ကျောင်းထိုင်ဘုန်းကြီးကျောင်းနှင့် သံဃာတော်များ၊ သီလရှင်များကို ဝန်ကြီးများအိမ်ရာသို့လည်းကောင်း၊ ကျောဘုတ်ရပ်ကွက်နေ ပြည်သူများအား ဓမ္မတက္ကသိုလ်သို့ လည်းကောင်း စုစုပေါင်း အိမ်ထောင်စု ၂၇၀၀ ခန့် လူဦးရေ ၂၀၀၀၀ ကျော်တို့ကို ရွှေ့ပြောင်းခြင်းများ ဆောင်ရွက်လျက်ရှိသည်။

ထို့ပြင် ဌာနဆိုင်ရာရုံးများမှ အရေးကြီးစာရွက်စာတမ်းများကို ပြည်နယ်အစိုးရရုံးသစ်ရှိ သက်ဆိုင်ရာဝန်ကြီးများခန်းမသို့ ရွှေ့ပြောင်းခြင်း၊ မြန်မာ့အသံနှင့် ရုပ်မြင်သံကြား ထပ်ဆင့်လွှင့်စက်ရုံတွင်းရှိ ပစ္စည်းများရွှေ့ပြောင်းနိုင်ခြင်းမရှိဘဲ ရုပ်မြင်သံကြား ထပ်ဆင့်လွှင့်စက်ရုံမှ ဝန်ထမ်း သုံးဦးနှင့် ၎င်းတို့မိသားစုဝင်များ၊ ပုံနှိပ်ရုံးဟောင်းနှင့် ပြန်/သံရုံးဟောင်းတို့တွင် နေထိုင်ကြသည့် ရုံးဝန်ထမ်း ခြောက်ဦးနှင့် မိသားစုဝင်များကို ပြည်နယ်ပြန်/ဆက်ရုံးသို့ ရွှေ့ပြောင်းခြင်းတို့ ဆောင်ရွက်လျက်ရှိသည်။

အဆိုပါ ကူညီကယ်ဆယ်ရေးနှင့် ရွှေ့ပြောင်းရေးလုပ်ငန်းများကို ချင်းပြည်နယ် ဝန်ကြီးချုပ် ဦးဟုန်းငိုင်း ဦးဆောင်သော တာဝန်ရှိသူများက ကြီးကြပ်ဆောင်ရွက်လျက်ရှိကြောင်း သတင်းရရှိသည်။ **(ပြည်နယ်ပြန်/ဆက်)**

# ဆေးရုံများဖွံ့ဖြိုးတိုးတက်လာမှုနှင့် အခမဲ့ဆေးဝါးကုသပေးမှုများကြောင့် ပြည်သူများက ဆေးရုံများအပေါ် ပိုမိုယုံကြည်အားကိုးလာ

**နေပြည်တော် ဩဂုတ် ၁**

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဒုတိယသမ္မတ ဒေါက်တာစိုင်းမောက်ခမ်းသည် တာဝန်ရှိသူများနှင့်အတူ ယနေ့နံနက် ၉ နာရီခွဲတွင် မြန်မာအမျိုးသားလေကြောင်းလိုင်းဖြင့် ပြင်ဦးလွင်မြို့သို့ရောက်ရှိရာ မန္တလေးတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးရဲမြင့်နှင့် တာဝန်ရှိသူများက အနီးစခန်းလေဆိပ်၌ ကြိုဆိုနှုတ်ဆက်ကြသည်။

ထို့နောက် ဒုတိယသမ္မတနှင့်အဖွဲ့ဝင်များသည် ပြင်ဦးလွင်မြို့ရှိ ခုတင်(၃၀၀)ဆံ့ အထွေထွေရောဂါကု ဆေးရုံကြီးသို့ရောက်ရှိပြီး ဆေးရုံအစည်းအဝေးခန်းမ၌ ဆေးရုံဝန်ထမ်းများနှင့်တွေ့ဆုံသည်။

ထိုသို့တွေ့ဆုံစဉ် ဆေးရုံအုပ်ကြီးက ဆေးရုံဆိုင်ရာအချက်အလက်များ၊ ကျန်းမာရေးစောင့်ရှောက်မှုအခြေအနေများ၊ ဆက်လက်ဆောင်ရွက်မည့် လုပ်ငန်းအစီအစဉ်များနှင့် အထွေထွေလိုအပ်ချက်များကို ရှင်းလင်းတင်ပြသည်။

ထို့နောက် ဒုတိယသမ္မတက ဆေးရုံဝန်ထမ်းများ၏ အရည်အသွေးပိုင်းဆိုင်ရာ လိုအပ်ချက်များ၊ အခြေခံလိုအပ်ချက်များနှင့် ဆေးရုံဆိုင်ရာ လိုအပ်ချက်များကိုသိရှိပြီး လိုအပ်သည်များကို အတတ်နိုင်ဆုံး ဖြည့်ဆည်းဆောင်ရွက်ပေးရန် လာရောက်ခြင်းဖြစ်ပါကြောင်း။

ဒီမိုကရေစီအစိုးရလက်ထက်တွင် ဆေးရုံများဖွံ့ဖြိုးတိုးတက်လာမှုနှင့် အခမဲ့ ဆေးဝါးကုသပေးမှုများကြောင့် ပြည်သူများက ဆေးရုံများအပေါ် ပိုမိုယုံကြည်အားကိုးလာပြီး ဆေးရုံတက်ရောက်ကုသသူများ ယခင်ထက် ပိုမိုများပြားလာသည်ကို တွေ့ရပါကြောင်း၊ ထို့ကြောင့် အစိုးရအနေဖြင့် ဆေးရုံများ ဖွံ့ဖြိုးတိုးတက်ရေး၊ ဆေးရုံဝန်ထမ်းများ၏ အရည်အသွေးပိုင်းဆိုင်ရာ တိုးတက်ရေးနှင့် အခြားလိုအပ်ချက်များကို အတတ်နိုင်ဆုံးဖြည့်ဆည်းဆောင်ရွက်ပေးလျက်ရှိပါကြောင်း။

ထို့ပြင် ဆေးရုံတက်ရောက်ကုသသူများ တစ်နှစ်ထက်တစ်နှစ် ပိုမိုများပြားလာသည့်အတွက် နိုင်ငံတစ်ဝန်းရှိ ဆေးရုံများကိုလည်း တိုးချဲ့တည်ဆောက်ပေးလျက်ရှိပါကြောင်း၊ ထို့ကြောင့် ဒေသအလိုက်ဆေးရုံများ တိုးချဲ့တည်ဆောက်ရာတွင် နောင်ဖြစ်ပေါ်လာမည့် အနာဂတ်အခြေအနေများကို ထည့်သွင်းစဉ်းစား၍ Master Plan ကို စနစ်တကျရေးဆွဲပြီး ဆောင်ရွက်ရန်လိုအပ်သကဲ့သို့ အဆောက်အအုံများ ဆောက်လုပ်ရာတွင်လည်း ရေရှည်ကိုမျှော်မှန်းတွက်ချက်ပြီး ဆောက်လုပ်ရန်လိုအပ်ပါကြောင်း။

ထို့အတူ ဆေးရုံဝန်ထမ်းများအနေဖြင့်လည်း မိမိတို့ဆေးရုံများအပေါ် အမှန်တကယ်ယုံကြည်အားကိုး၍ လာရောက်ကုသသူ ပြည်သူအားလုံးကို မိမိတို့ဆေးရုံ၌ ကုသပေးနိုင်သည်များကို မိမိတို့ဆေးရုံ၌ပင် ထိထိရောက်ရောက်ကုသပေးနိုင်ရေးအတွက် ဝိုင်းဝန်းကြိုးစားဆောင်ရွက်ကြရန် လိုအပ်ပါကြောင်း ပြောကြားသည်။

ယင်းနောက် ဒုတိယသမ္မတသည် ဆရာဝန်၊ သူနာပြုများ၏ ရုံးအဆောက်အအုံ၊ ဝန်ထမ်းအိမ်ရာ၊ ဝန်ထမ်းအင်အား၊ လျှပ်စစ်မီးနှင့် သောက်သုံးရေ



လိုအပ်မှု တင်ပြချက်များအပေါ် ပေါင်းစပ်ညှိနှိုင်းဖြည့်ဆည်း ဆောင်ရွက်ပေးပြီး တက်ရောက်လာသူများအား ရင်းရင်းနှီးနှီးတွေ့ဆုံနှုတ်ဆက်သည်။

ထို့နောက် ဒုတိယသမ္မတသည် ဆေးရုံအတွင်း လှည့်လည်ကြည့်ရှုစစ်ဆေးပြီး ဆေးဝါးကုသမှုခံယူနေသူများအား လိုက်လံနှုတ်ဆက်ကာ အားပေးစကားပြောကြားသည်။

မွန်းလွဲပိုင်းတွင် ဒုတိယသမ္မတသည် အဖွဲ့ဝင်များနှင့်အတူ စစ်ကိုင်းမြို့ ခုတင်(၂၀၀)ဆံ့ အထွေထွေရောဂါကုဆေးရုံကြီးသို့ရောက်ရှိပြီး ကလေးကုသဆောင်၊ သားဖွားခန်း၊ အမျိုးသားလူနာဆောင်၊ ထိခိုက်ဒဏ်ရာနှင့် အရိုးအကြော ခွဲစိတ်ကုသဆောင်၊ ခွဲစိတ်ခန်း၊ မျက်စိကုသဌာန၊ သွားနှင့်ခံတွင်းကုသဌာန၊ အကြောအဆစ်အထူးကုဌာနနှင့် ဖျားနာကုသဆောင်များကို လှည့်လည်ကြည့်ရှုစစ်ဆေးပြီး ဆေးရုံ၌ ဆေးဝါးကုသမှုခံယူနေသူများအား လိုက်လံနှုတ်ဆက်ကာ အားပေးစကားပြောကြားသည်။

ယင်းနောက် ဆေးရုံရှင်းလင်းဆောင်၌ ဆေးရုံဝန်ထမ်းများနှင့်တွေ့ဆုံသည်။

တွေ့ဆုံစဉ် ဒုတိယသမ္မတက စစ်ကိုင်းမြို့ရှိ ပြည်သူ့ဆေးရုံကြီးသည် ခုတင် (၂၀၀)ဆံ့ဆေးရုံကြီးဖြစ်သောကြောင့် ခုတင်(၂၀၀)အဆင့်နှင့်ကိုက်ညီရမည့် အဆောင်အယောင်၊ အရည်အသွေးဆိုင်ရာ လိုအပ်ချက်များနှင့် ဆေးရုံပိုင်းဆိုင်ရာ လိုအပ်ချက်များကို ပြည့်မီအောင် ဖြည့်ဆည်းဆောင်ရွက်ပေးရန် ယခုကဲ့သို့လာရောက်ခြင်းဖြစ်ရာ ဝန်ထမ်းများအနေဖြင့် လိုအပ်သည်များကို ပွင့်ပွင့်လင်းလင်းတင်ပြ ဆွေးနွေးကြရန် တိုက်တွန်းပြောကြားသည်။

ယင်းနောက် ဆေးရုံအုပ်ကြီး ဒေါက်တာဒေါ်ကြည်ကြည်အေးက ဆေးရုံဆိုင်ရာ အချက်အလက်များ၊ အခမဲ့ဆေးဝါးကုသပေးခဲ့မှုနှင့် ဆေးရုံပိုင်းဆိုင်ရာ လိုအပ်ချက်များကို ရှင်းလင်းတင်ပြသည်။

ယင်းနောက် ဒုတိယသမ္မတက ဆရာဝန်၊ သူနာပြုများ၏ ဆေးရုံသုံးစက်ပစ္စည်းကိရိယာများလိုအပ်မှု၊ ဝန်ထမ်းအင်အားလိုအပ်မှုနှင့် ဝန်ထမ်းအိမ်ရာလိုအပ်မှု တင်ပြချက်များအပေါ် ဖြည့်ဆည်းမှာကြားဆောင်ရွက်ပေးပြီး တက်ရောက်လာသူများအား ရင်းရင်းနှီးနှီး တွေ့ဆုံနှုတ်ဆက်သည်။

**(သတင်းစဉ်)**

# MMDC ရုပ်သံထုတ်လွှင့်ခြင်းဆိုင်ရာ ဒီပလိုမာသင်တန်းဆင်းပွဲ ကျင်းပ

**ရန်ကုန် ဩဂုတ် ၁**

Myanmar Media Development Center (MMDC) မှ စီစဉ်ဖွင့်လှစ်သည့် ရုပ်သံထုတ်လွှင့်ခြင်းဆိုင်ရာ ဒီပလိုမာသင်တန်း အမှတ်စဉ်(၅) သင်တန်းဆင်းပွဲနှင့် အောင်လက်မှတ်ပေးအပ်ပွဲကို ယနေ့နံနက် ၁၀ နာရီက ရန်ကုန်မြို့ရှိ Park Royal ဟိုတယ်၌ ကျင်းပသည်။

သင်တန်းဆင်းပွဲတွင် ပြန်ကြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးပိုက်ထွေးက ယနေ့သည် မြန်မာနိုင်ငံ၏ မီဒီယာလောကအတွက် မင်္ဂလာရှိသော နေ့တစ်နေ့ဖြစ်ကြောင်း၊ အစိုးရသစ်လက်ထက်တွင် နိုင်ငံရေး၊ စီးပွားရေးနှင့် လူမှုရေး၊ အုပ်ချုပ်ရေး ပုဂ္ဂလိကကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေး ပြုပြင်ပြောင်းလဲမှုများ ဆောင်ရွက်ခဲ့ကြောင်း၊ ပြန်ကြားရေးဝန်ကြီးဌာနအနေဖြင့်လည်း မီဒီယာကဏ္ဍ ပြုပြင်ပြောင်းလဲမှုများကို အကောင်အထည်ဖော် ဆောင်ရွက်ခဲ့ကြောင်း။

၎င်းတို့အနက် အဓိကဆောင်ရွက်ချက်များအနေဖြင့် မြန်မာနိုင်ငံ စာနယ်ဇင်းကောင်စီ (ယာယီ)ကို ဖွဲ့စည်းခဲ့ခြင်း၊ ၂၀၁၂ ခုနှစ် ဩဂုတ်လတွင် နှစ်ပေါင်းများစွာ ကျင့်သုံးခဲ့သည့် စာပေစိစစ်ရေး(ဆင်ဆာစနစ်)ကို ဖျက်သိမ်းခဲ့ခြင်း၊ နှစ်ပေါင်း ၅၀ နီးပါး တိမ်မြုပ်ပျောက်ကွယ်ခဲ့သည့် ပုဂ္ဂလိကသတင်းစာများကို ၂၀၁၃ ခုနှစ် ဧပြီ ၁ ရက်မှစ၍ ထုတ်ဝေခွင့်ပြုခဲ့ခြင်း၊ နေ့စဉ်၊ အပတ်စဉ်၊ လစဉ်ထုတ် စာနယ်ဇင်းများကိုလည်း စည်းကမ်းချက်များနှင့်အညီ ထုတ်ဝေခွင့်များ ခွင့်ပြုပေးလျက်ရှိခြင်း စသည်တို့ကို ဆောင်ရွက်ပေးလျက်ရှိကြောင်း။

ထို့အပြင် ပြန်ကြားရေးဝန်ကြီးဌာနအနေဖြင့် ခေတ်စနစ်နှင့်မလျော်ညီသော ဥပဒေများ၊ အမိန့်ကြော်ငြာများကိုဖျက်သိမ်းပြီး ဥပဒေများကို ပြဋ္ဌာန်းနိုင်ခဲ့ကြောင်း၊ ပုံနှိပ်ခြင်းနှင့်ထုတ်ဝေခြင်းဥပဒေ၊ နည်းဥပဒေ၊ သတင်း မီဒီယာဥပဒေ၊ နည်းဥပဒေများ ရေးဆွဲအသုံးပြုလျက်ရှိနေပြီဖြစ်ပါကြောင်း၊ ရုပ်သံလွှင့်ဥပဒေကိုလည်း လွှတ်တော်မှာအတည်ပြုပြီး၍ သမ္မတထံ ပေးပို့တင်ပြထားသဖြင့် မကြာမီ ပေါ်ထွက်လာတော့မည်ဖြစ်ကြောင်း။

ရုပ်သံလွှင့်မီဒီယာ နှင့်ပတ်သက်၍ Forever Group မှ ရုပ်သံလွှင့်ဆိုင်ရာ ဒီပလိုမာသင်တန်းကို ဖွင့်လှစ်နိုင်ခဲ့ခြင်းသည် ရုပ်သံမီဒီယာအတွက် အားသစ်လောင်းမည့် မျိုးဆက်သစ်လူငယ်များကို မွေးထုတ်ပေးခြင်းဖြစ်ပါကြောင်း၊ ဝန်ကြီးဌာနအနေဖြင့် မီဒီယာလောက ဖွံ့ဖြိုးတိုးတက်ရေးအတွက် ပြည်တွင်း၊ ပြည်ပအသိပညာရှင်၊ အတတ်ပညာရှင်များ၏ ပံ့ပိုးကူညီမှုကိုရယူပြီး ဖြစ်ပေါ်တိုးတက်ပြောင်းလဲလာသည့် မီဒီယာလောက ဖွံ့ဖြိုးတိုးတက်ရေးကို အားပေးဆောင်ရွက်လျက်ရှိကြောင်း၊ မိမိတို့နိုင်ငံတွင် အဓိကလိုအပ်နေသည့် နည်းပညာ၊ လူ့စွမ်းအားအရင်းအမြစ်နှင့် အရင်းအနှီး ဤသုံးချက်လိုအပ်လျက်ရှိရာ Forever Group အနေဖြင့် နည်းပညာနှင့် လူ့စွမ်းအားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်ရေးကို အစဉ်ကြိုးပမ်းဆောင်ရွက်နေသည်ကို တွေ့ရကြောင်း၊ MMDC က ယခုသင်တန်းအပြင် အခြားမီဒီယာဆိုင်ရာ သင်တန်းများ ဖွင့်လှစ်ခြင်းဖြင့်လည်း နိုင်ငံတော်၏ လိုအပ်ချက်များကို တဖက်တစ်လမ်းမှ ဖြည့်ဆည်းဆောင်ရွက်ပေးနေသည်ကို တွေ့ရသည့်အတွက် ကျေးဇူးတင်ရှိပါကြောင်းနှင့် သင်တန်းဆင်းမောင်မယ်များ အနေဖြင့်လည်း မိမိတို့တတ်ကျွမ်းသည့် ပညာဖြင့် နိုင်ငံတော်နှင့် နိုင်ငံသားအကျိုးကို ရှေးရှုဆောင်ရွက်ပေးကြရန်၊ အစဉ်မပြတ် လေ့လာဆည်းပူးနေကြရန်၊ ရည်မှန်းချက်ပန်းတိုင်ထားပြီး တိုးတက်အောင်မြင်သူများဖြစ်အောင် ကြိုးစားကြရန်၊ ပူးပေါင်းဆောင်ရွက်လိုစိတ်နှင့် အဖွဲ့အစည်းစိတ်ဓာတ်မွေးမြူကြရန် ပြောကြားသည်။

ထို့နောက် Forever Group CEO ဦးဝင်းမော်နှင့် DW Akademie, Eurasia Division Program Manager Myanmar မှ Mr. Patrick Benning တို့က ဂုဏ်ပြုအမှာစကားပြောကြားကြသည်။

ဆက်လက်၍ ဒီပလိုမာကျောင်းသားကျောင်းသူများ၏ Final Project များကိုပြသပြီး ဒုတိယဝန်ကြီး ဦးပိုက်ထွေး၊ ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးများနှင့် တာဝန်ရှိသူများက သင်တန်းဆင်း လက်မှတ်များနှင့် Project ဆုများကိုပေးအပ်ချီးမြှင့်ကြသည်။

ယင်းနောက် သင်တန်းဆင်းကျောင်းသား ကျောင်းသူများကိုယ်စား မဖြိုးပြည့်ပြည့်သင်းနှင့် မလှိုင်သက်ထားမေတို့က ကျေးဇူးတင်စကားပြောကြားကြပြီး ကျောင်းသားကျောင်းသူများက MMDC Theme Song အား စုပေါင်းသီဆိုဖျော်ဖြေကြသည်။

သင်တန်းဆင်းပွဲသို့ ပြန်ကြားရေးဝန်ကြီးဌာန၊ ပညာရေးဝန်ကြီးဌာနနှင့် ယဉ်ကျေးမှု ဝန်ကြီးဌာနတို့မှ ဌာနဆိုင်ရာ အကြီးအကဲများနှင့် တာဝန်ရှိသူများ၊ ပညာရှင်များနှင့် ဖိတ်ကြားထားသူများ၊ ကျောင်းသားကျောင်းသူများ၏ မိသားစုများ တက်ရောက်ကြသည်။

MMDC ကို ၂၀၁၂ ခုနှစ် ဇန်နဝါရီလမှစတင်ကာ မြန်မာမီဒီယာလောက ဖွံ့ဖြိုးတိုးတက်စေရန်နှင့် နည်းပညာနယ်ပယ်အသီးသီးအတွက် ကျွမ်းကျင်ပညာရှင်များ မွေးထုတ်ပေးနိုင်ရန်ရည်ရွယ်၍ သင်တန်းများကိုဖွင့်လှစ်ခဲ့သည်။ ယခုသင်တန်းသို့ ကျောင်းသား ကျောင်းသူ ၄၂ ဦး တက်ရောက်ခဲ့ပြီး သင်တန်းကာလမှာ ၁၀ လ ကြာမြင့်ခဲ့ကြောင်း သိရသည်။




**(သတင်းစဉ်)**

# ရခိုင်ပြည်နယ်အတွင်းရှိ ဆည်၊ တာတမံနှင့် လယ်သမားတာများ ယာယီပြင်ဆင်ထိန်းသိမ်းလျက်ရှိ

**စစ်တွေ ဩဂုတ် ၁**

ရခိုင်ပြည်နယ်အတွင်းရှိ ဆည်၊ ရေပိုလွှဲ၊ တာတမံ၊ တာပေါင်၊ ကာရီနှင့် လယ်သမားတာများကို ယာယီပြင်ဆင်ထိန်းသိမ်းခြင်းလုပ်ငန်းများ ဆောင်ရွက်လျက်ရှိပြီး အခိုင်အမာပြုပြင် တည်ဆောက်ခြင်းလုပ်ငန်းများကိုလည်း လာမည့်အောက်တိုဘာလမှစ၍ ဒီဇင်ဘာလအပြီး ဆောင်ရွက်မည်ဖြစ်ကြောင်း သိရသည်။

ထိုကဲ့သို့ ပြုပြင်မှုအခြေအနေမှာ မြောက်ဦးမြို့နယ်တွင် ဘောင်းဒွတ်လျှိုပိတ်ဆည်မှာ ၁၀၀ ရာခိုင်နှုန်း၊ ရမ်းဗြဲမြို့နယ်ရှိ လောင်းချောင်းလျှိုပိတ်ဆည် ရေပိုလွှဲမှာ ၈၀ ရာခိုင်နှုန်း၊ အမ်းမြို့နယ်ရှိ သရဲရခိုင်ရွာ ကာရီ(၁)မှာ ၂၂ ရာခိုင်နှုန်း၊ မပွန်းချောင်းဆည် တာပေါင်မှာ ၂၂ ရာခိုင်နှုန်း၊ သရွဲချင်းရေတားတမံမှာ ၂၀ ရာခိုင်နှုန်း၊ ငစွေချောင်းကာရီမှာ ၄၃ ရာခိုင်နှုန်း၊ ဇီးချောင်းကာရီမှာ ၄၃ ရာခိုင်နှုန်း၊ သရွဲလယ်ကာရီမှာ ၃၂ ရာခိုင်နှုန်း၊ ထဘီဆည်ကာရီမှာ ၂၃ ရာခိုင်နှုန်း၊ ချောင်းနီကျွန်းကာရီမှာ ၁၇ ရာခိုင်နှုန်း၊ ပြင်မကြီးလယ်ကာရီမှာ ၃၂ ရာခိုင်နှုန်း၊ တည်ချောင်းကာရီမှာ ၁၀၀ ရာခိုင်နှုန်း၊ ရှူးချောင်းရေတားတာပေါင်မှာ ၅၃ ရာခိုင်နှုန်း၊ ဒုက္ကံကျေးရွာရေတားတမံမှာ ၂၂ ရာခိုင်နှုန်း၊ သံတွဲမြို့နယ်ရှိ ကျက်သရေကျွန်းနှင့် ပုဇွန်ဖြူမော် လယ်သမားတာတို့မှာ ၆၂ ရာခိုင်နှုန်းစီနှင့် ဂျီပြွန်၊ ငအုပ်ခွ၊ တူးမြောင်းနှင့် ကယုသောင် လယ်သမားတာတို့မှာ ရာနှုန်းပြည့်ဆောင်ရွက်ပြီးစီးခဲ့ကြောင်း သိရသည်။

**(သတင်းစဉ်)**



# မုန်တိုင်းတိုက်ခတ်မှုနှင့် ရေလျှံမှုကြောင့် လူတစ်ဦးသေဆုံးပြီး ပျက်စီးဆုံးရှုံးမှုများဖြစ်ပွား

**မောင်တော ဩဂုတ် ၁**

ရခိုင်ပြည်နယ် မောင်တောမြို့နယ်အတွင်း ဇူလိုင် ၂၉ ရက်နှင့် ၃၀ ရက်များတွင် မုန်တိုင်းတိုက်ခတ်မှုနှင့် ရေလျှံမှုကြောင့် မြို့ပေါ်နှင့် ကျေးရွာများတွင် လူတစ်ဦးသေဆုံးပြီး ပျက်စီးဆုံးရှုံးမှုများ ဖြစ်ပေါ်ခဲ့သည်။

ထိုသို့ဖြစ်ပွားရာတွင် ရွှေဇားကပ္ပကျောင်းကျေးရွာအုပ်စု အလယ်ရွာ၌ ဟာနူ(ဘ) မာမောက်(၅၅)နှစ်သည် သစ်ပင်လဲကျခြင်းကြောင့် ထိခိုက်သေဆုံးခဲ့ပြီး အောင်ဗလကျေးရွာ၌ နေအိမ်သုံးလုံး ပျက်စီးခြင်း၊ ကျီးကန်းပြင်ကျေးရွာအုပ်စုရှိ အုပ်ချုပ်ရေးမှူးရုံးခေါင်မိုးများ ပျက်စီးခြင်း၊ တောင်ကျရေစီးဆင်းမှုကြောင့် အိမ်ခြေ ၅၀ ခန့်နှင့် စပါးခင်းများ ရေလွှမ်းခြင်း၊ ညောင်ချောင်းကျေးရွာအုပ်စု ရွှေရင်အေး(နတလ)စံပြကျေးရွာရှိ လူနေအိမ်ခုနစ်လုံး၊ စာသင်ကျောင်းတစ်ဆောင်၊ အိမ်သာခုနစ်လုံး ပျက်စီးခြင်း၊ နွားရုံတောင်ကျေးရွာအုပ်စု ပြားသားနှင့် သုခမြိုင်ကျေးရွာတို့၌ နေအိမ်သုံးလုံး ပျက်စီးခြင်း၊ မြို့မအရှေ့ရပ်ကွက် ဟိန္ဒူရွာရှိ နေအိမ်သုံးလုံး ပျက်စီးခြင်း၊ အိမ်ခြေ ၅၀ ခန့် ရေနစ်မြုပ်ခြင်းနှင့် မောင်တောမြို့၌ ဈေးတန်းလျားတစ်ခု၊ ရွာသစ်ရပ်ကွက်၌ နေအိမ်လေးလုံး၊ ဗလီအမှတ်(၆)၏ အုတ်ခြံစည်းရိုး၊ ဒုချီးရားတန်းကျေးရွာအုပ်စု ကင်းချောင်းကျေးရွာ၌ နေအိမ်ခြောက်လုံး၊ ဗောဓိကုန်းကျေးရွာ ဘုန်းတော်ကြီးကျောင်းနှင့် စာသင်ကျောင်းခေါင်မိုးများ၊ ပြုံးမ ကညင်တန်းကျေးရွာအုပ်စု ဘုန်းတော်ကြီးကျောင်းနှင့် စာသင်ကျောင်း၊ မြို့မ မြောက်ရပ်ကွက် ကိုယ့်အားကိုယ်ကိုး မူကြိုကျောင်း၊ မြို့သူကြီး ကျေးရွာအုပ်စု ဝေသာလီကျေးရွာရှိ ကျေးလက်ဆေးပေးခန်းနှင့် စာသင်ကျောင်းတို့ ခေါင်းမိုးများ ပျက်စီးခဲ့သည်။

မြို့မအရှေ့ရပ်ကွက် ဦးဥတ္တမလမ်းရှိ ကွန်ကရစ်လျှပ်စစ်မီးတိုင် ၁၀ တိုင်၊ ကညင်တန်းမြို့မရှိ ကွန်ကရစ်လျှပ်စစ်မီးတိုင် တစ်တိုင်၊ မြို့မအနောက်ရပ်ကွက် ကမ်းနားလမ်းရှိ ထရန်စဖော်မာနှင့် ကွန်ကရစ်လျှပ်စစ်မီးတိုင် သုံးတိုင်၊ မောင်တော ရဲစခန်းရှေ့ရှိ ကွန်ကရစ်လျှပ်စစ်မီးတိုင်တစ်တိုင်နှင့် အကောက်ခွန်ရုံးရှေ့ရှိ ကွန်ကရစ်လျှပ်စစ်မီးတိုင် တစ်တိုင် စုစုပေါင်း ကွန်ကရစ်လျှပ်စစ်မီးတိုင် ၁၆ တိုင် ပျက်စီးခဲ့ကြောင်း သိရသည်။

အဆိုပါ ရေဘေးသင့်ပြည်သူများအတွက် ယာယီကယ်ဆယ်ရေးစခန်းများ ဖွင့်လှစ်ထားရှိမှုမှာ မောင်တောမြို့နယ်ရှိ မြို့မဘုန်းတော်ကြီးကျောင်းတွင် ၂၈၆ ဦးကိုလည်းကောင်း၊ ဗဟိုဘုန်းတော်ကြီးကျောင်းတွင် ၁၇၆ ဦးကိုလည်းကောင်း၊ မောင်တော(အထက)တွင် ၄၆၇ ဦးကို လည်းကောင်း၊ အလိုတော်ပြည့်ဘုန်းတော်ကြီးကျောင်းတွင် ၇၇ ဦးကို လည်းကောင်း၊ ရွာသစ်ကေ(ဗလီ)တွင် ၂၇၀ ကိုလည်းကောင်း စုစုပေါင်း လူဦးရေ ၁၀၈၃ ဦးကို နေရာချထားပေးပြီး ကူညီကယ်ဆယ်ရေးနှင့် ထောက်ပံ့ရေးလုပ်ငန်းများ ဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

**(ခရိုင် ပြန်/ဆက်)**

၀၀၀

# အမ်း-မြောက်ဦး-ပုဏ္ဏားကျွန်း တာဝါတိုင်များ ပြုပြင်ရေးလုပ်ငန်းများ ဆောင်ရွက်လျက်ရှိ

**နေပြည်တော် ဩဂုတ် ၁**

ရခိုင်ပြည်နယ်အတွင်း မိုးသည်းထန်စွာ အဆက်မပြတ်ရွာသွန်းပြီး မိုးသက်လေပြင်းတိုက်ခတ်မှုကြောင့် ပုဏ္ဏားကျွန်းမြို့ရှိ ၂၃၀ ကေဗွီ အမ်း-မြောက်ဦး-ပုဏ္ဏားကျွန်းဓာတ်အားလိုင်း ပင်မဓာတ်အားခွဲရုံအဝင် တာဝါတိုင် အမှတ်(MP-96)သည် ဇူလိုင် ၃၀ ရက် နံနက် ၉ နာရီ ၁၃ မိနစ်တွင်လည်းကောင်း၊ အောင်ဖြူပင်ရွာအနီးရှိ ၂၃၀ ကေဗွီ အမ်း-မြောက်ဦး-ပုဏ္ဏားကျွန်း ဓာတ်အားလိုင်း တိုင်အမှတ်(MP-60)နှင့် (MP-61) တာဝါတိုင် နှစ်တိုင်သည် ဇူလိုင် ၃၁ ရက် ညနေ ၆ နာရီ မိနစ် ၄၀ တွင်လည်းကောင်း ပြိုလဲပျက်စီးခဲ့သည်။

အဆိုပါ တာဝါတိုင်များ ပြိုလဲပျက်စီးမှုကြောင့် ရခိုင်ပြည်နယ် စစ်တွေမြို့၊ ကျောက်တော်မြို့၊ မြောက်ဦးမြို့နှင့် ပုဏ္ဏားကျွန်းမြို့များ၌ ဓာတ်အားပြတ်တောက်လျက်ရှိသည်။

အဆိုပါတာဝါတိုင်များအား မြန်မာ့လျှပ်စစ်ဓာတ်အားလုပ်ငန်းမှ အင်ဂျင်နီယာချုပ် ဦးအောင်ကျော်ဦးက အနီးကပ်ကြပ်မတ်ကွပ်ကဲ၍ လျှပ်စစ်ဓာတ်အား ပြန်လည်ရရှိရေး တာဝါတိုင်အစားထိုး တည်ဆောက်ခြင်းလုပ်ငန်းများဆောင်ရွက်လျက်ရှိပြီး စစ်တွေမြို့အား အရေးပေါ်လျှပ်စစ်ဓာတ်အားပေးစက်များဖြင့် အချိန်ပိုင်းလျှပ်စစ်ဓာတ်အားဖြန့်ဖြူးပေးရန် စီစဉ်ဆောင်ရွက်လျက်ရှိကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**



# ဧရာဝတီမြစ်ရေတက်လာ၍ မြန်အောင်ကမ်းနားနေပြည်သူများ ယာယီကယ်ဆယ်ရေးစခန်းများသို့ ပြောင်းရွှေ့

**မြန်အောင် ဩဂုတ် ၁**

ဧရာဝတီတိုင်းဒေသကြီး မြန်အောင်မြို့နယ် တာကြီးတန်းအပြင်ဘက် ဧရာဝတီမြစ်ကမ်းနံဘေးရှိ အမှတ်(၁၊ ၅၊ ၆) ရပ်ကွက်များတွင် နေထိုင်ကြသော အိမ်ထောင်စုဝင်များမှာ ဧရာဝတီမြစ်ရေမြင့်တက်လာသဖြင့် ယာယီကယ်ဆယ်ရေးစခန်းများသို့ ဇူလိုင် ၃၁ ရက်မှ စတင်ကာ ပြောင်းရွှေ့နေထိုင်ခဲ့ကြကြောင်း ရပ်ကွက်အုပ်ချုပ်ရေးမှူးများထံမှ သိရသည်။

မြန်အောင်မြို့ အမှတ်(၁)ရပ်ကွက်တွင် အိမ်ထောင်စု ၁၄၈ စု၊ လူဦးရေ ၅၀၀ ခန့်၊ အမှတ်(၅)ရပ်ကွက်တွင် မြစ်ရေကြောင့်မဟုတ်ဘဲ မြို့တွင်းမှ ရေများ မြစ်အတွင်းရေတံခါးမှ စွန့်ထုတ်မရသဖြင့် နှစ်စဉ်ရေမြုပ်နေသော တာဝတိံသာကွက်သစ်မှ အိမ်ထောင်စု ၁၇ စု၊ လူဦးရေ ၆၆ ဦး၊ အမှတ်(၆) ရပ်ကွက်တွင် အိမ်ထောင်စု ၃၂ စု၊ လူဦးရေ ၁၃၂ ဦးတို့အား ယာယီကယ်ဆယ်ရေးစခန်းများ ဖွင့်လှစ်ထားရှိပြီး ပြောင်းရွှေ့နေထိုင်လျက်ရှိကြောင်း ရပ်ကွက်အုပ်ချုပ်ရေးမှူးများက ပြောသည်။ အမှတ်(၁)ရပ်ကွက်တွင် မကျီးစု ဘုန်းတော်ကြီးကျောင်းဓမ္မာရုံ၊ အခြေခံပညာမူလတန်းကျောင်း၊ နီးစပ်ရာ အလုပ်ရုံများတွင် ယာယီကယ်ဆယ်ရေးစခန်းများ ဖွင့်လှစ်ထားကြောင်း အမှတ်(၁)ရပ်ကွက်ဖွံ့ဖြိုးရေးအထောက်အကူပြုကော်မတီအဖွဲ့ဝင် ဦးမြတ်စံက ပြောသည်။

လျှပ်စစ်မီးလိုင်းများနှင့် မီတာများ ရေနစ်မြုပ်နိုင်သဖြင့် မြို့နယ်လျှပ်စစ်အင်ဂျင်နီယာ ဦးအောင်ရွှေနှင့် ဝန်ထမ်းများက မီတာများယာယီ ဖြုတ်သိမ်းခြင်း၊ မီးလိုင်းများအား ဖြတ်တောက်ထားခြင်းတို့ ဆောင်ရွက်လျက်ရှိကြောင်း၊ လျှပ်စစ်အန္တရာယ်နှင့်ပတ်သက်သည့်ကိစ္စရပ်များ မပေါ်ပေါက်အောင် အချိန်နှင့်တစ်ပြေးညီ ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

မြစ်ကမ်းနားတွင် နေထိုင်သူများသည် မြစ်ရေဆက်တက်လာပါက နေအိမ်များမှ ပြောင်းရွှေ့ခြင်းများ ဆက်လက်လုပ်ဆောင်နေရသောကြောင့် ယာယီကယ်ဆယ်ရေးစခန်းများတွင် လာရောက်နေထိုင်သူ ပိုတိုးလာနိုင်ကြောင်း၊ ကျန်းမာရေးစောင့်ရှောက်မှုအဖြစ် စနေနေ့တိုင်း ဖွင့်လှစ်နေသည့် အခမဲ့ကုသိုလ်ဖြစ်ဆေးခန်းက လာရောက်စောင့်ရှောက်ပေးနေကြောင်း၊ ကျန်းမာရေးဦးစီးဌာနကလည်း ရေဘေးသင့် အိမ်ထောင်စုဝင်စာရင်းများကို လိုက်လံစုဆောင်းလျက်ရှိကြောင်း သိရသည်။



**နေဝင်းဇော်(မြန်အောင်)**

# ပြည်မြို့၌ ဧရာဝတီမြစ်ရေ စိုးရိမ်ရေမှတ်ကျော် မြို့ပေါ်အနိမ့်ပိုင်းရပ်ကွက်များ မြစ်ရေဝင်ရောက်

**ပြည် ဩဂုတ် ၁**

ပဲခူးတိုင်းဒေသကြီး ပြည်မြို့တွင် ယနေ့မှစ၍ ဧရာဝတီမြစ်ရေသည် မြို့၏ စိုးရိမ်ရေမှတ် ၂၉၀၀ စင်တီမီတာထက်ကျော်လွန်လာသဖြင့် မြို့ပေါ်အနိမ့်ပိုင်း ရပ်ကွက်များဖြစ်သည့် မိုးခေါင်ရပ်ကွက်၊ ချောင်းနားတန်းရပ်ကွက်၊ နဝင်းနှင့် နဝင်းကွက်သစ်ရပ်ကွက်များသို့ မြို့၏မြောက်ဘက်ရှိ နဝင်းချောင်းမှတစ်ဆင့် မြစ်ရေလျှံတက်ဝင်ရောက်လာမှုကြောင့် ရေဘေးသင့်မိသားစုဝင်များအား ပြည်ခရိုင်နှင့် ပြည်မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ တိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ်များ၊ မြို့နယ်ကျန်းမာရေးဦးစီးဌာန၊ ကြက်ခြေနီ၊ မီးသတ်၊ ပြည်သူ့ရဲနှင့် NGO အဖွဲ့များ ပူးပေါင်း၍ယာယီ ရေဘေးကူညီစောင့်ရှောက်ရေးစခန်း လေးခုဖွင့်လှစ်ကာ အဆိုပါ မိသားစုများ၏ နေထိုင်စားသောက်ရေး၊ ကျန်းမာရေးတို့အတွက် ကူညီစောင့်ရှောက် ပေးလျက်ရှိသည်။

ပြည်မြို့ ယာယီရေဘေးကယ်ဆယ်ရေးစခန်းများဖြစ်သည့် နဝင်း(အမက)၊ ဝါဆိုဘုန်းတော်ကြီးကျောင်း၊ နဝင်းတာရိုး၊ ရွှေပလ္လင်မှော်ဘုရားတို့တွင် ရေဘေးသင့်အိမ်ထောင်စု ၂၂၇ စုမှ လူဦးရေ ၁၂၀၀ ကျော်အား မြို့ပေါ်ရပ်ကွက်များက ထမင်းထုတ်များဝေငှခြင်း၊ စေတနာရှင်၊ အလှူရှင်များက ဆန်၊ အသင့်စားမုန့်ကြွပ်၊ ခေါက်ဆွဲခြောက်များ၊ ရေသန့်နှင့် အချိုရည်များ ဝေငှခြင်းများကို ရပ်ကွက်အုပ်ချုပ်ရေးမှူးများကကြီးကြပ်၍ စီမံဆောင်ရွက်ပေးလျက်ရှိသည်။

ပြည်မြို့တွင် လွန်ခဲ့သော ၁၄-၈-၁၉၇၄ နှစ် ရေလွှမ်းမိုးစဉ်က ပြည်မြို့၏ စိုးရိမ်ရေမှတ်ထက်ကျော်လွန်၍ ၃၀၂၆ စင်တီမီတာသို့ရောက်ရှိပြီး မြို့မြောက်ဘက် နဝင်းတာရိုးကျိုးပေါက်ကာ မြို့လယ်ရွှေဆံတော်စေတီတော်မြတ်ကြီး ခြေတော်ရင်းသို့တိုင် မြစ်ရေများဝင်ရောက်ခဲ့ဖူးသည်။

**အောင်(ဓာတုဗေဒ)**

# ရေဘေးကြိုတင်ကာကွယ်ရေး၊ ကယ်ဆယ်ရေးနှင့် ကူညီထောက်ပံ့ရေးလုပ်ငန်းများကို ထိရောက်စွာ ဆောင်ရွက်နိုင်မည်ဖြစ်

**နေပြည်တော် ဩဂုတ် ၁**

ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ သူရဦးရွှေမန်းသည် ယနေ့နံနက် ၉ နာရီခွဲတွင် မန္တလေးတိုင်းဒေသကြီး အမရပူရမြို့နယ် မြစ်ငယ်မြို့ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရုံး အစည်းအဝေးခန်းမ၌ ဒေသခံပြည်သူများအားတွေ့ဆုံ၍ ဒေသဖွံ့ဖြိုးရေးဆိုင်ရာကိစ္စရပ်များ ဆွေးနွေးမှာကြားသည်။

တွေ့ဆုံပွဲတွင် ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ သူရဦးရွှေမန်းက ယခုကဲ့သို့ တွေ့ဆုံခြင်းဖြင့် ဒေသအကျိုးကို ပိုမိုဖော်ဆောင်နိုင်မည်ဖြစ်ပါကြောင်း၊ ယခုအခါ ဒေသအချို့၌ မိုးရွာသွန်းမှုများပြားပြီး လမ်း၊ တံတားများနှင့် လူနေအိမ်များ ပျက်စီးခြင်း၊ ကျွဲ၊ နွားများ ရေလွတ်ရာသို့ ရွှေ့ပြောင်းရခြင်းများအပေါ် ယခုကဲ့သို့ တာဝန်ရှိသူများနှင့် တွေ့ဆုံဆွေးနွေးခြင်းဖြင့်ရေဘေးကြိုတင်ကာကွယ်ရေး၊ ကယ်ဆယ်ရေးနှင့် ကူညီထောက်ပံ့ရေးလုပ်ငန်းများကို ထိရောက်စွာ ဆောင်ရွက်နိုင်မည်ဖြစ်ကြောင်း ပြောကြားသည်။

ထို့နောက် မြို့နယ်ဖွံ့ဖြိုးတိုးတက်ရေး အထောက်အကူပြုကော်မတီ၊ မြို့နယ် စည်ပင်သာယာရေးကော်မတီ၊ မြို့နယ်ကြက်ခြေနီတပ်ဖွဲ့၊ မြို့နယ်ကျန်းမာရေးဦးစီးဌာနနှင့် မြို့မိမြို့ဖများက ဒေသဖွံ့ဖြိုးရေးဆိုင်ရာ ကိစ္စရပ်များကို ရှင်းလင်းတင်ပြကြသည်။

တင်ပြချက်များအပေါ် ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌက ပြန်လည်သုံးသပ်ဆွေးနွေးပြီး နိဂုံးချုပ်ပြောကြားရာတွင် လာမည့် ၉၉ ရက်အကြာတွင် ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲ ကျင်းပမည်ဖြစ်ပါကြောင်း။

လွတ်လပ်ပြီးတရားမျှတသည့် ရွေးကောက်ပွဲဖြစ်အောင် အားလုံးပါဝင်ဆောင်ရွက်ကြရမည်ဖြစ်ကြောင်း၊ ထည့်သွင်းပြောကြားကာ တက်ရောက်လာကြသူများအား ရင်းရင်းနှီးနှီးနှုတ်ဆက်ခဲ့သည်။

အဆိုပါတွေ့ဆုံပွဲသို့ မန္တလေးတိုင်းဒေသကြီးလွှတ်တော်ဥက္ကဋ္ဌ ဦးဝင်းမောင်၊ ပြည်ထောင်စုလွှတ်တော်ကိုယ်စားလှယ်များ၊ ပြည်သူ့လွှတ်တော်ဥပဒေရေးရာနှင့် အထူးကိစ္စရပ်များ လေ့လာဆန်းစစ်သုံးသပ်ရေးကော်မရှင်အဖွဲ့ဝင်များ၊ တိုင်းဒေသကြီး အစိုးရအဖွဲ့ဝင်များ၊ တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်များ၊ မြို့နယ်ဌာနဆိုင်ရာများ၊ လူမှုရေးအသင်းအဖွဲ့ဝင်များ၊ မြို့မိမြို့ဖများနှင့် ဒေသခံပြည်သူများ တက်ရောက်ကြသည်။

ယင်းနောက် ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌသည် မန္တလေး-စစ်ကိုင်းလမ်း ဝဲ၊ ယာ တစ်လျှောက်တွင် ခေတ္တပြောင်းရွှေ့နေထိုင်လျက်ရှိသည့် ဧရာဝတီမြစ်ရေဝင်ရောက်သော ရွှေကြက်ယက်ကျေးရွာအုပ်စုမှ အိမ်ထောင်စုဝင်များအား



တွေ့ဆုံပြီး လိုအပ်ချက်များအပေါ် တာဝန်ရှိသူများနှင့် ညှိနှိုင်းဆောင်ရွက်ပေးသည်။

ဆက်လက်၍ မန္တလေးတိုင်းဒေသကြီး စဉ့်ကိုင်မြို့နှင့် မြစ်သားမြို့များသို့ရောက်ရှိပြီး မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရုံး အစည်းအဝေးခန်းမများ၌ ဒေသခံပြည်သူများနှင့်တွေ့ဆုံ၍ ဒေသဖွံ့ဖြိုးရေးဆိုင်ရာကိစ္စရပ်များကို ဆွေးနွေးမှာကြားသည်။

ထို့နောက် တက်ရောက်လာကြသော ကော်မတီ(၃)ရပ်မှ တာဝန်ရှိသူများ၊ လူမှုအဖွဲ့အစည်းများမှ တာဝန်ရှိသူများ၊ ဌာနဆိုင်ရာများ၊ မြို့မိမြို့ဖများက ဒေသဖွံ့ဖြိုးရေးဆိုင်ရာကိစ္စရပ်များကို ရှင်းလင်းတင်ပြကြသည်။

တင်ပြချက်များအပေါ် ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌက ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးပြီး နိဂုံးချုပ်ပြောကြားကာ တက်ရောက်လာကြသူများအား ရင်းရင်းနှီးနှီးနှုတ်ဆက်သည်။

**(သတင်းစဉ်)**

# ကုလသမဂ္ဂဒုက္ခသည်များဆိုင်ရာ မဟာမင်းကြီးရုံး၏ အထူးကိုယ်စားလှယ် မစ္စအင်ဂျလီနာ ဂျိုလီပစ် လှိုင်သာယာရှိ အမျိုးသမီးဆောင်များနှင့် ကျူးကျော်နေထိုင်သူတို့အား သွားရောက်တွေ့ဆုံ

**ရန်ကုန် ဩဂုတ် ၁**

ကုလသမဂ္ဂဒုက္ခသည်များဆိုင်ရာ မဟာမင်းကြီးရုံး၏ အထူးကိုယ်စားလှယ် မစ္စအင်ဂျလီနာ ဂျိုလီပစ်နှင့် ပြည်သူ့လွှတ်တော် တရားဥပဒေစိုးမိုးရေးနှင့် တည်ငြိမ်အေးချမ်းရေးကော်မတီ ဥက္ကဋ္ဌ ဒေါ်အောင်ဆန်းစုကြည်တို့သည် ယနေ့နံနက်ပိုင်းတွင် ရန်ကုန်မြို့ တက္ကသိုလ်ရိပ်သာလမ်းရှိ နေအိမ်၌ တွေ့ဆုံကြသည်။

ထိုမှတစ်ဆင့် မစ္စ အင်ဂျလီနာ ဂျိုလီပစ်နှင့် ဒေါ်အောင်ဆန်းစုကြည်တို့သည် လှိုင်သာယာမြို့နယ် ၅ ရပ်ကွက်ရှိ ကံ့ကော်စံအမျိုးသမီးအဆောင်နှင့် လှိုင်ထိပ်ထားအမျိုးသမီးအဆောင်များသို့ သွားရောက်ပြီး အဆောင်နေအမျိုးသမီးအလုပ်သမားများနှင့်တွေ့ဆုံ၍ ၎င်းတို့၏ လူမှုအခက်အခဲများကို မေးမြန်းခဲ့သည်။



"အခုလိုလာမယ်ဆိုတာ မနက်မှ သိရတာ။ ဒီအဆောင်မှာ နေထိုင်တဲ့ အမျိုးသမီးတွေ လုံခြုံမှုရှိရဲ့လား၊ အဆင်ပြေရဲ့လား၊ ဘာတွေအခက်အခဲရှိသလဲဆိုတာမေးတယ်။ လုပ်အားခနှင့် ပတ်သက်ပြီးတော့လည်း လုံလောက်မှုရှိရဲ့လားဆိုတာမေးပြီး အားမငယ်ဖို့နဲ့ ကြိုးစားဖို့ပြောတယ်။ သူတို့ဘက်ကလည်း တတ်နိုင်သလောက် ဆောင်ရွက်ပေးသွားမယ်လို့ပြောပါတယ်။ ကျွန်မတို့အနေနဲ့ကလည်း လစာနည်းတဲ့ ကိစ္စလောက်ပဲ တင်ပြခဲ့တယ်။ ကျန်တာတွေအားလုံး အဆင်ပြေပါတယ်လို့ ပြောလိုက်ပါတယ်"ဟု စက်ရုံအလုပ်သမား အမျိုးသမီး ၇၀ ခန့်နေထိုင်သည့် ကံ့ကော်စံအမျိုးသမီးဆောင်မှ မဇာဇာအောင်က ပြောသည်။

အမျိုးသမီး ၄၀ ခန့်နေထိုင်သည့် လှိုင်ထိပ်ထား အမျိုးသမီးဆောင်မှ မခိုင်ခိုင်ကလည်း "ကျွန်မတို့ရဲ့နေထိုင်မှု အခက်အခဲတွေကိုမေးတယ်။ လုံခြုံမှုနဲ့ ပတ်သက်ပြီး လုယက်ခံရတာရှိလားလို့မေးတယ်။ ဒါတွေတော့ မကြုံခဲ့ပါဘူးလို့ ပြောလိုက်တယ်။ အခက်အခဲအနေနဲ့ကတော့ လုပ်အားခနည်းလို့ အဆင်သိပ်မပြေဘူးလို့ ပြောလိုက်ပါတယ်" ဟု ပြောသည်။

ထို့နောက် မစ္စအင်ဂျလီနာ ဂျိုလီပစ်သည် လှိုင်သာယာမြို့နယ် စက်မှုဇုန် (၃) မင်းကြီးမဟာမင်းခေါင်လမ်းပေါ်ရှိ ကျူးကျော်နေအိမ်များမှ မိသားစုဝင်များနှင့် သွားရောက်တွေ့ဆုံပြီး ၎င်းတို့၏စားဝတ်နေရေး အခက်အခဲများကို မေးမြန်းခဲ့သည်။

ထိုသို့ တွေ့ဆုံခဲ့သည့်အပေါ် "ကျွန်တော်တို့ အခုလိုနေထိုင်ရတဲ့ ဘဝအကြောင်းကိုမေးတယ်။ ဒီလိုနေရာမျိုးက လွတ်ချင်ရင် ကိုယ်တိုင်လည်း အစွမ်းကုန်ကြိုးစားဖို့နဲ့ ကလေးတွေအတွက် အတတ်နိုင်ဆုံး ကျောင်းထားဖို့ပြောတယ်။ ကလေးတွေ နောင်လာမယ့် အနာဂတ်မှာ ဒီလိုနေရာမျိုးမရောက်ဖို့နဲ့ လက်ရှိအခြေအနေမှာလည်း အားမငယ်ဖို့ ပြောတယ်။ လူဆိုတာ ကိုယ့်အစွမ်းအစနဲ့ကိုယ် ကြိုးစားမှသာ မြင့်ရာဘဝကို ရောက်မယ်ဆိုတဲ့ စကားတွေ ပြောသွားခဲ့ပါတယ်။ ဘာသတင်းမှ မကြားရဘဲ ရုတ်တရက်ရောက်လာတော့ အံ့အားသင့်ခဲ့ရပါတယ်"ဟု ကျူးကျော်နေအိမ်များမှ မိသားစုဝင်တစ်ဦးဖြစ်သူ ကိုသစ်ဦးက ပြောသည်။

ထိုမှတစ်ဆင့် မစ္စအင်ဂျလီနာ ဂျိုလီပစ်သည် အဆိုပါ မြို့နယ်(၁၄) ရပ်ကွက် မန္တလေးလမ်းရှိ အမျိုးသမီး ၂၀ ခန့်ဖြင့် လည်ပတ်နေသည့် "သဲသူသူအောင်" အထည်ချုပ်လုပ်ငန်းသို့သွားရောက်ကာ အထည်ချုပ် အလုပ်သမများနှင့် တွေ့ဆုံ၍ လုပ်ငန်းအခြေအနေနှင့် နေထိုင်မှု အခက်အခဲများကို မေးမြန်းခဲ့သည်။

ကုလသမဂ္ဂ ဒုက္ခသည်များဆိုင်ရာ မဟာမင်းကြီးရုံး၏ အထူးကိုယ်စားလှယ် မစ္စ အင်ဂျလီနာဂျိုလီပစ်သည် ဇူလိုင် ၃၁ ရက်က ရန်ကုန်မြို့ ဗိုလ်တထောင်မြို့နယ်ရှိ **YMCA** အဆောက်အအုံတွင် ရွေးကောက်ပွဲ အသိပညာပေး လုပ်ငန်းဆောင်ရွက်နေသော လူမှုရေးအသင်းအဖွဲ့တစ်ခုဖြစ်သည့် ရောင်ခြည်သစ်အဖွဲ့မှ အမျိုးသမီးများနှင့် လည်းကောင်း၊ ပုဇွန်တောင်မြို့နယ် ဘုရားဖြူကျောင်းတိုက်တွင် ဘာသာပေါင်းစုံ ချစ်ကြည်ညီညွတ်ရေး အဖွဲ့နှင့် ဘာသာပေါင်းစုံ ငြိမ်းချမ်းရေးအဖွဲ့တို့မှ ဘာသာရေးခေါင်းဆောင်များနှင့် လည်းကောင်း တွေ့ဆုံခဲ့သည်။

ကုလသမဂ္ဂဒုက္ခသည်များဆိုင်ရာ မဟာမင်းကြီးရုံး၏ အထူးကိုယ်စားလှယ် မစ္စ အင်ဂျလီနာ ဂျိုလီပစ်သည် ယနေ့ညနေ ၆ နာရီ ၁၅ မိနစ်တွင် ရန်ကုန်အပြည်ပြည်ဆိုင်ရာ လေဆိပ်မှ လေကြောင်းခရီးစဉ်ဖြင့် ပြန်လည်ထွက်ခွာသွားကြောင်း သိရသည်။

**သတင်း - မင်းသစ်၊ဇော်ကြီး(ပဏီတ)**
**ဓာတ်ပုံ - ရဲထွန်း**

# ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမြင့်ဆွေ ရေဘေးသင့်ပြည်သူများအား တွေ့ဆုံအားပေး

**ရန်ကုန် ဩဂုတ် ၁**

ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ်ဦးမြင့်ဆွေသည် ယနေ့နံနက် ၉ နာရီခွဲတွင် မိုးသည်းထန်စွာရွာသွန်းမှုကြောင့် ရေလွှမ်းမိုးခံခဲ့ရသည့် မှော်ဘီမြို့နယ်သို့ သွားရောက်ကြည့်ရှုစစ်ဆေးသည်။

ရှေးဦးစွာ မှော်ဘီမြို့ အမှတ်(၂)ရပ်ကွက် ရွှေမော်တင်ဘုရား ဓမ္မာရုံအတွင်း ရေလွှမ်းမိုးခံရသည့် ဒေသခံပြည်သူများနှင့်တွေ့ဆုံပြီး ရေကြီးမှုနောက်ဆက်တွဲ ဖြစ်စဉ်များဖြစ်သည့် ဝမ်းပျက်ဝမ်းလျှောရောဂါနှင့် သွေးလွန်တုပ်ကွေးရောဂါများ မဖြစ်ပွားစေရေးအတွက် ရေကိုကျိုချက်၍ သောက်သုံးရန်၊ ရောဂါဖြစ်ပွားပါက ဆေးရုံသို့ လျင်မြန်စွာသွားရောက်ကုသခြင်းဆောင်ရွက်ရန်နှင့် မြွေအန္တရာယ်ကင်းရှင်းရေး သတိထားကြရန် အားပေးမှာကြားပြီး ဆန် ၁၀ အိတ်၊ ဆီ ငါးပိဿာနှင့် ရေသန့်ဘူးများအား ပေးအပ်လှူဒါန်းသည်။

ဆက်လက်၍ အမှတ်(၄)ရပ်ကွက်ရှိ ရေလွှမ်းမိုးခံရသော ပြည်သူများအား သွားရောက်ကြည့်ရှုစစ်ဆေးသည်။

အဆိုပါ ရေကြီးရေလျှံမှုကြောင့် မှော်ဘီမြို့အမှတ်(၂)ရပ်ကွက်မှ အိမ်ထောင်စု (၃၉)စု ရေဘေးသင့်ပြည်သူ ၁၃၉ ဦး၊ အမှတ်(၃)ရပ်ကွက်မှ အိမ်ထောင်စု(၅)စု လူဦးရေ ၁၈ ဦး၊ အမှတ်(၄)ရပ်ကွက်မှ အိမ်ထောင်စု(၃)စု လူဦးရေ ၁၅ ဦးနှင့် အိမ်ထောင်စု(၃)စုနှင့် လူဦးရေ ၁၀ ဦးတို့အား သက်ဆိုင်ရာ ဘုန်းတော်ကြီးကျောင်း ယာယီကယ်ဆယ်ရေးစခန်းများ၌ ထားရှိကြောင်း၊ ရေဘေးသင့်ပြည်သူ (၄၀၀၀)ခန့်အား မှော်ဘီတပ်နယ်မှူးရုံးနှင့် လက်အောက်ခံတပ်ရင်းတပ်ဖွဲ့များ၊ မြို့နယ်အဆင့် ဌာနဆိုင်ရာတာဝန်ရှိသူများက ထမင်းထုပ်နှင့် သောက်ရေသန့်များ ဖြန့်ဝေပေးခဲ့ပြီး မှော်ဘီဗဟိုဆေးတပ်နှင့် မြို့နယ်ကျန်းမာရေးဦးစီးဌာနတို့မှ ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ပေးခြင်း၊ မြို့နယ်အရန်မီးသတ်၊ ကြက်ခြေနီတပ်ဖွဲ့နှင့် လူမှုရေးအသင်းအဖွဲ့များမှ ကယ်ဆယ်ရေးလုပ်ငန်းများကို ကူညီဆောင်ရွက်ပေးလျက်ရှိကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

# ကျိုက်ထိုမြို့နယ် ရေဘေးသင့်ပြည်သူများအား ထောက်ပံ့ပစ္စည်းများ ပေးအပ်

**နေပြည်တော် ဩဂုတ် ၁**

နယ်စပ်ရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီး သက်နိုင်ဝင်းသည် ဇူလိုင် ၃၁ ရက်က မွန်ပြည်နယ် ကျိုက်ထိုမြို့နယ် ဇေယျာမွန်ရပ်ကွက် အထက (၁) ၌ ဖွင့်လှစ်ထားသော ရေဘေးကယ်ဆယ်ရေးစခန်းသို့ သွားရောက်၍ ရေဘေးသင့်အိမ်ထောင်စု ၈၃ စု၊ လူဦးရေ ၃၈၇ ဦးအား တွေ့ဆုံအားပေးကာ ဆန် ၇၇ အိတ်၊ ဆီ ၁၅၄ ဘူး၊ ခေါက်ဆွဲခြောက် အထုပ် ၂၁၃၀၊ ရေသန့်ဘူးကဒ် ၂၀၀ တို့အား ပေးအပ်လှူဒါန်းခဲ့သည်။

ဆက်လက်၍ ကော့စံနိုင်ရပ်ကွက် ဘုန်းတော်ကြီးကျောင်းရှိ ရေဘေးကယ်ဆယ်ရေးစခန်း၌ ရေဘေးသင့်အိမ်ထောင်စု ၁၈၃ စု၊ လူဦးရေ ၈၅၅ ဦးတို့အား တွေ့ဆုံအားပေး၍ ဆန် ၁၆၉ အိတ်၊ ဆီ ၁၆၉ ဘူး၊ ခေါက်ဆွဲခြောက် ၁၃၆ ထုပ်၊ ရေသန့်ဘူး ၁၆၉ ကဒ်တို့အား ပေးအပ်လှူဒါန်းခဲ့ကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**

# ကလေးခရိုင်အတွင်း မိုးအဆက်မပြတ်ရွာသွန်းသဖြင့် ရေဘေးသင့်ပြည်သူ ၇၀၀၀ ကျော်ရှိ ရဟတ်ယာဉ်၊ လေယာဉ်များအသုံးပြုပြီး ကူညီထောက်ပံ့ရေး နေ့စဉ်ဆောင်ရွက်

မုံရွာ ဩဂုတ် ၁

**စစ်ကိုင်းတိုင်းဒေသကြီးတွင် မကြုံစဖူးထူးကဲစွာမိုးရွာသွန်းသောကြောင့် နေရာအများအပြားတွင် ရေကြီး ရေလျှံခြင်း၊ ရေလျောင်တမံများ၏ ရေပိုလွှဲများမှ ရေများကျော်ဆင်းလျက်ရှိရာ ဒေသခံပြည်သူများ ရေဘေးအန္တရာယ်နှင့် ကြုံတွေ့လျက်ရှိသည်။ စစ်ကိုင်းတိုင်းဒေသကြီး ကလေးမြို့နယ်နှင့်ဝန်းကျင်ဒေသများတွင်လည်း မိုးဆက်လက်များနေပြီး ရေဘေးအန္တရာယ်ကြုံတွေ့နေရသဖြင့် ကူညီကယ်ဆယ်ရေးပစ္စည်းများနှင့် အကူထောက်ပံ့ရေးပစ္စည်းများကို ဩဂုတ် ၁ ရက်က ရဟတ်ယာဉ်များ၊ လေယာဉ်များအကူအညီဖြင့် တတိယအကြိမ် မြောက် ပို့ဆောင်ပေးခဲ့ကြောင်း သိရသည်။**

ဇူလိုင် ၃၁ ရက်က တပ်မတော်ရဟတ်ယာဉ် သုံးစင်းဖြင့် လှေနှစ်စင်း၊ အင်ဂျင်နှစ်လုံး၊ စကားပြောစက် ၁၀ လုံး အပါအဝင် အလှူရှင်များလှူဒါန်းခဲ့သော ပစ္စည်းမျိုးစုံတို့ကို ပေးပို့ခဲ့ကြောင်း၊ ဩဂုတ် ၁ ရက်တွင်လည်း တပ်မတော်လေယာဉ် (ART-42)၊ တပ်မတော်ရဟတ်ယာဉ် (MI-17) တို့ဖြင့် ထောက်ပံ့ရေးပစ္စည်းများပေးပို့ခဲ့ကြောင်း၊ ထိုသို့ ပို့ဆောင်ပေးရာတွင် နံနက်ပိုင်းက တပ်မတော်ရဟတ်ယာဉ် (MI-17) ဖြင့်သွားရောက်ခဲ့ရာတွင် ကလေးမြို့နှင့် မိုင် ၃၀ ခန့်အကွာရောက်သောအခါ တိမ်ထူထပ်ပြီး ရာသီဥတုမကောင်းသဖြင့် မုံရွာလေယာဉ်ကွင်းသို့ ပြန်လည်ဆင်းသက်ခဲ့ပြီးနောက် ရာသီဥတုအခြေအနေကို စောင့်ကြည့်၍မွန်းလွဲပိုင်းတွင် ကလေးဒေသသို့ ပြန်လည်သွားရောက်ခဲ့ကြောင်းသိရသည်။

ဩဂုတ် ၁ ရက်က မုံရွာလေယာဉ်ကွင်းမှ ကယ်ဆယ်ရေးပစ္စည်းများ ပို့ဆောင်ပေးရာတွင် အစားအသောက် ၁၀ တန်ကျော်နှင့် အသုံးအဆောင်ပစ္စည်း လေးတန်ကျော်ရှိ ပစ္စည်းအမျိုးပေါင်း ၂၁ မျိုးပို့ဆောင်ပေးခဲ့ကြောင်း၊ ကယ်ဆယ်ထောက်ပံ့ရေးပစ္စည်းများနှင့်အတူ စစ်ကိုင်းတိုင်းဒေသကြီးအစိုးရအဖွဲ့ဝင်များ၊ ဌာနဆိုင်ရာတာဝန်ရှိသူများပါဝင်သော ရေဘေးကယ်ဆယ်ရေးအထူးအဖွဲ့တို့လိုက်ပါသွားကြောင်း၊ ကလေးခရိုင်အတွင်း မိုးအဆက်မပြတ် ရွာသွန်းမှုကြောင့် ရာဇဂြိုဟ်ဆည်မှာ ဇူလိုင် ၃၁ ရက် ညနေ ၃ နာရီခွဲတွင် လက်ရှိရေအမှတ်မှာ ၆၅၃ ဒသမ ၂ ပေသို့ရောက်ရှိနေပြီး စိုးရိမ်ရေအမှတ်မှာ ၆၅၅ ပေဖြစ်သောကြောင့် ရေပိုလွှဲမှ ရေများလျှော့ချပေးလျက်ရှိရာ မွန်းလွဲ ၂ နာရီခန့်တွင် ဆည်ရေနှစ်ပေခန့်ကျသွားပြီ ဖြစ်ကြောင်းသိရသည်။

မိုးသည်းထန်စွာအဆက်မပြတ်ရွာသွန်းနေသောကြောင့် မြစ်သာမြစ်နှင့် နေရဥ္စရာမြစ်ရေ မြင့်တက်လာပြီး ဇူလိုင် ၃၁ ရက်ညနေအထိ မြို့ပေါ်ရပ်ကွက် ခုနစ်ရပ်ကွက်နှင့် ကျေးရွာ ၂၅ ရွာသို့ ရေများဝင်ရောက်ခဲ့ကြောင်း၊ ကလေးမြို့နယ်အတွင်းရှိ သံကူကွန်ကရစ် နတ်တံတား၊ ဇီးချောင်းသံတံတား၊ ဆည်ကြီးသံတံတား၊ အောင်မြင်သာသစ်သားတံတား၊ နတ်မြောင်းချောင်းတံတားတို့မှာ ရေတိုက်စားပြီး ပျက်စီးမှုများဖြစ်ပေါ်ခဲ့သည်။

ထို့ကြောင့် ကလေးခရိုင်အတွင်းရှိရေဘေးသင့်ဒေသများသို့ နိုင်ငံတော်အစီအစဉ်ဖြင့် အရေးပေါ်ကယ်ဆယ်ရေးပစ္စည်းများဖြစ်သော မော်တော်ဘုတ်များ၊ အသက်ကယ်အင်္ကျီများ၊ စကားပြောစက်များ၊ ရေသန့်ဘူးများ၊ အသင့်စားအစားအစာများ၊ အဝတ်အထည်နှင့် အခြားအသုံးအဆောင်ပစ္စည်းများကို ရဟတ်ယာဉ်၊ လေယာဉ်များအသုံးပြု၍ ကလေးခရိုင်အတွင်းရှိရေဘေးသင့်ဒေသများသို့ အမြန်ဆုံး ပို့ဆောင်ပေးလျက်ရှိကြောင်း သိရသည်။

ကလေးခရိုင်အတွင်း၌ ရေဘေးသင့်ပြည်သူ ၈၀၀၀ ကျော်ရှိပြီး မင်းကင်းမြို့နယ်တွင် လူဦးရေ ၁၀၀၀ကျော် ရှိသဖြင့် လောလောဆယ်တွင် ကယ်ဆယ်ရေးစခန်း ခြောက်ခုဖွင့်လှစ်ဆောင်ရွက်ပေးလျက်ရှိသည်။ ကလေးခရိုင်နှင့် အခြားရေဘေးသင့်ဒေသများသို့ အနယ်နယ်အရပ်ရပ်မှ လှူဒါန်းမှုပြုလိုပါလျှင် စစ်ကိုင်းတိုင်းဒေသကြီး အစိုးရအဖွဲ့ အတွင်းရေးမှူး ဖုန်း- ၀၇၁-၂၂၅၃၀၊ နယ်စပ်ရေးရာနှင့်လုံခြုံရေးဝန်ကြီး ဖုန်း-၀၇၁-၂၄၃၀၇၊ လမ်းပန်းဆက်သွယ်ရေးဝန်ကြီး ဖုန်း-၀၇၁-၂၄၃၁၂ နှင့် စစ်ကိုင်းတိုင်းဒေသကြီး ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေး ဦးစီးဌာန ဖုန်း-၀၇၁-၂၃၂၂၁ တို့သို့ ဆက်သွယ်နိုင်ကြောင်း သိရသည်။

**မျိုးဝင်းထွန်း(မုံရွာ)**



**မေတ္တာသင်္ဂဟအဖွဲ့ အကယ်ဒမီ ခန့်စည်သူနှင့် အနုပညာရှင်များက စစ်ကိုင်းတိုင်းဒေသကြီး ရေဘေးသင့် ကျေးရွာစဉ်အတိုင်း အင်္ကျီအထုပ်များ၊ ခေါက်ဆွဲခြောက်ထုပ်များ၊ ကွေကာအုပ်၊ ဓာတ်ဆားထုပ်၊ Alpine ရေသန့်ဘူးများနှင့် အလှူငွေ ကျပ်သိန်းပေါင်း ၃၂၀ တို့ကို လှူဒါန်းကြစဉ်။**

ကျော်မြင့်သန်း (လမ်းမတော်)

# မြန်မာအမျိုးသားလေကြောင်းလိုင်းမှ ကလေးဒေသ ရေဘေးသင့်ပြည်သူများထံသို့ လှူဒါန်းပစ္စည်းများ အခမဲ့ပို့ဆောင်ပေးမည်

**ရန်ကုန် ဩဂုတ် ၁**

မြန်မာအမျိုးသားလေကြောင်းလိုင်းမှ ကလေးမြို့ရှိ ရေဘေးသင့်ပြည်သူများထံသို့ ဆက်သွယ်ရာတွင် လမ်းပန်းဆက်သွယ်ရေးအဆင်ပြေချောမွေ့စေရန် မန္တလေးမြို့နှင့် ကလေးမြို့သို့ ဩဂုတ် ၁ ရက်မှ စတင်၍ လေယာဉ်နေ့စဉ်ပြေးဆွဲလျက်ရှိပြီး ကုန်းလမ်း သယ်ယူပို့ဆောင်ရေးလုပ်ငန်းများ ပြန်လည်ဆောင်ရွက်နိုင်သည့်ကာလအထိ ပြေးဆွဲသွားမည်ဖြစ်ကြောင်း သိရသည်။

ရန်ကုန်မှ မန္တလေးမြို့၊ မန္တလေးမှ ကလေးမြို့သို့ နေ့စဉ်ပြေးဆွဲပြီး ရန်ကုန်မှကလေးမြို့သို့ တစ်ပတ်လျှင် သုံးရက် တနင်္လာ၊ ဗုဒ္ဓဟူး၊ သောကြာနေ့များတွင် ပြေးဆွဲလျက်ရှိသည်။ ခရီးသည်တို့၏ လိုအပ်ချက်အရ တစ်နေ့လျှင် တစ်ကြိမ်ထပ်ဆောင်း၍ ပြေးဆွဲရန်လိုအပ်ပါက ထပ်မံပြေးဆွဲပေးမည်ဖြစ်ကြောင်း အသိပေးကြေညာထားသည်။

ကြေညာချက်တွင် ကလေးမြို့ ရေဘေးသင့် ပြည်သူများထံသို့ လှူဒါန်းသော လှူဖွယ်ပစ္စည်းများကို အခမဲ့သယ်ယူပို့ဆောင်ပေးပါကြောင်း အသိပေးထားသည်။ လှူဒါန်းမည့်ပစ္စည်းများကို ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ် ကုန်စည်ဌာနသို့ ပို့ဆောင်ရမည်ဖြစ်ပြီး ဆက်သွယ်ရမည့် တာဝန်ရှိဝန်ထမ်းများမှာ ကိုအောင်ကျော်စိုး ၀၉-၅၀၇၆၉၁၀၊ ကိုငွေးလွင် ၀၉-၄၅၈၀၄၁၀၈၂ ဖြစ်ပြီး မန္တလေးလေဆိပ်တွင် ဆက်သွယ်ရမည့်ဝန်ထမ်းမှာ ကိုအောင်မင်းထွေး ၀၉-၂၀၂၂၉၈၉ ရုံးဖုန်း-၀၂-၃၆၂၂၁၊ ၀၂-၃၆၂၂၂ တို့ဖြစ်သည်။

မန္တလေးလေဆိပ်သို့ လှူဖွယ်ပစ္စည်းများပို့ဆောင်ရာတွင် ချမ်းမြသာစည်လေဆိပ်နှင့် အပြည်ပြည်ဆိုင်ရာလေဆိပ်နှစ်ခုလုံးမှ ကလေးမြို့သို့ပို့ဆောင်ပေးမည်ဖြစ်ရာ အသေးစိတ်အချက်အလက်များ သိရှိလိုပါက မြန်မာအမျိုးသားလေကြောင်းလိုင်း ဖုန်း- ၀၁-၃၇၈၆၀၃၊ ၀၁-၃၇၈၆၀၄၊ ၀၁-၃၇၇၈၄၀ တို့သို့ ဆက်သွယ်စုံစမ်းမေးမြန်းနိုင်ကြောင်း သိရသည်။

**(ကြေးမုံ)**




# ရေဘေးသင့်ပြည်သူများအတွက် အလှူငွေနှင့် ပစ္စည်းများ ဆက်သွယ်လှူဒါန်းနိုင်

၂၀၁၅ခုနှစ် ဇွန်လနှင့် ဇူလိုင်လအတွင်း မိုးသည်းထန်စွာ ရွာသွန်းခြင်းကြောင့် နိုင်ငံတစ်ဝန်းတွင် ရေကြီး ရေလျှံမှုများ၊မြေပြိုမှုများဖြစ်ပေါ်လျက်ရှိရာ ဘေးသင့်ပြည်သူများအတွက် စေတနာရှင်ပြည်သူများအနေဖြင့် တစ်ဦးချင်းအနေဖြင့်သော်လည်းကောင်း၊ အသင်းအဖွဲ့အနေဖြင့်သော်လည်းကောင်း၊ အလှူငွေနှင့်ပစ္စည်းများ လှူဒါန်းလိုပါက လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့်ပြန်လည်နေရာချထားရေးဝန်ကြီးဌာနရှိ အောက်ပါလိပ်စာများသို့ ဆက်သွယ်လှူဒါန်းနိုင်ပါသည်-

၁။ ညွှန်ကြားရေးမှူး (စီမံဘဏ္ဍာဌာန)
၀၆၇-၄၀၄၃၁၆၊ ၀၉၂၀၂၁၄၉၁
ကယ်ဆယ်ရေးနှင့်ပြန်လည်နေရာချထားရေးဦးစီးဌာန၊
ရုံးအမှတ် (၂၃)၊ နေပြည်တော်

၂။ ညွှန်ကြားရေးမှူး(ကယ်ဆယ်ရေးဌာန)
၀၆၇-၄၀၄၃၁၈၊ ၀၆၇-၄၀၄၄၂၀၊ ၀၉၄၃၁၂၀၈၆၅၊
၀၉၄၂၈၁၂၅၀၂၇
ကယ်ဆယ်ရေးနှင့်ပြန်လည်နေရာချထားရေးဦးစီးဌာန၊
ရုံးအမှတ် (၂၃)၊နေပြည်တော်

၃။ ညွှန်ကြားရေးမှူး(ရန်ကုန်တိုင်းဒေသကြီးဦးစီးမှူး)
၀၁-၅၂၂၇၂၆၊၀၉၇၃၁၀၄၆၉၃
အမှတ်(၃) ရပ်ကွက်၊ မရမ်းကုန်းမြို့နယ်၊
ကျိုက်ဝိုင်းဘုရားလမ်း၊ ရန်ကုန်မြို့
ကယ်ဆယ်ရေးနှင့်ပြန်လည်နေရာချထားရေးဦးစီးဌာန၊

၄။ ညွှန်ကြားရေးမှူး (မန္တလေးတိုင်းဒေသကြီးဦးစီးမှူး)
၀၂-၃၉၄၅၇၊၀၉၄၃၁၂၀၈၆၇
၃၄×၃၅ လမ်းကြား၊ ၆၄×၆၅ လမ်းကြား၊ ခရိုင်တရားရုံးအနီး၊
ချမ်းအေးသာစံမြို့နယ်၊ မန္တလေးမြို့
ကယ်ဆယ်ရေးနှင့်ပြန်လည်နေရာချထားရေးဦးစီးဌာန၊

၅။ ညွှန်ကြားရေးမှူး(စစ်ကိုင်းတိုင်းဒေသကြီးဦးစီးမှူး)
၀၇၁-၂၃၂၂၁၊၀၉၄၇၀၉၃၄၈၀
နန္ဒာဝန်ရပ်ကွက်၊ တိုင်းရုံးပေါင်းစုံ၊ မုံရွာတက္ကသိုလ်ရှေ့၊ မုံရွာမြို့၊
ကယ်ဆယ်ရေးနှင့်ပြန်လည်နေရာချထားရေးဦးစီးဌာန၊

၆။ ဦးစီးအရာရှိ(မကွေးတိုင်းဒေသကြီးဦးစီးမှူး)
၀၆၃-၂၅၉၅၀၊၀၉၂၅၈၃၀၆၉၄၀
အမှတ် (၉၄၈)၊ ဘိုးရတနာရေသန့်စက်ရုံလမ်း၊
ဇက်ဆိပ်ကမ်းနှင့် (၁၆) လမ်းကြား၊
အောင်မေတ္တာ(က) ရပ်ကွက်၊ မကွေးမြို့၊
ကယ်ဆယ်ရေးနှင့်ပြန်လည်နေရာချထားရေးဦးစီးဌာန၊

၇။ ညွှန်ကြားရေးမှူး(ဧရာဝတီတိုင်းဒေသကြီးဦးစီးမှူး)
၀၄၂-၂၁၀၆၁၊၀၉၄၉၀၀၀၂၉၀
အမှတ်(၆)နယ်မြေ၊ ဘန့်ဘွေးကုန်းလမ်း၊ ပုသိမ်မြို့
ကယ်ဆယ်ရေးနှင့်ပြန်လည်နေရာချထားရေးဦးစီးဌာန၊

**လူမှုဝန်ထမ်း၊ကယ်ဆယ်ရေးနှင့်**
**ပြန်လည်နေရာချထားရေးဝန်ကြီးဌာန**



**မြန်မာနှင့်ဖိလစ်ပိုင်တို့ယှဉ်ပြိုင်နေစဉ်။** (MFF)

# မြန်မာ ယူ-၁၆ အသင်း နှစ်ပွဲဆက်နိုင်

အာဆီယံယူ - ၁၆ ပြိုင်ပွဲ အုပ်စုပွဲစဉ်များကို ယနေ့ ညနေပိုင်းက ကမ္ဘောဒီးယားနိုင်ငံ ဖနွမ်းပင်မြို့ရှိ အိုလံပစ်ကွင်း၌ ယှဉ်ပြိုင်ကစားရာ မြန်မာအသင်းနှစ်ပွဲဆက်အနိုင်ရရှိခဲ့သည်။

မြန်မာအသင်းမှာ အုပ်စုဒုတိယပွဲစဉ်အဖြစ် ဖိလစ်ပိုင်အသင်းနှင့် ယှဉ်ပြိုင်ခဲ့ရပြီး သုံးဂိုးပြတ်အနိုင်ရရှိခဲ့ခြင်း ဖြစ်သည်။ မြန်မာအသင်းအတွက် အနိုင်ဂိုးများကို ၃၇မိနစ်တွင် ဟိန်းထက်အောင်၊ ၄၄မိနစ်တွင် ဝင်းနိုင်ထွန်းနှင့် ၈၅ မိနစ်တွင် ကျော်ကျော်ထက်တို့က သွင်းယူခဲ့ခြင်းဖြစ်သည်။ မြန်မာအသင်းမှာ နှစ်ပွဲကစား၊ နှစ်ပွဲနိုင်၊ ခြောက်မှတ်ရရှိထားပြီး တတိယပွဲစဉ်အဖြစ် ဩဂုတ် ၃ ရက် တွင် ဩစတြေလျအသင်းနှင့် ထပ်မံကစားရမည်ဖြစ်သည်။

**(ဖိုးသော်ဇင်)**

ပြည်တွင်းရေးရာ

**✻ ကျောဖုံးမှ**

ယာမြေမရှိတော့ အိမ်ကပစ္စည်းတွေ မြုပ်တာပဲရှိပါတယ်။ ကျွန်တော်တို့က ဆိုင်ကယ်ကအစ အိမ်တွေမှာ ဒီအတိုင်း မြုပ်မြုပ်ဆိုပစ်ထားခဲ့ရတာ။ လူချည်းပဲ လွတ်အောင်ထွက်လာခဲ့ရတာပါ။

**ဒေါ်နီလာမြင့် (အနာဂတ် အလင်းတန်းဖောင်ဒေးရှင်း)**

ကျွန်မတို့ ဖောင်ဒေးရှင်းကအုပ်စု သုံးစုခွဲပြီး မန္တလေး၊ ကလေးနဲ့ မကွေး စတဲ့ နေရာသုံးခုမှာ ကူညီလှူဒါန်းမှုတွေ လုပ်သွားမှာပါ။ ပွင့်ဖြူက ရေဘေးသင့်ပြည်သူတွေအတွက် ဆန်အိတ် ၂၀၀၀၊ ရေသန့်ဘူး ၂၀၀၀၀၊ စောင်တို့၊ အင်္ကျီတို့ လှူဒါန်းသွားမယ်။ ဒီမှာက ဒီနေ့အတွက်ကို လူဦးရေ ၆၀၀ စာအတွက် ထမင်းဘူးတွေလည်း လှူဒါန်းသွားမှာပါ။ ကျွန်မတို့ ပွင့်ဖြူအဖွဲ့မှာလူအင်အား ၈၀ နဲ့ ကူညီဆောင်ရွက်သွားပါမယ်။

**ဒေါ်အေးအေးမြင့်**

**ပွင့်ဖြူမြို့၊ အလယ်ပိုင်းရပ်ကွက်**

မနေ့ကအိမ်ကနေ ရေတွေတက်လာတယ်ဆိုပြီး လမ်းထိပ်ထွက်တော့ကို ရေတွေတော်တော်များနေပြီ။ ကယ်ဆယ်ရေးတွေက အားလုံးကူညီပေးတယ်။ ပစ္စည်းတွေကိုလည်း သူတို့က ကူညီသယ်ပေးတယ်။ ကယ်ဆယ်ရေးတွေက အန်တီဆိုကိုယ့်ဘာသာသွားရင် ရေထဲမြုပ်နေလို့ ချိုင်းကမပြီး ဘေးလွတ်ရာပို့ပေးခဲ့တယ်။ အန်တီတို့ကတော့ အဝတ်တစ်ထည် ကိုယ်တစ်ခုနဲ့ထွက်လာတာ။ ကယ်ဆယ်ရေးတွေက အဆက်မပြတ်လုပ်နေကြတယ်။ သမုန်းကုန်းဘက်က အန်တီတပည့်လေးတွေ ရေကြီးတယ်ဆို ကုန်းပေါ်က ဘုန်းကြီးကျောင်းပေါ်မှာ သွားနေလိုက်တာ။ ဘုန်းကြီးကျောင်းက ရွာအပြင်မှာဆိုတော့ သူတို့ချည်း သီးသန့်လိုဖြစ်နေပြီး ပိတ်မိနေတယ်။ သူတို့ကအန်တီဆီဖုန်းနဲ့ ဆက်သွယ်လို့ အန်တီကယ်ဆယ်ရေးအဖွဲ့ကိုသွားပြီး အကြောင်းကြားထားတယ်။ သူတို့သွားရောက်ကယ်ဆယ်မယ်လို့ ပြောတယ်။

**ဦးတင်**

**ပွင့်ဖြူမြို့နယ်၊ လက်ခုတ်ပင်ကျေးရွာ**

အဘရွာကလူတွေကို တပ်မတော်သားတွေ၊ ကြက်ခြေနီအဖွဲ့ဝင်တွေ၊ မီးသတ်တပ်ဖွဲ့ဝင်တွေ အားလုံးပဲလာရောက် ကယ်ဆယ်ကြတယ်။ အဘတို့ရွာမှာအိမ်ခြေ ၂၃၀ လောက်ရှိတယ်။ အဘတို့ဆို လူကြီးတွေဆိုတော့ အန္တရာယ်မဖြစ်အောင် ကယ်ဆယ်ရေးအဖွဲ့တွေက ကုန်းပိုးပြီးဘေးလွတ်ရာအထိ ပို့ဆောင်ပေးခဲ့ကြတယ်။ ရွာကလူတွေ သုံးပုံနှစ်ပုံလောက်တော့ ကယ်ဆယ်ရေးစခန်းမှာရောက်ကုန်ကြပြီ။ အိမ်စိတ်မချလို့ ကျန်တဲ့သူတွေလည်း ကျန်နေသေးတယ်။ ကျန်တဲ့သူတွေကိုလည်း ကယ်ဆယ်ရေးအဖွဲ့ဝင်တွေက သွားပြီးခေါ်နေတယ်လို့ သိရတယ်။ အားလုံးအဆင်ပြေကြပါစေလို့ ဆုတောင်းပါတယ်။

**ဒုတိယရဲမှူးကြီး ဦးသက်ထွန်း**

**မင်းဘူးခရိုင်၊ ရဲတပ်ဖွဲ့မှူး**

ဒီမှာ နယ်မြေခံတပ်ရင်းရယ်၊ ကံသာကြီးကျေးရွာ အထက်တန်းကျောင်းနဲ့ ဘုန်းကြီးကျောင်းမှာရယ် ကယ်ဆယ်ရေးစခန်း သုံးနေရာဖွင့်ထားတယ်။ ဒီစခန်းသုံးခုထဲမှာတပ်ရင်းမှာကလူဦးရေပိုများတယ်။ ဒါကြောင့် ကျွန်တော်တို့ အဖွဲ့တွေခွဲပြီးထမင်းထုပ်တွေ ဖြန့်ဝေတာမျိုးတွေကအစ ဆောင်ရွက်ကြတယ်။ ပြီးတော့ အိမ်တွေ ပိတ်ပြီးထားခဲ့ရတော့ ပြည်သူတွေက အိမ်စိတ်မချတာမျိုးတွေရှိတယ်။ ဒါကြောင့် လုံခြုံရေးအတွက် ရေကင်းတွေလှည့်ပြီး ဆောင်ရွက်တယ်။ ရပ်ကွက်အုပ်ချုပ်ရေးမှူးတွေနဲ့ ပူးပေါင်းပြီး ညဘက်ဆိုလည်း အမြင့်ပိုင်းနေရာမျိုးကတစ်ဆင့် ဒါမှမဟုတ် လမ်းထောင့်တွေက တစ်ဆင့် လက်နှိပ်ဓာတ်မီးတွေနဲ့ အချက်ပြပြီး ကင်းလှည့်တာမျိုးတွေ ဆောင်ရွက်ကြပါတယ်။

ဒီမှာမီးလည်းပျက်နေတဲ့အတွက် ဖုန်းတွေလည်း အားမရှိဘဲဆက်သွယ်ရေး ပြတ်တောက်နေတာတော့ရှိတယ်။ ဒါပေမယ့် ကယ်ဆယ်ရေးလုပ်ငန်းကတော့ အဆက်မပြတ်ဆောင်ရွက်နေတယ်။ ကယ်ဆယ်ရေးအတွက် ဆက်သွယ်လာတာမှန်သမျှကို သွားရောက်ကယ်ဆယ်မှုတွေလုပ်နေတယ်။ ကယ်ဆယ်ရေးအတွက် အသုံးပြုမယ့် တပ်မတော်က speed boat တွေလည်း ရောက်နေပါပြီ။ ပြီးတော့ ပဲ့တောင်တွေနဲ့လည်း ကယ်ဆယ်ရေးအတွက် ဆောင်ရွက်နေပါတယ်။

**ဒုတပ်ကြပ် အောင်သဲပိုင်**

**တိုင်းအကူရဲတပ်ဖွဲ့၊ မကွေးမြို့**

ကယ်ဆယ်ရေးလုပ်တဲ့ နေရာမှာ ပြည်သူတွေ အန္တရာယ်မဖြစ်အောင် ရေကျော်ရဲ့ ဟိုဘက်ကမ်းကသစ်ပင်နဲ့ ဒီဘက်ကမ်းကသစ်ပင်ကို ကြိုးနဲ့ချည်ပြီး ကြိုးကနေတစ်ဆင့်ကဲ့ပြီးဆောင်ရွက်တယ်။ မနေ့ကအဲလိုဆောင်ရွက်နေတုန်းသစ်ပင်က လဲသွားတော့ ကျွန်တော်တို့အဖွဲ့တွေ ချက်ချင်းရေထဲမြန်မြန်ဆင်းပြီး ကြိုးကိုပြန်ချည်ဖို့ ဆောင်ရွက်ခဲ့ရတယ်။ အဲဒါလေးက ကယ်ဆယ်ရေးလုပ်နေရင်း ဖြစ်သွားတဲ့ အခက်အခဲလေးတစ်ခုပါ။

ဇူလိုင် ၃၁ ရက်ထိစာရင်းကောက်ယူမှုအရ မကွေးတိုင်းဒေသကြီးအတွင်းရှိ ပွင့်ဖြူမြို့နယ်ရှိကျောင်းကုန်းကြီးကျေးရွာအုပ်စုမှ လူဦးရေ ၁၄၀၊ မုန်းဇလဲကျေးရွာမှ လူဦးရေ ၂၁၃ ဦးနှင့် မကျီးကုန်း၊ သမန်းရင်း၊ ဥယျာဉ်ကျစ်၊ ရှောက်တောကျေးရွာများတွင် ရေဝင်ရောက်မှုကြောင့် ဘေးလွတ်ရာစလင်းမြို့နယ်ရှိ ဘုန်းတော်ကြီးကျောင်းများသို့ ပြောင်းရွှေ့ခဲ့ရသော လူဦးရေ ၁၀၃၂ ဦးရှိပြီး စေတုတ္တရာမြို့နယ်တွင်လည်း ဩဂုတ် ၁ ရက်နံနက်ပိုင်းအထိစာရင်းကောက်ယူမှုအရ ကျေးရွာနေအိမ်ထောင်စု ၅၄၂စုမှ လူဦးရေ ၂၈၄၄ ဦးတို့အား ဘေးလွတ်ရာနေရာများသို့ ပြောင်းရွှေ့ထားရကြောင်း သိရသည်။ ■



ဦးတင်ညွန့်။



ဦးသန်းဝင်းအောင်။



ဒေါ်နီလာမြင့်။



ဒေါ်အေးအေးမြင့်။



ဦးတင်နှင့် ဇနီး။



ဦးသက်ထွန်း။

## ငါးမွေးမြူရေးကန်များ ရေကြီးနစ်မြုပ်မှုမှ ကြိုတင်ကာကွယ်ရေး သတိပေးနှိုးဆော်ချက်

နိုင်ငံတော် စားနပ်ရိက္ခာဖူလုံရေးနှင့် ပြည်ပတင်ပို့ခြင်းဖြင့် နိုင်ငံခြားငွေရရှိရေးအတွက် နိုင်ငံအနှံ့အပြားတွင် ငါးမွေးမြူရေးကန်များဖြင့် မွေးမြူဆောင်ရွက်လျက်ရှိရာ မိုးအလွန်အကျွံရွာသွန်းခြင်းနှင့် မြစ်ရေကြီးခြင်းများကြောင့် ငါးမွေးမြူရေးကန်များ ရေကြီးနစ်မြုပ်ခြင်းမှကြိုတင်ကာကွယ်ရန်နှင့် ဆုံးရှုံးမှုလျော့နည်းစေရေးအတွက် အောက်ဖော်ပြပါ အချက်များကို ငါး/ပုစွန်မွေးမြူရေးကန်များ၌ လိုက်နာဆောင်ရွက်ကြပါရန် သတိပေး နှိုးဆော်အပ်ပါသည် -

(၁) မွေးမြူရေးကန်များ၏ ကန်ပေါင်များ ခိုင်ခံ့ရန်အတွက် ကန်ပေါင်ပါးသော/နိမ့်သောနေရာများတွင် သဲအိတ်များဖို့၍ ကန်ပေါင်ခိုင်ခံ့အောင် ပြုလုပ်ထားရန်၊

(၂) အကယ်၍ ရေကြီး/ရေလျှံလာပါက ငါးများလွတ်ထွက်မှုမရှိစေရေးအတွက် ဇာပြာပိုက်များဖြင့် ကာရံထားရန်၊

(၃) ရေစီးကြောင်းနှင့်နီးသော ငါးကန်များတွင် ရေတိုက်စားမှုမှကာကွယ်ရန်အတွက် တုတ်ရိုက်ပြီး ဝါးထရံများဖြင့်ကာရံ၍ သဲအိတ်များဖို့ထားရန်၊

(၄) လိုအပ်ပါက ငါးများရွှေ့ပြောင်းနိုင်ရန်အတွက် ငါးဖမ်းပိုက်များ၊ စက်လှေများနှင့် စက်ပစ္စည်းများအား ကြိုတင်ပြင်ဆင်ထားရန်နှင့် အထူးသဖြင့် မျိုးငါးကြီးများအား ဦးစားပေးရွှေ့ပြောင်းကြရန်၊

(၅) သိုလှောင်ထားသော ငါးအစာနှင့် လုပ်ငန်းသုံးပစ္စည်းများအား ရေလွတ်သောနေရာသို့ ရွှေ့ပြောင်းထားရန်၊

(၆) ပုံမှန်အစာကျွေးခြင်းဖြင့် ငါးများလွတ်ထွက်မသွားစေရေး ဆောင်ရွက်ထားရန်၊

(၇) မွေးမြူရေးကန်၏ ရေထွက်/ရေလျှံပေါက်များ၊ ရေကျော်မည့်နေရာများအား အစဉ်ဂရုတစိုက်စစ်ဆေးနေရန်၊

(၈) ထူးခြားသည့်အခြေအနေများကို အချိန်နှင့်တစ်ပြေးညီသိရှိနိုင်ရန်အတွက် ဆက်သွယ်သတင်းပေးနိုင်မည့် နည်းလမ်းများအား ကြိုတင်ပြင်ဆင်ထားရန်၊

(၉) အစိုးရပိုင်ရေဒီယို၊ အသံလွှင့်ဌာနများမှ ထုတ်လွှင့်လျက်ရှိသော အရေးပေါ်မိုးလေဝသ သတိပေးချက်များနှင့်ပတ်သက်သည့်သတင်းများကို အမြဲဂရုတစိုက်နားထောင်ရန်နှင့် ပြည်တွင်းထုတ်ဂျာနယ်များတွင်ပါရှိသည့် မိုးလေဝသနှင့် ပတ်သက်သည့်သတင်း၊ ဆောင်းပါးများအား အမြဲမပြတ်ဖတ်ရှုသတိပြုပြီး ငါးမွေးမြူသူအချင်းချင်း သတင်းအချက်အလက်ဖလှယ်ကြရန်၊

(၁၀) ရေကြီးနစ်မြုပ်မှုအတွက် အရေးပေါ်အခြေအနေများဖြစ်ပေါ်ပါက နီးစပ်ရာ ငါးလုပ်ငန်းဦးစီးဌာနများနှင့် ဆက်သွယ်အကူအညီတောင်းခံကြရန်။

**မွေးမြူရေး၊ ရေလုပ်ငန်းနှင့် ကျေးလက်ဒေသဖွံ့ဖြိုးရေးဝန်ကြီးဌာန**
**ငါးလုပ်ငန်းဦးစီးဌာန**

## ညောင်ဦး၊ မင်းဘူး၊ အောင်လံ၊ ပြည်၊ ဆိပ်သာ၊ ဇလွန်၊ မော်လိုက်၊ မုံရွာနှင့် ရွှေကျင်မြို့များ စိုးရိမ်ရေမှတ်ကျော်

**နေပြည်တော် ဩဂုတ် ၁**

ဧရာဝတီမြစ်ရေသည် ညောင်ဦးမြို့တွင် ဩဂုတ် ၁ ရက် နံနက် ၁ နာရီခွဲမှစ၍ စိုးရိမ်ရေမှတ်သို့ ရောက်ရှိခဲ့ပြီး ယနေ့ မွန်းလွဲ၁၂ နာရီခွဲအချိန် တိုင်းထွာချက်အရ ယင်းမြို့၏ စိုးရိမ်ရေမှတ်အထက် ၂၉ စင်တီမီတာ (တစ်ပေခန့်) ကျော်လွန်နေသည်။ အဆိုပါမြစ်ရေသည် နောက်သုံးရက်အတွင်း ယင်းမြို့၏ စိုးရိမ်ရေမှတ်အထက်တွင် ဆက်လက်တည်ရှိနိုင်သည်။

ဧရာဝတီမြစ်ရေသည် မင်းဘူးမြို့တွင် ဩဂုတ် ၁ ရက် နံနက် ၁၀ နာရီမှစ၍ စိုးရိမ်ရေမှတ်သို့ ရောက်ရှိခဲ့ပြီး ယနေ့မွန်းလွဲ ၁၂ နာရီခွဲအချိန် တိုင်းထွာချက်အရ ယင်းမြို့၏ စိုးရိမ်ရေမှတ်အထက် ၇ စင်တီမီတာ (သုံးလက်မခန့်) ကျော်လွန်နေသည်။ အဆိုပါမြစ်ရေသည် နောက်သုံးရက်အတွင်း ယင်းမြို့၏ စိုးရိမ်ရေမှတ်အထက်တွင် ဆက်လက်တည်ရှိနိုင်သည်။

ဧရာဝတီမြစ်ရေသည် အောင်လံမြို့တွင် ဩဂုတ် ၁ ရက် နံနက် ၄ နာရီခွဲမှစ၍ စိုးရိမ်ရေမှတ်သို့ ရောက်ရှိခဲ့ပြီး ယနေ့ မွန်းလွဲ ၁၂ နာရီခွဲအချိန်တိုင်းတာချက်များအရ ယင်းမြို့၏ စိုးရိမ်ရေမှတ်အထက် ၂၁ စင်တီမီတာ (ပေဝက်ခန့်)ကျော်လွန်နေသည်။ အဆိုပါမြစ်ရေသည် နောက်သုံးရက်အတွင်း ယင်းမြို့၏ စိုးရိမ်ရေမှတ်အထက်တွင် ဆက်လက်တည်ရှိနိုင်သည်။

ဧရာဝတီမြစ်ရေသည် ပြည်မြို့တွင် ဇူလိုင် ၃၁ ရက် ည ၁၁ နာရီခွဲမှစ၍ စိုးရိမ်ရေမှတ်သို့ ရောက်ရှိခဲ့ပြီး ယနေ့ မွန်းလွဲ ၁၂နာရီခွဲအချိန် တိုင်းထွာချက်အရ ယင်းမြို့၏ စိုးရိမ်ရေမှတ်အထက် ၂၃ စင်တီမီတာ (တစ်ပေခန့်)ကျော်လွန်နေသည်။ အဆိုပါမြစ်ရေသည် နောက်သုံးရက်အတွင်း ယင်းမြို့၏ စိုးရိမ်ရေမှတ်အထက်တွင် ဆက်လက်တည်ရှိနိုင်သည်။

ဧရာဝတီမြစ်ရေသည် ဆိပ်သာမြို့တွင် ဩဂုတ် ၁ ရက် နံနက် ၆ နာရီခွဲမှစ၍ စိုးရိမ်ရေမှတ်သို့ ရောက်ရှိခဲ့ပြီး ယနေ့မွန်းလွဲ ၁၂ နာရီခွဲအချိန် တိုင်းထွာချက်အရ ယင်းမြို့၏ စိုးရိမ်ရေမှတ်အထက် ၁၉ စင်တီမီတာ (ပေဝက်ခန့်) ကျော်လွန်နေသည်။ အဆိုပါမြစ်ရေသည် နောက်သုံးရက်အတွင်း ယင်းမြို့၏ စိုးရိမ်ရေမှတ်အထက်တွင် ဆက်လက်တည်ရှိနိုင်သည်။

ဧရာဝတီမြစ်ရေသည် ဇလွန်မြို့တွင် ဩဂုတ် ၁ ရက် နံနက် ၀၀း၃၀ နာရီမှစ၍ စိုးရိမ်ရေမှတ်သို့ ရောက်ရှိခဲ့ပြီး ယနေ့မွန်းလွဲ ၁၂ နာရီခွဲအချိန် တိုင်းထွာချက်အရ ယင်းမြို့၏ စိုးရိမ်ရေမှတ်အထက် ၂၀ စင်တီမီတာ (ပေဝက်ခန့်) ကျော်လွန်နေသည်။ အဆိုပါမြစ်ရေသည် နောက်သုံးရက်အတွင်း ယင်းမြို့၏ စိုးရိမ်ရေမှတ်အထက်တွင် ဆက်လက်တည်ရှိနိုင်သည်။

ချင်းတွင်းမြစ်ရေသည် မော်လိုက်မြို့တွင် ဇူလိုင် ၃၁ ရက် ည ၁၁ နာရီခွဲမှစ၍စိုးရိမ်ရေမှတ်သို့ရောက်ရှိခဲ့ပြီး ယနေ့ မွန်းလွဲ ၁၂ နာရီခွဲအချိန် တိုင်းထွာချက်အရ ယင်းမြို့၏ စိုးရိမ်ရေမှတ်အထက် ၆၈ စင်တီမီတာ (နှစ်ပေခန့်)ကျော်လွန်နေသည်။ အဆိုပါမြစ်ရေသည် နောက်သုံးရက်အတွင်း ယင်းမြို့၏ စိုးရိမ်ရေမှတ်အထက်တွင် ဆက်လက်တည်ရှိနိုင်သည်။

ချင်းတွင်းမြစ်ရေသည် မုံရွာမြို့တွင် ဇူလိုင် ၃၀ ရက် နံနက် ၆ နာရီခွဲမှစ၍စိုးရိမ်ရေမှတ်သို့ ရောက်ရှိခဲ့ပြီးယနေ့ မွန်းလွဲ ၁၂ နာရီခွဲအချိန် တိုင်းထွာချက်အရ ယင်းမြို့၏ စိုးရိမ်ရေမှတ်အထက် ၇၄ စင်တီမီတာ (နှစ်ပေခွဲခန့်) ကျော်လွန်နေသည်။ အဆိုပါမြစ်ရေသည် နောက် သုံးရက်အတွင်း ယင်းမြို့၏ စိုးရိမ်ရေမှတ်အထက်တွင် ဆက်လက်တည်ရှိနိုင်သည်။

ရွှေကျင်မြစ်ရေသည် ရွှေကျင်မြို့တွင် ဇူလိုင် ၃၀ရက် နံနက် ၁၁နာရီခွဲမှစ၍ စိုးရိမ်ရေမှတ်သို့ ရောက်ရှိခဲ့ပြီး ယနေ့မွန်းလွဲ ၁၂ နာရီခွဲအချိန် တိုင်းထွာချက်အရ ယင်းမြို့၏ စိုးရိမ်ရေမှတ်အထက် ၄၈ စင်တီမီတာ (တစ်ပေခွဲခန့်) ကျော်လွန်နေသည်။ အဆိုပါမြစ်ရေသည်နောက် နှစ်ရက်အတွင်း ယင်းမြို့၏ စိုးရေမှတ်အထက်တွင် ဆက်လက်တည်ရှိနိုင်ကြောင်း မိုးလေဝသနှင့် ဇလဗေဒဉ္ဇန်ကြားမှုဦးစီးဌာနမှ သိရသည်။

**(ကြေးမုံ)**

# ၂၀၁၅ ခုနှစ် ဇွန်လနှင့်ဇူလိုင်လအတွင်း တိုင်းဒေသကြီး/ပြည်နယ်များအလိုက် ရေဘေးဖြစ်ပွားမှုအပေါ် လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနမှ ပေးပို့ထောက်ပံ့မှုအခြေအနေ

| စဉ် | ဘေးဖြစ်ပွားသည့်လ တိုင်းဒေသကြီး/ပြည်နယ် | ဘေးသင့်အိမ်ထောင်စု | | ဘေးသင့် လူဦးရေ | သေဆုံး | ထောက်ပံ့မှုကျပ် | | | | | | မှတ်ချက် |
|---|---|---|---|---|---|---|---|---|---|---|---|---|
| | | မျောပါပျက်စီး | ပြောင်းရွှေ့ | | | ဆန်ရိက္ခာ | အရေးပေါ် အစားအစာ | အိမ်ဆောက် ပစ္စည်း | ကဆရ ပစ္စည်း | သေဆုံး | စုစုပေါင်း | |
| | ဇွန်လ(၂၄)ရက်နေ့မှ(၂၈)ရက်နေ့ထိ | | | | | | | | | | | |
| ၁။ | ရခိုင်ပြည်နယ် | ၃၈၉ | ၁၈၆၇ | ၁၃၅၄၂ | ၆ | ၂၈၃၅၀၀၀ | ၂၈၃၅၈၄၀ | ၄၀၃၀၀၀၀၀ | ၁၃၆၆၉၆၁၄ | ၆၀၀၀၀၀ | ၆၀၂၄၀၄၅၄ | |
| ၂။ | တနင်္သာရီ | - | ၅၆ | ၂၆၄ | | ၁၇၄၆၀၀ | - | - | ၄၅၅၂၈၀ | - | ၆၂၉၈၈၀ | |
| ၃။ | ကရင် | - | ၇၂ | ၃၈၉ | | - | ၉၅၆၉၄၀ | - | - | - | ၉၅၆၉၄၀ | |
| ၄။ | ဧရာဝတီ | ၄ | ၁၄၉ | ၇၁၆ | ၁ | ၅၃၇၇၅၀ | - | - | ၁၂၉၉၆၃၄ | - | ၁၈၃၇၃၈၄ | |
| ၅။ | ပဲခူး | ၁၂ | ၂ | - | - | - | - | - | ၂၈၁၀၅၂ | - | ၂၈၁၀၅၂ | |
| | ပေါင်း | ၄၀၅ | ၂၁၄၆ | ၁၄၉၁၁ | ၇ | ၃၅၄၇၃၅၀ | ၃၇၉၂၇၈၀ | ၄၀၃၀၀၀၀၀ | ၁၅၇၀၅၅၈၀ | ၆၀၀၀၀၀ | ၆၃၉၄၅၇၁၀ | |
| | ဇူလိုင်လ(၁၆)ရက်နေ့မှ(၃၁)ရက်နေ့ထိ | | | | | | | | | | | |
| ၁။ | စစ်ကိုင်းတိုင်းဒေသကြီး | ၃၅ | ၇၆၄၄ | ၁၀၀၅၄၁ | ၇ | ၁၈၅၃၂၇၅၀ | - | ၁၇၅၀၀၀၀ | ၉၃၆၅၇၂၀ | ၆၀၀၀၀၀ | ၃၀၂၄၈၄၇၀ | |
| ၂။ | ကချင်ပြည်နယ် | ၂ | ၁၀၉၅ | ၆၀၆၃ | ၁ | ၁၂၇၀၃၂၅၀ | - | - | ၂၉၁၀၅၄၀ | ၁၀၀၀၀၀ | ၁၅၇၁၃၇၉၀ | |
| ၃။ | ရှမ်းပြည်နယ် | ၃ | ၅ | ၄၄၇၂ | ၅ | - | - | - | ၁၄၇၂၆၈၈ | - | ၁၄၇၂၆၈၈ | |
| ၄။ | မန္တလေးတိုင်းဒေသကြီး | ၈၈ | - | ၄၂၀ | ၇ | - | - | ၂၈၅၀၀၀၀ | ၁၂၅၇၇၆၂ | - | ၄၁၀၇၇၆၂ | (၄)ဦး ပျောက်ဆုံး |
| ၅။ | ချင်းပြည်နယ် | ၄ | ၆၂ | ၂၁၄ | - | - | - | - | - | - | - | |
| ၆။ | ရခိုင်ပြည်နယ် | - | ၂၇၁ | ၁၂၃ | - | - | - | - | - | - | - | |
| ၇။ | ကရင်ပြည်နယ် | - | ၃၄၈ | ၁၈၀၉ | - | - | ၁၄၀၉၁၀၀ | - | - | - | ၁၄၀၉၁၀၀ | |
| ၈။ | မွန်ပြည်နယ် | - | ၂၈၉ | ၁၃၀၂ | - | - | ၁၁၀၀၄၀၀ | - | ၂၃၄၉၅၇၀ | - | ၃၄၄၉၉၇၀ | |
| ၉။ | ပဲခူးတိုင်းဒေသကြီး | - | ၂၈၉၃ | ၁၃၂၅၆ | - | - | - | - | - | - | - | |
| ၁၀။ | မကွေးတိုင်းဒေသကြီး | - | ၆၀ | ၂၂၄ | - | - | - | - | - | - | - | |
| ၁၁။ | ဧရာဝတီတိုင်းဒေသကြီး | - | ၅၃ | ၂၆၉ | - | - | - | - | ၄၃၀၈၉၀ | - | ၄၃၀၈၉၀ | |
| ၁၂။ | ရန်ကုန်တိုင်းဒေသကြီး | - | ၅၈ | ၂၆၇ | - | - | - | - | - | - | - | |
| | ပေါင်း | ၁၃၂ | ၁၂၇၇၈ | ၁၂၈၉၆၀ | ၂၀ | ၃၁၂၃၆၀၀၀ | ၂၅၀၉၅၀၀ | ၄၆၀၀၀၀၀ | ၁၇၇၈၇၁၇၀ | ၇၀၀၀၀၀ | ၅၆၈၃၂၆၇၀ | |
| | ဇွန်လနှင့် ဇူလိုင်လ စုစုပေါင်း | ၅၃၇ | ၁၄၉၂၄ | ၁၄၃၈၇၁ | ၂၇ | ၃၄၇၈၃၃၅၀ | ၆၃၀၂၂၈၀ | ၄၄၉၀၀၀၀၀ | ၃၄၄၉၂၇၅၀ | ၁၃၀၀၀၀၀ | ၁၂၀၇၇၈၃၈၀ | |

## ကံထူးရှင်ထွက်ပေါ်

**ရန်ကုန် ဩဂုတ် ၁**

ပြည်တွင်းအခွန်များဦးစီးဌာန အောင်ဘာလေသိန်းဆုဌာနခွဲ၏ (၁၁၉) ကြိမ် ၁-၈-၂၀၁၅ ရက်နေ့တွင် အောင်ဘာလေသိန်းဆုဌာနခွဲမှ ထွက်ပေါ်လာသော ဆုမဲများမှာ အောက်ပါအတိုင်းဖြစ်သည်-

**ကျပ်သိန်း ၁၅၀၀ ဆု**

ခ-၄၈၁၂၀၇

**ကျပ်သိန်း ၁၀၀၀ ဆု**

ဒ-၈၀၈၁၂၇၊ ပ-၈၉၈၃၅၇

**ကျပ်သိန်း ၅၀၀ ဆုများ**

ဇ-၄၄၃၁၀၈၊ ဈ-၃၁၇၇၆၀
မ-၅၅၀၈၄၁၊ ဖ-၉၆၅၀၀၂
ဈ-၅၃၆၅၁၆

**ကျပ်သိန်း ၃၀၀ ဆုများ**

ဘ-၉၅၇၈၀၉၊ ဝ-၇၂၅၃၁၉
ဝ-၃၄၉၈၄၃၊ ကက-၄၂၉၃၄၇
ဘ-၅၃၁၁၄၅၊ ကက-၅၈၀၃၄၉

**ကျပ်သိန်း ၂၀၀ ဆုများ**

စ-၉၀၀၆၄၀၊ ဗ-၇၆၄၉၁၀
န-၁၃၅၃၁၂၊ ကဂ-၆၁၆၇၂၁
ယ-၄၇၄၄၆၇၊ ထ-၂၅၀၅၇၁
ဖ-၉၇၆၂၆၀

**ကျပ်သိန်း ၁၀၀ ဆုမဲများ**

ယ-၁၅၃၉၈၈၊ ပ-၁၄၂၇၁၉
ပ-၅၇၁၈၅၈၊ စ-၇၂၈၄၂၉
ဍ-၇၃၄၆၆၁၊ ည-၅၆၂၇၄၅
ဈ-၁၄၂၆၂၆၊ ဟ-၈၄၆၄၄၃
အ-၂၈၉၄၀၅၊ ဟ-၇၂၅၇၈၂
က-၁၅၅၃၂၈၊ က-၁၄၈၁၀၃
ကခ-၇၄၀၆၇၇၊ ဖ-၄၉၂၇၇၀
လ-၁၀၇၅၀၈၊ မ-၅၈၆၇၀၀

## စစ်ကိုင်းတိုင်းဒေသကြီး ကလေးမြို့ရှိ ရေဘေးသင့်ပြည်သူများအတွက် ကမ္ဘောဇဘဏ်လီမိတက် အနာဂတ်အလင်းတန်းမြန်မာဖောင်ဒေးရှင်းက အလှူငွေနှင့်ပစ္စည်းများ သွားရောက်လှူဒါန်း

**ရန်ကုန် ဩဂုတ် ၁**

စစ်ကိုင်းတိုင်းဒေသကြီး ကလေးမြို့ရှိ ရေဘေးသင့်ပြည်သူများအတွက် ကမ္ဘောဇဘဏ်လီမိတက် အနာဂတ်အလင်းတန်းမြန်မာဖောင်ဒေးရှင်း ဥက္ကဋ္ဌ ဒေါ်နန်းလိုင်းခမ် ဦးဆောင်၍ ကမ္ဘောဇဘဏ်လီမိတက် ဝန်ထမ်းများ၊ စေတနာရှင်ပြည်သူများ၊ ဝေဠုကျော် ဖောင်ဒေးရှင်းနှင့် အောင်မြင်သူ ကုမ္ပဏီအုပ်စုမှ တာဝန်ရှိသူများက ယနေ့ညနေပိုင်းတွင် အလှူငွေနှင့် အသင့် စားသောက်ဖွယ်ရာများ၊ ကယ်ဆယ်ရေးပစ္စည်းများကို ကလေးမြို့သို့ သွားရောက်လှူဒါန်းခဲ့ကြသည်။



ကမ္ဘောဇဘဏ်လီမိတက် အနာဂတ်အလင်းတန်းမြန်မာဖောင်ဒေးရှင်း ဥက္ကဋ္ဌနှင့်အဖွဲ့ဝင်များသည် ယနေ့ မွန်းတည့် ၁၂ နာရီနှင့် မွန်းလွဲ ၁၂ နာရီခွဲတွင် ရန်ကုန်အပြည်ပြည်ဆိုင်ရာ လေဆိပ်မှ အဲကမ္ဘောဇလေယာဉ် နှစ်စင်းဖြင့် ထွက်ခွာလာကြပြီး ကလေးမြို့ရှိ ရေဘေးကယ်ဆယ်ရေး စခန်းများနှင့် ရေဘေးသင့်ဒေသများသို့ သွားရောက်ကာ အလှူငွေကျပ်သိန်း ၃၀၀ နှင့် ငွေကျပ်သိန်း ၅၀၀ တန်ဖိုးရှိ ကျားဝတ် အထည် ၅၄၀၊ မဝတ် အထည် ၈၅၀၊ ကလေးဝတ် အထည် ၅၈၀၊ စောင်၊ ခြင်ထောင်၊ မျက်နှာသုတ်ပဝါနှင့် အိပ်ရာပစ္စည်းများ၊ ကလေးအသုံးအဆောင်နှင့် ကစားစရာပစ္စည်းများ၊ ဆေးဝါး၊ ခါတ်မီး၊ ဖယောင်းတိုင်နှင့် အခြား အသုံးအဆောင်ပစ္စည်းများ၊ ငါးသေတ္တာ၊ ခေါက်ဆွဲ ခြောက်ထုပ်နှင့် မုန့်များ စသည့် အသင့်စားသောက်ဖွယ်ရာများနှင့်ရေဘေးကယ်ဆယ်ရေး ပစ္စည်းများကို ရေဘေးသင့်ပြည်သူများထံ လက်ရောက်သွားရောက် လှူဒါန်းခဲ့ကြသည်။

"မိုးက ဒီနေ့ တိတ်သွားပေမယ့် မြို့တစ်ဝက်ကျော်ကို ရေလွှမ်းနေတယ်။ အခုဆို ကလေးလေဆိပ်ဝန်းကျင်မှာရှိတဲ့ ပင်လုံ(၃)ရပ်ကွက်နဲ့တာဟမ်းအပိုင်းပဲ ကျန်တော့တယ်။ ဒေသခံပြည်သူအများစုကတော့ ကယ်ဆယ်ရေးစခန်းတွေမှာပဲ သွားနေကြရတယ်။ ဒီနေ့ နိုင်ငံတော်သမ္မတကြီးကိုယ်တိုင် ကလေးမြို့ကို လာတဲ့အပြင် ကမ္ဘောဇဘဏ်ကပါ ဦးဆောင်ပြီး လာရောက်လှူဒါန်းတဲ့အတွက် ကျေးဇူးအများကြီးတင်ပါတယ်" ဟု ဒေသခံပြည်သူတစ်ဦးဖြစ်သူ ကိုသက်နိုင်ဦးက ပြောသည်။

ကမ္ဘောဇဘဏ်လီမိတက် အနာဂတ်အလင်းတန်းမြန်မာဖောင်ဒေးရှင်းက ကလေးမြို့ရှိ ရေဘေးသင့် ပြည်သူများအတွက် အလှူငွေနှင့် ပစ္စည်းများကို အဲကမ္ဘောဇလေယာဉ်ဖြင့် ဩဂုတ် ၂ ရက်တွင် ဆက်လက်သွားရောက်လှူဒါန်းမည်ဖြစ်ကြောင်း သိရသည်။

ကမ္ဘောဇဘဏ်လီမိတက်သည် ကလေးမြို့ ရေဘေးသင့်ပြည်သူ ၃၀၀၀ ကို ဇူလိုင် ၂၉ ရက်မှ ယနေ့အထိ နေ့စဉ်ထမင်းထုပ်များ ပေးအပ်လှူဒါန်းလျက်ရှိသည့်အပြင် စစ်ကိုင်းတိုင်းဒေသကြီးအတွင်းရှိ အခြားရေဘေးသင့် ဒေသများအတွက်လည်း အလှူငွေနှင့်ပစ္စည်းများကို တတ်စွမ်းသမျှ စဉ်ဆက်မပြတ် ပေးအပ်လှူဒါန်းလျက်ရှိကြောင်း သိရသည်။ **(ခင်မောင်ထွေး)**

## နောက်နှစ်ရက်အတွက် ခန့်မှန်းချက်

မြန်မာနိုင်ငံတောင်ပိုင်းဒေသများတွင် မိုးပိုလာနိုင်သည်။

## ရေဘေးရန်ပုံငွေ ပန်းချီပြပွဲ၊ ရောင်းပွဲနှင့် စာအုပ်ဈေးပွဲတော် ကျင်းပမည်

**ရန်ကုန် ဩဂုတ် ၁**

မြန်မာနိုင်ငံအနှံ့တွင် ဇူလိုင်လဆန်းပိုင်းမှစ၍ မုန်တိုင်းကြောင့် မိုးများ ရွာသွန်းခြင်း၊ မြစ်ရေကြီးခြင်းနှင့် ရေဘေးအန္တရာယ်များ ကြုံတွေ့နေရသဖြင့် စေတနာရှင်ပန်းချီအနုပညာရှင်များနှင့် စာပေမြတ်နိုးသူများ၊ စေတနာရှင်များ စုပေါင်းပြီး ရေဘေးရန်ပုံငွေ ပန်းချီပြပွဲ၊ ပန်းချီရောင်းပွဲနှင့် စာအုပ်ဈေးပွဲကို ရန်ကုန်မြို့ (၃၅)လမ်း(အလယ်)ရှိ River Ayeyarwaddy Gallery တွင် ဩဂုတ် ၅ ရက်မှ ၇ ရက်အထိ သုံးရက်ကြာကျင်းပမည်ဟု သိရသည်။

အဆိုပါ ပန်းချီပြပွဲနှင့်ရောင်းပွဲနှင့် စာအုပ်ဈေးပွဲတွင် စေတနာရှင် ပန်းချီပညာရှင်များနှင့် စာပေမြတ်နိုးသူများက ၎င်းတို့၏ပန်းချီကားများ၊ ရေဘေးသင့်ပြည်သူများကိုအရေးပေါ်လှူဒါန်းနိုင်ရန် ဆွဲပြီးသော ပန်းချီကားများ၊ စာအုပ်များကို ငွေပေါ်ဈေးဖြင့် ရောင်းချမည်ဖြစ်ပြီး ရရှိလာသည့် ရောင်းရငွေများ အားလုံးကို ဒေါ်သန်းမြင့်အောင် (ရန်ကုန်နာရေးကူညီမှုအသင်း)သို့ တစ်ဆင့် ပေးအပ်လွှဲပြောင်းကာ ရေဘေးသင့်ဒေသများကို ထိုမှတစ်ဆင့် သွားရောက်လှူဒါန်းကြမည်ဖြစ်ကြောင်း ပါဝင်ရောင်းချပြသမည့် ပန်းချီပညာရှင်များက အဆိုပါပန်းချီပြခန်းတွင် ယနေ့ ပြောသည်။

အဆိုပါ ပန်းချီပြပွဲရောင်းပွဲတွင် ပန်းချီပညာရှင်များက တစ်ဦးလျှင် ပန်းချီကားတစ်ချပ်နှုန်းဖြင့် ပြသမည်ဖြစ်ပြီး ပန်းချီကားတစ်ချပ်လျှင် ကျပ်တစ်သိန်းနှုန်းဖြင့် အနည်းဆုံး ပန်းချီကား ၇၀ မှ ၁၀၀ လာရောက်ပြမည်ဟု ခန့်မှန်းထားကြောင်း၊ အဆိုပါ ပန်းချီကားများသည် သာမန်အချိန်တွင် ယခု ရောင်းချမည့်ဈေးနှုန်းဖြင့် မရောင်းနိုင်သောပန်းချီကားများဖြစ်ပြီး ယခု ပန်းချီပြပွဲတွင် အရေးပေါ်ကယ်ဆယ်ရေးအတွက် ရောင်းချမည်ဖြစ်ကြောင်း ပန်းချီဆရာ ကိုနီပိုဦးက ပြောသည်။

"ပန်းချီကား ဝယ်ယူသူတွေနဲ့ ဝါသနာရှင်တွေအတွက်တော့ အချိန်ကောင်းတစ်ခု" ဟု ၎င်းကပြောသည်။ စိတ်ဝင်စားသူ စေတနာရှင် ပန်းချီဆရာများအနေဖြင့် ဖုန်း-၀၉၇၁၂၅၀၀၀၁၊ ပန်းချီသန့်စင် ဖုန်း-၀၉၇၈၈၂၀၇၄၄၀၊ ပန်းချီဟိဏ်းထက် ဖုန်း-၀၉၅၁၅၃၅၇၂၊ ပန်းချီမြင့်ကိုထူး ဖုန်း-၀၉၄၄၀၀၃၅၁၅ တို့သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရသည်။

**(သန့်ဇင်ဝင်း)**

ပြည်တွင်းရေးရာ



# မဲဇလီကုန်းဒေသရှိရေဝင်နစ်မြုပ် အိမ်ထောင်စုများအားထောက်ပံ့ပစ္စည်းပေးအပ်

**အင်္ဂပူ သြဂုတ် ၁**

ဧရာဝတီတိုင်းဒေသကြီး ဝန်ကြီးချုပ်ဦးသိန်းအောင်သည် တာဝန်ရှိသူများနှင့်အတူ ဇူလိုင် ၃၁ ရက် နံနက်ပိုင်းက ချင်းချောင်ကျေးရွာ ကားလမ်းတံတား ချဉ်းကပ်လမ်းပြိုကျမှုအား တပ်မတော်သားများနှင့် မီးသတ်တပ်ဖွဲ့ဝင်များက ရေကာရိုက်ခြင်း၊ ကျောက်ကြီးချခြင်းပြုလုပ်နေမှုအား ကြည့်ရှုအားပေးကာ လိုအပ်သည်များကို ဆောင်ရွက်ပေးခဲ့သည်။

ဆက်လက်၍ တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့်အဖွဲ့သည် မတောင့်တကျေးရွာအနီး ဟင်္သာတ-ကြံခင်း မီးရထားလမ်းမိုင်တိုင်(၁၃၉/၁၆)နှင့် (၁၃၉/၁၇) အကြားမီးရထားလမ်းအောက်ခြေမြေ ရေတိုက်စားပြိုကျမှုအား သံလမ်း အင်/ယာဌာနမှပြုပြင်နေမှုကို ကြည့်ရှုပြီး အဆိုပါလမ်းပေါ်မှ မီးရထားဖြတ်သန်းမှုကိုကြည့်ရှုခဲ့သည်။

ထို့နောက် တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့်အဖွဲ့သည် မဲဇလီကုန်းမြို့ ဗိုလ်အောင်ကျော်ခန်းမ၌ ရေဝင်နစ်မြုပ် အိမ်ထောင်စုများနှင့် လေဘေးသင့် အိမ်ထောင်စုများအား ထောက်ပံ့ပစ္စည်းပေးအပ်ပွဲသို့ တက်ရောက်ပြီး အားပေးစကားပြောကြားကာ ရေဘေး၊ လေဘေးသင့် အိမ်ထောင်စုများအတွက် တိုင်းဒေသကြီးဝန်ကြီးချုပ်မှ ဆန်အိတ် ၅၀၊ ခေါက်ဆွဲခြောက်ထုပ်နှင့် အဝတ်အထည်များ ထောက်ပံ့ပေးအပ်ခဲ့ကြောင်းသိရသည်။

**မန်းကျော်(ပြန်/ဆက်)**

■

## အရာတော်မြို့နယ် ရေဘေးသင့်ပြည်သူများအား ကူညီထောက်ပံ့

**အရာတော် သြဂုတ် ၁**

စစ်ကိုင်းတိုင်းဒေသကြီး အရာတော်မြို့နယ်တွင် မူးမြစ်ရေလျှံတက်မှုကြောင့် ပေါက်ပင်ဆိပ်ကျေးရွာနှင့် ကူးတို့ကိုင်းကျေးရွာတို့သည် ရေနစ်မြုပ်လျက်ရှိသည်။

ထိုရေနစ်မြုပ်သော ပေါက်ပင်ဆိပ်ကျေးရွာနှင့် ကူးတို့ကိုင်းကျေးရွာတို့ကို ဇူလိုင် ၂၉ ရက်က မန္တလေးမြို့ အိမ်တော်ရာမှ သာသနာ့ပါလ လူမှုကူညီရေးအသင်းက ဆန်၊ ဆေး၊ လက်ဖက်ခြောက်၊ ခေါက်ဆွဲခြောက်၊ ငါးခြောက်၊ အာလူးနှင့် ရေသန့်ဘူးများလာရောက်လှူဒါန်းခဲ့ကြသည်။

အလားတူ မုံရွာမြို့ ဆန္ဒရက္ခိတ အသင်းကလည်း ရေဘေးသင့် အိမ်ထောင်စုများအား ခေါက်ဆွဲခြောက်နှင့် ရေသန့်ဘူးများကို ကူညီထောက်ပံ့လှူဒါန်းခဲ့ကြသဖြင့် ဒေသခံပြည်သူများက ဝမ်းမြောက်လျက်ရှိကြောင်းနှင့် လှူဒါန်းလိုပါက ၀၉-၉၇၀၁၃၈၄၃၈သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရသည်။

**စိုးဝင်းဗိုလ်(အရာတော်)**

■

## ဧရာဝတီမြစ်လယ်ကျွန်းပေါ်မှ ရေဘေးသင့်ပြည်သူများအား ကယ်ဆယ်ဆောင်ရွက်

**မင်းဘူး သြဂုတ် ၁**

မကွေးတိုင်းဒေသကြီး မင်းဘူးခရိုင်အတွင်းရှိ မြို့နယ်များတွင် မန်းချောင်းနှင့် မုန်းချောင်းများမှ ရေကြီးမှုများဖြစ်ပွားလျက်ရှိရာ မင်းဘူး(စကု)မြို့နယ်၊ ပွင့်ဖြူမြို့နယ်၊ စေတုတ္တရာမြို့နယ်များတွင် ဇူလိုင် ၂၉ရက်မှစ၍ ရေကြီးမှုများ ဖြစ်ပွားလျက်ရှိသည်။

မင်းဘူးမြို့နယ်အတွင်းရှိ လက်ပံတောကျေးရွာနှင့် လေးအိမ်တန်းကျေးရွာတို့တွင် ဧရာဝတီမြစ်လယ်ကျွန်းပေါ်တွင် နေထိုင်လုပ်ကိုင်သော တောင်သူများအား မင်းဘူး မန်းရေနံမြေပိုင် မုတ္တမ(၆)ရေယာဉ်ဖြင့် ဇူလိုင် ၃၁ ရက်က ကယ်ဆယ်ရေးဆောင်ရွက်လျက်ရှိရာ ညနေပိုင်းတွင် ရေဘေးကင်းလွတ်ရာသို့ပို့ဆောင်ပေးခဲ့သည်။

မင်းဘူးမြို့နယ် မြစ်ကမ်းပါးရှိ ရပ်ကွက်များသို့ မြစ်ရေများ သြဂုတ် ၁ ရက် နံနက် ၆ နာရီမှစ၍ ဝင်ရောက်လျက်ရှိပြီး ဓာတ်တော်ကုန်းစေတီ ဝန်းကျင်သို့ မြစ်ရေများ ရောက်ရှိလျက်ရှိသည်။ မန်းချောင်းဝန်းကျင်ဝဲယာရှိ ကျေးရွာတို့တွင်လည်း မန်းချောင်းရေများ ဆက်လက် ဝင်ရောက်လျက်ရှိသည်။

ပွင့်ဖြူမြို့ပေါ်ရှိ ရပ်ကွက်များနှင့် ကျေးရွာများသို့ မုန်းချောင်းရေများ ဆက်လက်ဝင်ရောက်လျက်ရှိရာ တိုင်းဒေသကြီးဝန်ကြီးချုပ်ဦးဘုန်းမော်ရွှေနှင့် တာဝန်ရှိသူများ၊ မကွေးမြို့မှ တပ်မတော်သားများ၊ တိုင်းဒေသကြီးအတွင်းရှိ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များ၊ မီးသတ်တပ်ဖွဲ့ဝင်များ၊ လူမှုရေးအသင်းအဖွဲ့ဝင်များဖြင့် ကယ်ဆယ်ရေးလုပ်ငန်းများကို အရှိန်အဟုန်မြင့် ဆောင်ရွက်လျက်ရှိသည်။ သွားလာရန်ခက်ခဲသော ရေကြီးနစ်မြုပ်ကျေးရွာများရှိ ရေဘေးသင့်ပြည်သူများအား စက်လှေ၊ စပိဘုတ်(အမြန်ရေယာဉ်)တို့ဖြင့် သွားရောက်ကယ်ဆယ်၍ ရေဘေးကင်းလွတ်ရာ ကယ်ဆယ်ရေးစခန်းများသို့ ပို့ဆောင်ပေးနေလျက်ရှိသည်။ အချို့ကျေးရွာများတွင် ရေကြီးမှုများကြောင့် ရေဘေးကင်းလွတ်ရာသို့ သွားရောက်ရန်အခက်အခဲများရှိနေ၍ ကယ်ဆယ်ရေးကူညီမှုများ လိုအပ်လျက်ရှိသည်။

တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များသည် သြဂုတ် ၁ ရက် နံနက်ပိုင်းမှစ၍ ရဟတ်ယာဉ်ဖြင့် မင်းဘူး(စကု)မြို့နယ်၊ ပွင့်ဖြူမြို့နယ်အတွင်းရှိကျေးရွာများ၊ ကြီးအုံကြီးဝရေလှောင်တမံ၊ စေတုတ္တရာမြို့နှင့် ရပ်ကွက်၊ ကျေးရွာများ၊ မုန်းချောင်းရေလှောင်တမံ၊ စလင်းမြို့နယ်၊ ရေနံချောင်းမြို့နယ်တို့အား လှည့်လည်ကြည့်ရှု၍ ကယ်ဆယ်ရေးအကူအညီလိုအပ်သည့် နေရာများသို့ ကယ်ဆယ်ရေးလုပ်ငန်းများ အမြန်ဆောင်ရွက်နိုင်ရန် ဖြည့်ဆည်းဆောင်ရွက်လျက်ရှိကြောင်းသိရသည်။

မကွေးမြို့နှင့်မင်းဘူးမြို့တို့မှ စေတနာရှင်/အလှူရှင်များမှ ကယ်ဆယ်ရေးပစ္စည်းများနှင့် အစားအသောက်များကို ရေဘေးသင့်ပြည်သူများရှိရာ ကယ်ဆယ်ရေးစခန်းများအရောက် သွားရောက်ပို့ဆောင်လှူဒါန်းလျက်ရှိပြီး ဆေးကုသမှုခံယူရန်လိုအပ်သော ရေဘေးသင့် ပြည်သူများအား ရဟတ်ယာဉ်ဖြင့် မကွေးမြို့ ပြည်သူ့ဆေးရုံကြီးနှင့် သင်ကြားရေးဆေးရုံများသို့ အမြန်ပို့ဆောင်၍ ကျန်းမာရေးစောင့်ရှောက်မှု လုပ်ငန်းများဆောင်ရွက်ပေးလျက်ရှိကြောင်းသိရသည်။

**(မင်းဘူးခရိုင်ပြန်/ဆက်)**

**သစ်တောနဲ့ သစ်ပင် ချစ်ခင်တဲ့လူမျိုး သစ်ပင်ကို နှစ်စဉ်စိုက် ရွှေတိုက်ကိုစိုး**



## ဆိပ်ဖြူမြို့နယ်တွင် လမ်းအန္တရာယ်ကင်းရှင်းရေးဆောင်ရွက်


**ဆိပ်ဖြူ သြဂုတ် ၁**

မကွေးတိုင်းဒေသကြီး ဆိပ်ဖြူမြို့နယ်တွင် ဇူလိုင်၃၀ ရက် ညနေပိုင်းက မိုးအဆက်မပြတ်ရွာသွန်းမှုကြောင့် ဆိပ်ဖြူ-ဆော-ကန်ပက်လက် ကားလမ်း ဆိပ်ဖြူမြို့နှင့် ခုနစ်မိုင်အကွာ မြေကြမ်းတောကျေးရွာနှင့် ဂျပ်ချောင်ကြီးကျေးရွာအကြားရှိ ရေကျော်မိုးရေတိုက်စားမှုကြောင့် လမ်းပခုံးများပျက်စီး၍ ခရီးသွားပြည်သူများ အန္တရာယ်ဖြစ်ပေါ်နိုင်သော ရေစားချောက်ဖြစ်ပေါ်ခဲ့သည်။

အဆိုပါ ရေစားချောက်ဖြစ်ပေါ်လာခြင်းကို မြို့နယ်အုပ်ချုပ်ရေးမှူးနှင့် မြို့နယ်လမ်းဦးစီးဌာန၊ နှင်းသဇင်ဆောက်လုပ်ရေးကုမ္ပဏီမှ တာဝန်ရှိသူတို့က ခရီးသွားပြည်သူများလမ်းအန္တရာယ်ကင်းဝေးစေရေး လမ်းလွှဲများပြုလုပ်ခဲ့သည်။

ဇူလိုင် ၃၁ရက်တွင် အဆိုပါ လမ်းပခုံးရေစားချောက်အား ဆက်လက်၍ မြေဖို့ခြင်း၊ သဲအိတ်များချထားခြင်း၊ ရေစီးလမ်း လွှဲခြင်းလုပ်ငန်းများဆောင်ရွက်ပြီး ခရီးသွားပြည်သူများ လမ်းအန္တရာယ်ကင်းရှင်းစွာ သွားနိုင်ရေးတွက် တစ်လမ်းမောင်းစနစ် ဆောင်ရွက်ပေးထားကြောင်း သိရသည်။

**စိုးလင်းနိုင်(IPRD)**




**ဓာတ်ပုံသတင်း**



ပွင့်ဖြူမြို့နယ် ကျေးရွာများရှိ ရေဘေးသင့် ပြည်သူများ ကယ်ဆယ်ရေး ဆောင်ရွက်နေစဉ်။

(ကြေးမုံ)

# ရေလှောင်တမံကြီးများနှင့် ရေလှောင်တမံများ ကျိုးပေါက်မှုမရှိ ရေကင်းများချထားပြီး စောင့်ကြပ်ကြည့်ရှုလျက်ရှိ

**နေပြည်တော်　　သြဂုတ်　　၁**

မြန်မာနိုင်ငံတစ်ဝန်းတွင် ယခုရက်ပိုင်းအတွင်း မိုးသည်းထန်စွာရွာသွန်းမှုကြောင့် ဆည်တာတမံများ ကျိုးပေါက်မှုမရှိစေရေး ရေကင်းများချထားပြီး စောင့်ကြပ်ကြည့်ရှုဆောင်ရွက်လျက်ရှိရာ ယနေ့ညနေ ၆ နာရီ တိုင်းတာချက်အရ ရေလှောင်တမံကြီး ၃၆ ခုတွင် သတ်မှတ်ရေလှောင်ပမာဏပြည့်မီသဖြင့် ရေပိုလွှဲများမှရေထုတ်လွှတ်လျက်ရှိပြီး တာတမံများကျိုးပေါက်မှုမရှိကြောင်း၊ ရေလှောင်တမံကြီးများနှင့် ရေလှောင်တမံ ၁၉ ခုတွင် သတ်မှတ်ရေလှောင်ပမာဏပြည့်မီခြင်းမရှိသေးကြောင်း လယ်ယာစိုက်ပျိုးရေးနှင့်ဆည်မြောင်းဝန်ကြီးဌာနမှ သိရသည်။

## သတ်မှတ်ရေလှောင်ပမာဏပြည့်မီသဖြင့် ရေပိုလွှဲမှ ရေထုတ်လွှတ်လျက်ရှိသည့် ရေလှောင်တမံကြီးများ

| စဉ် | ဆည်အမည် | ကန်ရေပြည့်ရေလှောင်ပမာဏ (ဧကပေ) | ရေပိုလွှဲမှ ရေကျော်ကျမှု (ပေ) |
|---|---|---|---|
| ၁။ | ရေဘုတ်ရေလှောင်တမံ | ၂၈၄၇၄ | ၂. ၇၅' |
| ၂။ | လိုင်ဗားရေလှောင်တမံ | ၁၉၅၄ | ၁. ၄၀' |
| ၃။ | သဖန်းဆိပ်ရေလှောင်တမံ | ၂၈၈၀၀၀၀ | ၀. ၄' |
| ၄။ | ကင်းတပ်ရေလှောင်တမံ | ၃၈၂၉၅ | ၈. ၁၀' |
| ၅။ | ပေကြီးရေလှောင်တမံ | ၈၁၀၀ | ၃. ၁၀' |
| ၆။ | လင်ပန်းရေလှောင်တမံ | ၁၀၁၈၀ | ၀. ၈၀' |
| ၇။ | ရာဇဂြိုဟ်ရေလှောင်တမံ | ၅၂၀၀၀ | ၉. ၂၀' |
| ၈။ | မင်းမြင်ရေလှောင်တမံ | ၁၉၀၁၀ | ၁. ၃၀' |
| ၉။ | သိန်ရင်ရေလှောင်တမံ | ၂၅၂၆၀ | ၂. ၀၀' |
| ၁၀။ | ကျေးပင်အက်ရေလှောင်တမံ | ၄၄၀၀၀ | ၀. ၆၀' |
| ၁၁။ | မြောက်ယမားရေလှောင်တမံ | ၁၄၀၅၇ | ၄. ၁၀' |
| ၁၂။ | မြောက်ယမားရေကူ ရေလှောင်တမံ | ၁၂၂၉၀၀ | ၄. ၆၀' |
| ၁၃။ | ကန့်ဒေါင့်ရေလှောင်တမံ | ၇၁၉ | ၀. ၃၀' |
| ၁၄။ | ပသိရေလှောင်တမံ | ၃၀၅၀၀ | ၁. ၁၀' |
| ၁၅။ | မင်းရဲချောင်းရေလှောင်တမံ | ၂၃၅၀ | ၀. ၄၀' |
| ၁၆။ | ငမြွေရေလှောင်တမံ | ၂၃၈၀ | ၀. ၅၀' |
| ၁၇။ | ဘောနီရေလှောင်တမံ | ၃၅၂၀၀ | ၁. ၂၀' |
| ၁၈။ | ပျဉ်ပုံကြီးရေလှောင်တမံ | ၁၁၁၃၀ | ၂. ၁၀' |
| ၁၉။ | မဇင်းရေလှောင်တမံ | ၂၆၁၈၆ | ၁. ၇၀' |
| ၂၀။ | စလက်ထော် ရေလှောင်တမံ | ၁၈၉၁၂ | ၀. ၉၀' |
| ၂၁။ | ရွှေပြည်(၃)ရေလှောင်တမံ | ၃၇၀၀ | ၀. ၈၀' |
| ၂၂။ | တောင်နဝင်းရေထိန်းတမံ | ၂၁၁၉၆ | ၁. ၁၅' |
| ၂၃။ | စဉ့်ကူးချောင်းဂေါင်းရေ လှောင်တမံ | ၂၂၂၉ | ၀. ၅၀' |
| ၂၄။ | ညောင်ကိုင်းရေလှောင်တမံ | ၁၇၅၉၄ | ၂. ၈၀' |
| ၂၅။ | သဲကောရေလှောင်တမံ | ၅၂၅၀၀ | ၁. ၅၅' |
| ၂၆။ | ခဝါရေလှောင်တမံ | ၁၂၅၅၀ | ၀. ၆၀' |
| ၂၇။ | စလင်းရေလှောင်တမံ | ၁၃၃၀၀၀ | ၄. ၇၀' |
| ၂၈။ | မုန်းချောင်းရေလှောင်တမံ | ၆၇၄၄၀၇ | ၂၈. ၂၀' |
| ၂၉။ | မန်းရေလှောင်တမံ | ၁၂၀၀၀၀ | ၅. ၀၀' |
| ၃၀။ | ကြီးအုံကြီးဝရေလှောင်တမံ | ၃၁၉၇၀၀ | ၃၀. ၅၀' |
| ၃၁။ | မဒေးရေလှောင်တမံ | ၅၃၉၀၈ | ၂. ၇၀' |
| ၃၂။ | တောင်ခင်ရန်းရေလှောင်တမံ | ၁၁၇၂၆ | ၁. ၈၀' |
| ၃၃။ | ရင်းရှည်ရေလှောင်တမံ | ၂၆၀၀ | ၁. ၁၀' |
| ၃၄။ | ဝန်ချောင်းရေလှောင်တမံ | ၁၆၆၇ | ၂. ၀၀' |
| ၃၅။ | ဖြိုင်းချောင်းရေလှောင်တမံ | ၂၅၂၀၅ | ၃. ၀၀' |
| ၃၆။ | ရှောက်ချောင်းရေလှောင်တမံ | ၁၁၄၀ | ၂. ၄၀' |

## ရေပိုလွှဲမှ ရေကျော်ခြင်းမရှိသည့် ရေလှောင်တမံကြီးများ

| စဉ် | ဆည်အမည် | ကန်ရေပြည့်ရေလှောင်ပမာဏ (ဧကပေ) | လက်ရှိရေလှောင်ပမာဏ(ဧကပေ) | ရေပိုလွှဲမှရေကျော်ရန်လိုအပ်မှု(ပေ) |
|---|---|---|---|---|
| ၁။ | ကင်းသာရေလှောင်တမံ | ၇၂ | ၆၃ | ၁. ၃၀' |
| ၂။ | မုံချောင်းရေလှောင်တမံ | ၅၂၅ | ၄၆၅ | ၀. ၇၀' |
| ၃။ | ဆင်သေရေလှောင်တမံ | ၁၄၃၀၉၀ | ၃၄၂၅၀ | ၂၆. ၁၀' |
| ၄။ | မြို့လှ(တပ်ကုန်း) ရေလှောင်တမံ | ၁၄၆၀၀ | ၇၀၂၀ | ၁၂. ၈၀' |
| ၅။ | ရေဆင်းရေလှောင်တမံ | ၇၃၀၀၀ | ၁၈၃၀၀ | ၂၈. ၂၀' |
| ၆။ | ပေါင်းလောင်းရေလှောင်တမံ | ၅၄၉၄၂၀ | ၅၁၂၄၁၈ | ၉. ၄၂' |
| ၇။ | ငလိုက်ဆည် | ၅၇၀၀၀ | ၄၁၁၉၃ | ၁၀. ၆၀' |
| ၈။ | တောက်ပြိုရေလှောင်တမံ | ၂၄၉၁ | ၁၆၂၆ | ၆. ၆၂' |
| ၉။ | ချောင်းမငယ်ရေလှောင်တမံ | ၉၁၇၇၀ | ၆၄၁၅၆ | ၁၀. ၁၅' |
| ၁၀။ | သဲဖြူရေလှောင်တမံ | ၈၇၁၈ | ၅၃၂၃ | ၆. ၈၅' |
| ၁၁။ | မဒန်းရေလှောင်တမံ | ၃၆၅၀၀ | ၁၆၇၀၁ | ၂၂. ၁၂' |
| ၁၂။ | ဖောင်းလောင်ရေလှောင်တမံ | ၁၂၂၅၇ | ၈၉၀၀ | ၅. ၅၀' |
| ၁၃။ | လွိုင်နန်ဖရေထိန်းတမံ | ၁၅၀၈ | ၉၀၀ | ၈. ၈၀' |
| ၁၄။ | ခပေါင်းရေလှောင်တမံ | ၈၇၈၅၇၀ | ၄၄၂၄၃၃ | ၃၇. ၄၀' |
| ၁၅။ | ကိုဒူကွဲရေလှောင်တမံ | ၁၄၈၃၆၄ | ၇၁၂၆၈ | ၁၅. ၂၀' |
| ၁၆။ | ရွှေလောင်းရေလှောင်တမံ | ၁၀၀၀၂၄ | ၃၀၈၃၃ | ၂၄. ၂၀' |
| ၁၇။ | စလူရေလှောင်တမံ | ၉၀၀၀၀ | ၄၆၆၀၀ | ၁၂. ၇၅' |
| ၁၈။ | ဆည်တော်ကြီးဆည် | ၃၆၂၈၅၀ | ၃၂၉၈၅၀ | ၄. ၆၀' |
| ၁၉။ | ကင်းတားဆည် | ၈၇၃၅၈၀ | ၁၈၂၀၅၀ | ၉၁. ၁၉' |

(သတင်းစဉ်)

## စေတုတ္တရာနှင့် ပွင့်ဖြူမြို့နယ် ရေကြီးရေလျှံမှုများအတွက် ကယ်ဆယ်ထောက်ပံ့

**မင်းဘူး　　သြဂုတ်　　၁**

မကွေးတိုင်းဒေသကြီး စေတုတ္တရာမြို့နယ်တွင် မိုးသည်းထန်စွာ အဆက်အပြတ် ရွာသွန်းမှုများကြောင့် မုန်းချောင်းရေနှင့် ဆီးမီးချောင်းရေများ ဆက်လက်မြင့်တက်လျက်ရှိရာ စေတုတ္တရာမြို့ပေါ် ရပ်ကွက်အားလုံးတွင် ရေကြီးနစ်မြုပ်လျက်ရှိပြီး ကုန်းမြင့်နေရာရှိ ပြည်သူ့ဆေးရုံကုန်းထက်ဝက်တွင် ရေဖုံးလွှမ်းလျက်ရှိကြောင်း၊ ယာယီ ကယ်ဆယ်ရေးစခန်းဖွင့်ထားသော ပိတောက်မြိုင်ရပ်ကွက်မှာ ရေပတ်လည်ဝိုင်းနေသဖြင့် လေယာဉ်ကွင်းနှင့် အထက ကျောင်းနေရာများသို့ ပြောင်းရွှေ့လျက်ရှိကြောင်း၊ ရေကြီးနေမှုများကြောင့် ကူညီကယ်ဆယ်ရေးလုပ်ငန်းများ ဆောင်ရွက်ရန် ကန့်သတ်ချက်ရှိနေကြောင်း သိရသည်။

ပွင့်ဖြူမြို့နယ်တွင် ရေဝင်ရောက်မှုမှာ ယမန်နေ့ကထက် အနည်းငယ်မြင့်တက်လျက်ရှိကြောင်း၊ ရေဘေးသင့်ပြည်သူများအား မြို့နယ်၏ တောင်ဘက်ကုန်းမြင့်ပိုင်းတွင် ကယ်ဆယ်ရေးစခန်းဖွင့်လှစ်ပြီး ဆောင်ရွက်ပေးလျက်ရှိကြောင်း၊ ကံသာကြီးကျေးရွာ စံပြကျေးရွာများရှိ စာသင်ကျောင်းများနှင့် ဘုန်းတော်ကြီးကျောင်းများတွင် လည်း ကယ်ဆယ်ရေးစခန်းများ ဖွင့်လှစ်ဆောင်ရွက်လျက်ရှိကြောင်း၊ မကွေးတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးဘုန်းမော်ရွှေနှင့် တာဝန်ရှိသူများသည် စံပြကျေးရွာတွင် အခြေပြု၍ ကယ်ဆယ်ထောက်ပံ့ရေးလုပ်ငန်းများကို ကြီးကြပ်ဆောင်ရွက် လျက်ရှိကြောင်း သိရသည်။

(မင်းဘူး ခရိုင် ပြန်/ဆက်)

## မကွေးတိုင်းဒေသကြီး ဆိပ်ဖြူမြို့နယ်ရှိ လမ်းပိုင်းပျက်စီးမှုများ ပြင်ဆင်ထိန်းသိမ်းလျက်ရှိ

**ဆိပ်ဖြူ　　သြဂုတ်　　၁**

မကွေးတိုင်းဒေသကြီး ဆိပ်ဖြူမြို့နယ်တွင် မိုးအဆက်မပြတ်ရွာသွန်းမှုကြောင့် ဆိပ်ဖြူ-ဆော-ကန်ပက်လက် ကားလမ်း ဆိပ်ဖြူမြို့နှင့် (၇)မိုင်အကွာ မြေကြမ်းတော ကျေးရွာနှင့် ဂျုပ်ချောင်ကြီးကျေးရွာအကြားတွင် မိုးရေတိုက်စားမှုကြောင့် လမ်းပခုံးများပျက်စီးခဲ့သည်။

အဆိုပါ ပျက်စီးမှုဖြစ်ပွားသည့်နေရာသို့ မြို့နယ်တာဝန်ရှိသူများက ချက်ချင်းသွားရောက်ပြီး လမ်းလွှဲပြုလုပ်၍ တစ်လမ်းမောင်းစနစ်ပြုလုပ်ခြင်း၊ ရေတိုက်စားသွားသည့်ချောက်နေရာအားမြေဖို့ခြင်း၊ သဲအိတ်များချထားခြင်း၊ ရေစီးလမ်းလွှဲခြင်းများဆောင်ရွက်လျက်ရှိကြောင်း သိရသည်။　**စိုးလင်းနိုင်(IPRD)**

## လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန
## လယ်ယာမြေစီမံခန့်ခွဲရေးနှင့် စာရင်းအင်းဦးစီးဌာန
## ၂၀၁၅ ခုနှစ် ဇွန်လ၊ ဇူလိုင်လနှင့် သြဂုတ်လအတွင်း သီးနှံများရေကြီးနစ်မြုပ်မှု၊ ထိခိုက်ပျက်စီးမှုနှင့် မိုးစပါးစုဆောင်းဖြန့်ဖြူးခဲ့မှုအခြေအနေ

**နေပြည်တော်　　သြဂုတ်　　၁**

| စဉ် | တိုင်းဒေသကြီး/ပြည်နယ် | သီးနှံစုစုပေါင်း | | | | | မိုးစပါးစုဆောင်းပြီး | | မိုးစပါးဖြန့်ဖြူးပြီး | |
|---|---|---|---|---|---|---|---|---|---|---|
| | | ရေမြုပ် | ရေပြန်ပေါ် | ထိခိုက် | ပျက်စီး | ပြန်စိုက် | တင်း | ကီလို | တင်း | ကီလို |
| ၁။ | နေပြည်တော် | ၂၃ | ၂၃ | - | - | - | - | - | - | - |
| ၂။ | ကချင်ပြည်နယ် | ၂၉၅၂၁ | ၂၅၁၁၇ | ၉၉၂၀ | ၇၈၀၀ | - | ၁၇၅၀ | ၁၅၅၂ | - | ၁၃၈၀ |
| ၃။ | ကရင်ပြည်နယ် | ၁၁၃၂ | - | - | - | - | ၅၀၀ | - | - | - |
| ၄။ | စစ်ကိုင်းတိုင်းဒေသကြီး | ၁၄၄၃၄၇ | ၇၃၂၃၆ | ၅၆၄၀၆ | ၃၃၁၉၅ | ၁၇ | ၄၀၈၅၀ | - | ၄၀၈၅၀ | - |
| ၅။ | ပဲခူးတိုင်းဒေသကြီး | ၂၁၇၁၂၄ | ၂၆၀၅၄ | ၁၆၇၇ | ၁၃၂၇ | - | ၂၂၉၇၅ | ၇၀၀၀၀ | - | - |
| ၆။ | မကွေးတိုင်းဒေသကြီး | ၆၇၂၄၁ | - | ၆၇၂၄၁ | - | - | ၇၅၀၀ | - | - | - |
| ၇။ | မန္တလေးတိုင်းဒေသကြီး | ၃၃၅၈ | ၃၃၅၈ | ၈၃ | ၉ | - | ၁၈၆၅၀ | - | ၁၈၆၅၀ | - |
| ၈။ | မွန်ပြည်နယ် | ၈၅၅၃ | ၁၄၈၁ | - | - | - | ၁၆၃၂၀ | - | - | - |
| ၉။ | ရခိုင်ပြည်နယ် | ၂၆၀၅၀၄ | ၂၉၁၅ | ၄၇၅၇၄ | ၁၄၄၀ | - | ၁၄၅၅၀ | - | ၁၅၀၀ | - |
| ၁၀။ | ရန်ကုန်တိုင်းဒေသကြီး | ၃၅၇၀၀ | ၇၇၆ | - | - | - | ၅၅၀၀ | - | - | - |
| ၁၁။ | ရှမ်းပြည်နယ် | ၉၀၉၈ | ၈၀၃၀ | ၁၀၅၃ | ၂၅၉ | ၅၅ | ၁၄၁၈၂ | ၁၀၂၆၃ | - | - |
| ၁၂။ | ဧရာဝတီတိုင်းဒေသကြီး | ၈၀၂၃၄ | ၉၉၅၅ | ၆၁၇ | ၁၈၀ | - | ၃၀၁၀၀ | - | - | - |
| | စုစုပေါင်း | ၈၅၆၈၃၅ | ၁၅၀၉၄၅ | ၁၈၄၅၇၁ | ၄၄၂၁၀ | ၇၂ | ၁၇၂၈၇၇ | ၈၁၈၁၅ | ၆၁၀၀၀ | ၁၃၈၀ |

# လျှပ်စစ်ဓာတ်အားမလုံလောက်မှု အီရတ်ပြည်သူများ ကန့်ကွက်ဆန္ဒပြ



ဘဂ္ဂဒက် ဩဂုတ် ၁

အီရတ်နိုင်ငံ မြို့တော်ဘဂ္ဂဒက်တွင် ရာပေါင်းများစွာသော ပြည်သူများသည် အပူလှိုင်းဒဏ်ခံစားနေရစဉ် လျှပ်စစ်ဓာတ်အား ပြတ်တောက်မှုကို လမ်းများပေါ်ထွက်၍ ကန့်ကွက်ဆန္ဒပြကြကြောင်း ယနေ့သတင်းများတွင် ဖော်ပြသည်။

လျှပ်စစ်ဓာတ်အားပေးရေးနှင့်ဆိုင်သော တည်ဆောက်ရေးလုပ်ငန်းများတွင် လုပ်ငန်းရှင်များက သတ်မှတ်ထားသည် ထက်လျော့နည်း၍ ငွေကြေးသုံးစွဲခြင်းကို အစိုးရက အဂတိလိုက်စားပြီး ခွင့်ပြုသည်ဟု ၎င်းတို့က စွပ်စွဲကြသည်။

ဇူလိုင် ၃၀ ရက်နေ့တွင် အပူချိန် ၅၀ ဒီဂရီ စင်တီဂရိတ် (၁၂၂ ဒီဂရီ ဖာရင်ဟိုက်)အထိ ရောက်ရှိပြီးနောက် အစိုးရက အများပြည်သူအားလပ်ရက်အဖြစ် လေးရက် ကြေညာခဲ့သည်။ ပြည်သူများကိုလည်း လျှပ်စစ်ဓာတ်အား ချွေတာကြပါရန် မေတ္တာရပ်ခံခဲ့သည်။

နိုင်ငံအတွင်း ဒေသအချို့တွင် နေ့စဉ် နာရီအနည်းငယ်မျှသာ လျှပ်စစ်မီးရရှိခြင်းမှာ ဖြစ်ရိုးဖြစ်စဉ်ဖြစ်သည်။

နွေရာသီကာလတွင် နိုင်ငံ၏ လျှပ်စစ်ဓာတ်အား လိုအပ်ချက် ပမာဏ၏ ထက်ဝက်မျှကိုသာ ဖြန့်ဖြူးပေးနိုင်ကြောင်း အစိုးရက ဝန်ခံထားခဲ့ပြီးဖြစ်သည်။

ဇူလိုင် ၃၀ ရက်တွင် အီရတ်ဝန်ကြီးချုပ် ဟိုင်ဒါအဲလ် အဘာဒီက အစိုးရ တာဝန်ရှိ ပုဂ္ဂိုလ်များ၏ နေအိမ်များ၊ အစိုးရအဖွဲ့အစည်းများ၏ အဆောက်အအုံများကို လျှပ်စစ်မီးဖြတ်တောက်ရန် အမိန့်ပေးခဲ့သည်။ သို့သော် ဘဂ္ဂဒက်မြို့တော်လမ်းများပေါ်မှ ဆန္ဒပြသူများက ဒေါသထွက်နေကြဆဲဖြစ်သည်။ **ရိုက်တာ။**

# အက်ဖ်-၃၅ လေယာဉ်များ တိုက်ပွဲဝင်ရန် အဆင်သင့်ဟု အမေရိကန်မရိန်းတပ်ဖွဲ့ ကြေညာ

**ဝါရှင်တန် ဩဂုတ် ၁**

ပင်တဂွန်၏ အကြီးမားဆုံး လက်နက်စီမံကိန်းအတွက် အဓိကသမိုင်းမှတ်တိုင်ဖြစ်စေမည့် လော့ခ်ဟိမာတင် ကော်ပိုရေးရှင်းမှ ထုတ်လုပ်သော အက်ဖ် ၃၅ဘီ ဂျက်တိုက်လေယာဉ် ၁၀ စင်းပါ လေယာဉ်အုပ်စုတစ်စုသည် တိုက်ပွဲဝင်ရန် အသင့်ဖြစ်ကြောင်း အမေရိကန် မရိန်းတပ်မှ တပ်မှူး ဗိုလ်ချုပ်ကြီးဂျိုးဇက်ဒန်းဖို့ဒ်က ကြေညာကြောင်း ပင်တဂွန်က ယမန်နေ့တွင် ပြောကြားသည်။

၂၀၁၁ ခုနှစ်တွင် စတင်သည့် ဒေါ်လာ ၃၉၁ ဘီလီယံ ကုန်ကျမည့် လက်နက်စီမံကိန်းအောက်တွင် စတဲ့လ် ဆူပါဆိုးနစ်အက်ဖ်-၃၅ တိုက်လေယာဉ်များကို ယင်းသို့ အဆင်သင့်ဖြစ်ကြောင်း မရိန်းတပ်ဖွဲ့ကြေညာခြင်းမှာ အမေရိကန် စစ်ဘက်၌ ပထမဆုံးဖြစ်သည်။

ပူးတွဲတိုက်နိုင်သော တိုက်လေယာဉ် သို့မဟုတ် လိုက်တင်-၂ ဟု ခေါ်ဆိုကြသော ဂျက်တိုက်လေယာဉ် ပုံစံ သုံးမျိုးကို လော့ခ်ဟိမာတင်က ထုတ်လုပ်လျက်ရှိသည်။

စောစောပိုင်းက နည်းပညာဆိုင်ရာ စိန်ခေါ်မှုများကြောင့် မူလသတ်မှတ်ထားသည့် ကာလထက် သုံးနှစ် ခန့်ကြန့်ကြာခဲ့သည်။ သို့သော် အက်ဖ်-၃၅ စီမံကိန်းကို မူလအစီအစဉ်အတိုင်း အကောင်အထည်ဖော်လျက်ရှိပြီး လွန်ခဲ့သည့် ငါးနှစ်တာကာလတွင် ကုန်ကျစရိတ်များကို လျော့နည်းစေခဲ့ကြောင်း အမေရိကန် တာဝန်ရှိသူများက ပြောသည်။

မရိန်းတပ်ဖွဲ့၏ အက်ဖ်-၃၅ ဘီ ပုံစံသည် စစ်သင်္ဘောပေါ်မှလည်းကောင်း၊ လေယာဉ်တင်သင်္ဘောပေါ်မှ လည်းကောင်း ပျံတက်နိုင်သည်။ ယင်းတပ်ဖွဲ့သည် အက်ဖ်-၃၅ ဘီပုံစံနှင့် စီပုံစံတိုက်လေယာဉ်များကို စုစုပေါင်းစင်းရေ ၄၂၀ ဝယ်ယူမည်ဖြစ်သည်။

၂၀၁၇ ခုနှစ် ဇန်နဝါရီတွင် ဂျပန်နိုင်ငံ အိုင်ဝါကူနီသို့ ပထမဆုံး အက်ဖ်-၃၅ ဘီ ဂျက်တိုက်လေယာဉ်အုပ်စု တစ်စုပို့ရန် မရိန်းတပ်ဖွဲ့က စီစဉ်ထားသည်။ သို့သော် အဆိုပါ မရိန်းတပ်၏ ကြေညာချက်သည် ကမ္ဘာတစ်ဝန်း ပြဿနာ ပေါ်ပေါက်သော မည်သည့်ဒေသကိုဖြစ်စေ ၎င်းတို့ ကတုံ့ပြန်နိုင်သည်ဟုဆိုလိုခြင်းဖြစ်သည်။ **ရိုက်တာ။**

# အိုင်အက်စ်တို့၏ ခြိမ်းခြောက်မှုနှင့်ပတ်သက်၍ အိန္ဒိယအဆင့်မြင့်လုံခြုံရေးအရာရှိများ အစည်းအဝေးကျင်းပ

**နယူးဒေလီ ဩဂုတ် ၁**

အိန္ဒိယပြည်ထဲရေးဝန်ကြီးဌာနသည် အိုင်အက်စ်စစ်သွေးကြွများ၏ အကြမ်းဖက်ခြိမ်းခြောက်မှုများမှာ တစ်နေ့တခြားကြီးထွား လာမှုနှင့်ပတ်သက်၍ဆွေးနွေးရန် အဆင့်မြင့်လုံခြုံရေး အစည်းအဝေးကို ဩဂုတ် ၁ ရက်တွင် ကျင်းပခဲ့ကြောင်း ဒေသဆိုင်ရာမီဒီယာများအရ သိရသည်။

အဆိုပါအစည်းအဝေးကို အိန္ဒိယ ထိန်းချုပ်သည့် ကက်ရှ်မီးယားပြည်နယ်၊ အူတာပရာဒေ့ရှ်ပြည်နယ်၊ အင်ဒရာပရာဒေ့ရှ်ပြည်နယ်၊ တီလာနန်ဂါနှင့် ကာနာတာကာပြည်နယ်တို့အပါအဝင် ပြည်နယ် ၁၂ခုမှ လုံခြုံရေးနှင့်ရဲအရာရှိတို့ ပါဝင်တက်ရောက်ခဲ့ကြသည်ဟု အမည်မဖော်လိုသူ အရာရှိတစ်ဦး၏အဆိုကို အိန္ဒိယသတင်းဌာနတစ်ခုဖြစ်သည့် အင်ဒိုအာရှန်းသတင်းဌာနက ကိုးကားဖော်ပြသည်။


အိန္ဒိယအဆင့်မြင့် လုံခြုံရေးနှင့် ရဲအရာရှိတို့သည် အဆိုပါအစည်းအဝေး၌ လူငယ်များ၏ အကြမ်းဖက်အုပ်စုနှင့် ပူးပေါင်းခြင်းမှဟန့်တားရေးဆိုင်ရာ နည်းလမ်းများနှင့်လိုအပ်ချက်များကို ဆွေးနွေးသွားမည်ဟု မီဒီယာများက ဖော်ပြသည်။

မွတ်စလင်အသိုက်အဝန်းအနေဖြင့် အကြမ်းဖက်အုပ်စုများ၏အယူဝါဒအပေါ် အားကျနှစ်မြို့မှုမရှိစေရေးအတွက် လူငယ်များကို သွန်သင်သင့်ကြောင်း မီဒီယာများက ဆက်လက်ဖော်ပြသည်။

ပြီးခဲ့သည့်သီတင်းပတ်က လစ်ဗျား နိုင်ငံ၌ အိန္ဒိယနိုင်ငံသားလေးဦးကို အိုင်အက်စ်စစ်သွေးကြွများက ပြန်ပေးဆွဲခဲ့ရာ ၎င်းတို့အနက်နှစ်ဦးကို ပြန်လွှတ်ပေးခဲ့ပြီး ကျန်နှစ်ဦးကို မည်သည့်နေရာတွင် ဖမ်းဆီးထားသည်ကိုမူ မသိရှိသေးကြောင်း ဒေသဆိုင်ရာမီဒီယာများ၏ဖော်ပြချက်အရ သိရသည်။

**ဆင်ဟွာ။**

■



# ဗြိတိန်တွင် ကိုယ်ပိုင်ဂျက်လေယာဉ်တစ်စင်းပျက်ကျ လူလေးဦးသေဆုံး

လန်ဒန် ဩဂုတ် ၁

အင်္ဂလန်နိုင်ငံတောင်ပိုင်းတွင် ကိုယ်ပိုင်ဂျက်လေယာဉ်တစ်စင်းပျက်ကျခဲ့ရာ လိုက်ပါစီးနင်းသူ လေးဦး သေဆုံးခဲ့ကြောင်းနှင့် အဆိုပါလိုက်ပါစီးနင်းသူများသည် အယ်လ်ခိုင်ဒါခေါင်းဆောင်ဟောင်း အိုစမာဘင်လာဒင်၏ ဆွေမျိုးများဖြစ်ကြောင်း မီဒီယာများကထုတ်ဖော်ရေးသားသည်။

လေယာဉ်ပျက်ကျမှုတွင် အသက်ရှင်ကျန်ရစ်သူတစ်ဦးမျှမရှိကြောင်းနှင့် လေယာဉ်မှူးအပါအဝင် လိုက်ပါစီးနင်းလာသူ လေးဦးခန့်ရှိကြောင်း ဗြိတိန်ရဲတပ်ဖွဲ့၏ ပြောရေးဆိုခွင့်ရှိသူက ရိုက်တာသတင်းဌာနသို့ပြောသည်။ သေဆုံးသူများသည် မည်သူမည်ဝါဖြစ်ကြောင်းကိုမူထုတ်ဖော်ပြောကြားခဲ့ခြင်းမရှိပေ။

သို့သော် ဗြိတိန်နိုင်ငံဆိုင်ရာ ဆော်ဒီအာရေဗျသံအမတ် မင်းသား မိုဟာမက်ဘင်နာ ဝဖ်အယ်ဆာ့ဒ်က ဆော်ဒီသံရုံး၏ တရားဝင်တွစ်တာစာမျက်နှာပေါ်တွင် ဘင်လာဒင်၏ မိသားစုများဆီသို့ ဝမ်းနည်းကြောင်းသဝဏ်လွှာပေးပို့ခဲ့သည်။ လေယာဉ်ပျက်ကျမှုကို စုံစမ်းစစ်ဆေးရန် ဆော်ဒီသံရုံးက ဗြိတိသျှအာဏာပိုင်များနှင့်ပူးပေါင်းဆောင်ရွက်လျက်ရှိကြောင်း ဆော်ဒီသံရုံးကဆိုသည်။

**ရိုက်တာ။**

# အိန္ဒိယနိုင်ငံ အနောက်ဘင်ဂေါပြည်နယ်၌ မိုးသည်းထန် လူ ၄၀ ထက် မနည်းသေဆုံးပြီး ၃၀၀၀၀ ကျော် ရွှေ့ပြောင်းပေးရ

**နယူးဒေလီ ဩဂုတ် ၁**

အိန္ဒိယနိုင်ငံ အရှေ့ပိုင်းရှိ အနောက်ဘင်ဂေါပြည်နယ်တွင် ဇူလိုင် ၃၁ ရက် မှစ၍ မိုးသည်းထန်စွာ ရွာသွန်းမှုနှင့် ဆက်နွယ်၍ လူ ၄၀ ထက် မနည်းသေဆုံးခဲ့ကြောင်း ယင်းပြည်နယ်မှ အထက်တန်းတာဝန်ရှိသူတစ်ဦးက ယနေ့ ပြောကြားကြောင်း ဆင်ဟွာသတင်းတွင် ဖော်ပြသည်။

မိုးသည်းထန်စွာ ရွာသွန်းမှုကြောင့် ယင်းပြည်နယ်တစ်ဝန်းလုံးတွင် လူဦးရေ ၃၀၀၀၀ ကျော်အား ရေဘေးလွတ်ရာသို့ ပြောင်းရွှေ့ပေးခဲ့ရပြီး လတ်တလောအချိန်ထိ သေဆုံးသူ ၄၀ ထက် မနည်းရှိကြောင်းဖြင့် အမည်ဖော်ပြခြင်းမရှိသော အဆိုပါတာဝန်ရှိသူက ပြောကြားသည်။

ဇူလိုင် ၃၁ ရက် နံနက် အစောပိုင်းကတည်းက အနောက်ဘင်ဂေါပြည်နယ်၌ မိုးသည်းထန်စွာ ရွာသွန်းခဲ့ပြီး နောက်ထပ် ၄၈ နာရီအတွင်း ထပ်မံ၍မိုးသည်းထန်စွာရွာဖွယ်ရှိကြောင်း မိုးလေဝသဌာနက ခန့်မှန်းချက်ထုတ်ပြန်ထားသည်။

သဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲရေးဌာန တာဝန်ရှိသူများက လူအများအားနေရာရွှေ့ပြောင်းပေးခြင်းဖြင့် အခြေအနေကို ထိန်းချုပ်ထားပြီး ရေဘေးသင့်နေသည့်ဒေသများသို့ ပြည်နယ်အစိုးရက သောက်ရေသန့်ဘူးများ ဖြန့်ဝေပေးနေကြောင်း သတင်းတွင်ဖော်ပြသည်။ **ဆင်ဟွာ။**



# မြစ်သာမြစ်အတွင်း စက်လှေတိမ်းမှောက် ခြောက်ဦး ဒဏ်ရာရ၊ သုံးဦးပျောက်ဆုံး

**နေပြည်တော် ဩဂုတ် ၁**

စစ်ကိုင်းတိုင်းဒေသကြီး ကလေးမြို့နယ် ကျီကုန်းရွာအနောက်ဘက် မြစ်သာမြစ်အတွင်း ဇူလိုင် ၂၈ ရက် ည ၆ နာရီခွဲက စက်လှေတိမ်းမှောက်မှုဖြစ်ပွားကြောင်း သိရသည်။

ဖြစ်စဉ်မှာ အေးသာယာမြို့သစ်မှ ကလေးမြို့သို့ ကလေးဝမြို့နယ် ရွှေတောင်ရွာနေ အောင်ဆန်းဝင်း (၃၃)နှစ် မောင်းနှင်လာသော အလျား ၄၂ပေ၊ အနံ ငါးပေရှိ ချန်ချိုင်းအမျိုးအစား နှစ်လုံးထိုးအင်ဂျင်တပ်စက်လှေမှာ အင်ဂျင်စက်ချွတ်ယွင်းပြီး ကလေးဝသို့မျောပါသွားရာမှ ကမ်းစပ်ရှိ ကုက္ကိုပင်အား ဝင်ရောက်တိုက်မိ တိမ်းမှောက်ခဲ့သည်။

ထိုသို့ တိမ်းမှောက်မှုကြောင့် စက်လှေပေါ်တွင် လိုက်ပါလာသည့် ခရီးသည် ၂၀အနက် ကလေးဝမြို့ အမှတ်(၂)ရပ်ကွက်နေ ဒေါ်နီနီအေး (၄၀)နှစ်ပါ သုံးဦးမှာ ရေစီးနှင့်အတူ မျောပါပျောက်ဆုံးသွားခဲ့ပြီး ကလေးဝမြို့ အမှတ်(၃)ရပ်ကွက်နေ ဒေါ်မာမာအေး(၄၃)နှစ်ပါ အမျိုးသား လေးဦး၊ အမျိုးသမီး နှစ်ဦး စုစုပေါင်း ခြောက်ဦးတို့ ရေမွန်းမှုဖြစ်ပွားခဲ့သဖြင့် ကလေးမြို့ ပြည်သူ့ဆေးရုံကြီးသို့ ပို့ဆောင်ပေးခဲ့သည်။

ဖြစ်စဉ်နှင့် ပတ်သက်၍ အောင်ဆန်းဝင်းအား ကလေးမြို့မရဲစခန်းက အမှုဖွင့်အရေးယူထားကြောင်းနှင့် ပျောက်ဆုံးနေသူများအား ဆက်လက်ရှာဖွေလျက်ရှိကြောင်း သိရသည်။ **(ကြေးမုံ)**

# မိုင်းတုံ၌ စိတ်ကြွရူးသွပ်ဆေးပြားများ သိမ်းဆည်းရမိ



**မိုင်းတုံ ဩဂုတ် ၁**

ရှမ်းပြည်နယ်(အရှေ့ပိုင်း) မိုင်းဆတ်ခရိုင် မိုင်းတုံမြို့နယ်၌ စိတ်ကြွရူးသွပ်ဆေးပြား ၁၀၁၉၀ သိမ်းဆည်းရမိခဲ့ကြောင်း သိရသည်။

ဖြစ်စဉ်မှာ ဇူလိုင် ၂၉ ရက် ညနေပိုင်းက မိုင်းတုံ-နားကောင်းမူး-ပုံပါကျင်သွားကားလမ်း ဟောင်လီဂိတ်တွင် ပိတ်ဆို့ရှာဖွေစစ်ဆေးနေစဉ် မိုင်းတုံဘက်မှ မောင်းနှင်လာသည့် ယာဉ်အမှတ်မပါ ထိုင်းနိုင်ငံထုတ် ဟွန်ဒါဝေ့ဖ် 110 အနက်ရောင်ဆိုင်ကယ်တစ်စီးသည် ဟောင်လီဂိတ်မရောက်မီ နောက်ပြန်လှည့်၍ မောင်းနှင်ထွက်ပြေးသွားသဖြင့် ပူးပေါင်းအဖွဲ့မှ လိုက်လံဖမ်းဆီးရာ နယ်မြေခံတပ်ရင်းစက်ပစ်ကွင်းဟောင်းအရောက်တွင် ၎င်းမှာ အထုပ်တစ်ထုပ်အား ဆိုင်ကယ်ရပ်၍ လွှင့်ပစ်လိုက်သည်ကို ပူးပေါင်းအဖွဲ့မှ တွေ့ရှိသဖြင့် မေးမြန်းရာ ဆိုင်ကယ်မောင်းနှင်လာသူသည် ထွန်းရွှေလှ(၂၀)နှစ် နားကောကျေးရွာ ဝိန်းဝိုင်ကျေးရွာအုပ်စု မိုင်းဆတ်မြို့နယ်နေသူဖြစ်ပြီး စိတ်ကြွရူးသွပ်ဆေးပြား ၁၀၁၉၀ အား သိမ်းဆည်းရမိခဲ့သဖြင့် ထွန်းရွှေလှ(၂၀)နှစ်အား မိုင်းတုံမြို့နယ် ရဲစခန်းက အမှုဖွင့်အရေးယူထားကြောင်း သိရသည်။

အလားတူ ဇူလိုင် ၂၉ ရက်က ရှမ်းပြည်နယ်(အရှေ့ပိုင်း) မိုင်းဆတ်မြို့နယ် မယ်ဆတ်ကျေးရွာနေ ဒေါ်နန်းလောင်၏ နေအိမ်အား ဝင်ရောက်ရှာဖွေရာ ဒေါ်နန်းလောင်မှာ ခြံဝင်းအတွင်းထွက်ပြေးသွားပြီး ၎င်း၏နေအိမ်ခြံဝင်းအတွင်းမှ ဘိန်းဖြူ အလေးချိန် ၂၁ ဒသမ ၁ ဂရမ်နှင့် စိတ်ကြွရူးသွပ်ဆေးပြား ၂၂၀၅ ပြား သိမ်းဆည်းရမိခဲ့သည်။ **(အပေါ်ပုံ)**

ဆက်လက်ပြီး အဆိုပါအဖွဲ့သည် ယင်းကျေးရွာနေ ဦးစိုင်းတိလောက၏ နေအိမ်အား ဆက်လက်ရှာဖွေရာ စိတ်ကြွရူးသွပ်ဆေးပြား ၁၆၀ အား သိမ်းဆည်းရမိခဲ့သည်။

ထို့ကြောင့် မူးယစ်ဆေးဝါးများ လက်ဝယ်တွေ့ရှိသူ နန်းလောင်(၄၅)နှစ်နှင့် ဦးစိုင်းတိလောကတို့ နှစ်ဦးအား မိုင်းဆတ်မြို့နယ်ရဲစခန်းက အမှုဖွင့်အရေးယူထားကြောင်း သိရသည်။ **(သန်းဇော်)**

# ခိုးမှုဖြင့်အရေးယူထားသူများအား စစ်ဆေးရာမှ ဆိုင်ကယ်ခိုးမှုထပ်မံပေါ်ပေါက်

**ရန်ကုန် ဩဂုတ် ၁**

မြောက်ပိုင်းခရိုင်ရဲတပ်ဖွဲ့မှူးရုံးမှ တပ်ဖွဲ့ဝင်များနှင့် လှိုင်သာယာမြို့မရဲစခန်းမှ တပ်ဖွဲ့ဝင်များသည် လှိုင်သာယာမြို့မရဲစခန်းတွင် ခိုးမှု၊ ခိုးမှုမသင်္ကာတို့ဖြင့် ဖမ်းဆီးအရေးယူထားသော လှိုင်သာယာ မြို့နယ်နေသူများဖြစ်ကြသည့် အောင်မျိုးသူ(ခ)အောင်မျိုးကိုကိုနှင့် ရဲလင်းထက်တို့အား အခြားခိုးမှုများကျူးလွန်ထားခြင်း ရှိ၊ မရှိစစ်ဆေးခဲ့ရာ ၎င်းတို့နှစ်ဦးသည် ဇွန်လက လှိုင်သာယာမြို့နယ် အမှတ်(၁၅)ရပ်ကွက်ရှိနေအိမ် ခြံဝင်းသုံးခုအတွင်းမှ ဆိုင်ကယ်သုံးစီးနှင့် မြေတိုင်း(၂၂)ရပ်ကွက်ရှိ နေအိမ်ခြံဝင်းအတွင်းမှ ဆိုင်ကယ်တစ်စီးအား ခိုးယူခဲ့ပြီး ဧရာဝတီတိုင်းဒေသကြီးသို့ သွားရောက်ရောင်းချခဲ့ကြောင်း စစ်ဆေးပေါ်ပေါက်ခဲ့သည်။

သက်သေခံဆိုင်ကယ်များအား ပြန်လည်သိမ်းဆည်းခဲ့ပြီး ၎င်းတို့ နှစ်ဦးအား လှိုင်သာယာမြို့မရဲစခန်းတွင် အမှုဖွင့်အရေးယူထားကြောင်း သိရသည်။ **(ဝ၄ဝ)**





# ခြောက်ဘီးယာဉ်ပေါ်မှ သစ်ခွဲသားများ သိမ်းဆည်းရမိ

**မန္တလေး ဩဂုတ် ၁**

မန္တလေးခရိုင် မှုခင်းနှိမ်နင်းရေးမှ ဒုတိယရဲအုပ်ကျော်ဝင်းမောင်နှင့်အဖွဲ့၊ သစ်တောဦးစီးဌာနမှ တောအုပ် ဦးလှမိုးအောင်နှင့် အဖွဲ့သည် ဇူလိုင် ၂၉ ရက် မွန်းလွဲ၁နာရီခွဲက စစ်ကိုင်းမှ မန္တလေးဘက်သို့ ယာဉ်မောင်း ယဉ်မောင်ဦး(၂၈)နှစ်ရွှေကြက်ယက်ကျေးရွာ အမရပူရမြို့နယ်နေသူ မောင်းနှင်ပြီး မြင့်ဆွေ(၅၀)နှစ် ပြည်ကြီးတံခွန်မြို့နယ်နေသူ လိုက်ပါလာသည့် ခြောက်ဘီးယာဉ်အား အမရပူရမြို့နယ် စစ်ကိုင်း-မြစ်ငယ်ဖြတ်လမ်း အိုးထုတ္တတန်းလမ်းခွဲတွင် ရပ်တန့်စစ်ဆေးရာ ယာဉ်ပေါ်တွင် တရားမဝင် အင်သစ်ခွဲသား ၄ ဒသမ ၂၂၅၈ တန် သိမ်းဆည်းရမိပြီး ပိုင်ရှင်မြင့်ဆွေနှင့် ယဉ်မောင်ဦးတို့အား အမရပူရမြို့နယ် မြို့မရဲစခန်းက အမှုဖွင့်စစ်ဆေးလျက်ရှိကြောင်း သိရသည်။

**ကိုကိုကြီး(မန္တလေး)**




**မူးယစ်ဆန့်ကျင် အောင်ပွဲဆင်**

## ကန့်ကွက်နိုင်ပါကြောင်း

ရန်ကုန်မြို့၊ လှိုင်မြို့နယ်၊ (၉)ရပ်ကွက်၊ ရန်ကုန်အင်းစိန်လမ်း၊ အမှတ်(၁၅၆)ဟု ခေါ်တွင်သော မြေတိုင်းရပ်ကွက်အမှတ်(၁၆)၊ မြေကွက်အမှတ် (၃၄/က)၊ မြေကွက်ပေါ်တွင် မြေပိုင်ရှင်ဖြစ်သူ ဒေါ်စိန်စိန်မှ(၈)ထပ်ခွဲ ကန်ထရိုက်တိုက်သစ်ဆောက်လုပ်မည်ဖြစ်ရာ ကန့်ကွက်လိုပါက ခိုင်လုံသော ပိုင်ဆိုင်မှုအထောက်အထား မူရင်းများနှင့်အတူ ကြော်ငြာပါသည့်နေ့မှစ၍ (၁၄)ရက် အတွင်းလှိုင်မြို့နယ် အထွေထွေအုပ်ချုပ် ရေးမှူးရုံးသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။

**ဒေါ်စိန်စိန်(မြေပိုင်ရှင်)နှင့် သားသမီးများ**




*Dear lessie R. Beale (a) U Myat Thin (Lt. Col. Retd) forestry*

*"Your wife was greatly sweet, sincere and splendid professor,*
*That many University students adored her."*
*"On her final Judgment Day,*
*Heaven had yielded a place to stay."*
*Yours,*

*Lionel Yin San (Physics) (@) Shein Win (Shane) (IBC) Ph ; 09 790566895*

*P.S General Abel and you can speak in English the best,*
*Among the highest Authorities I had met."*
*I am thinking at Last,*
*That both of you were trained in Sandhurst."*

# အထူးဝမ်းမြောက်ဂုဏ်ယူပါကြောင်း

သီရိသုဓမ္မမဏိဇောတရဦးကျော်ဝင်းအား အင်္ဂလန်နိုင်ငံ Trinity World University, Turks & Caicos island (UK Overseas Territory)၏ ပညာရေးအဖွဲ့မှ ဂုဏ်ထူးဆောင်ဒသနိကပါရဂူဘွဲ့ (Honorary Doctor of Philosophy- Ph.D)(UK)နှင့် သုဓမ္မသိင်္ဂီဒေါ်မြင့်မြင့်သန်းအား အမေရိကန်နိုင်ငံ (The New Age International University, USA)၏ ပညာရေးအဖွဲ့မှ ဂုဏ်ထူးဆောင်ဒသနိကပါရဂူဘွဲ့(Honorary Doctor of Philosophy- Ph.D(USA)တို့ကို ချီးမြှင့်သည့်အတွက် aroma မိသားစုမှ ပြောမပြတတ်အောင် ဝမ်းသာဂုဏ်ယူမိပါကြောင်း။

**တေးသံရှင် စိန်လင်း(aroma)၊ ကိုအောင်မြတ်သူ**

ပြည်တွင်းအခွန်များဦးစီးဌာန

# အောင်ဘာလေသိန်းဆုဌာနခွဲ

(၃၁၉) ကြိမ်မြောက် ထီပေါက်စဉ် ၂၀၁၅ ခုနှစ် ၊ ဩဂုတ် လ (၁) ရက်နေ့

အခမဲ့ထုတ်ဝေသည်

## အထူးဆုကြီး ကျပ်သိန်း (၁၅၀၀) ဆု

ဓ - ၄၈၁၂၀၇

## ဆုကြီးတစ်ဆုစျင်း ကျပ်သိန်း(၁၀၀၀)ဆုများ

ဒ - ၈၀၈၁၂၇ ပ - ၈၉၈၃၅၇

## ဆုကြီးတစ်ဆုစျင်း ကျပ်သိန်း(၅၀၀)ဆုများ

ဈ - ၃၁၇၇၆၀
ဇ - ၄၄၃၁၀၈
ဈ - ၅၃၆၅၁၆
မ - ၅၅၀၈၄၁
ဖ - ၉၆၅၀၀၂

## ဆုကြီးတစ်ဆုစျင်း ကျပ်သိန်း(၃၀၀)ဆုများ

ဝ - ၃၄၉၈၄၃
ကက- ၄၂၉၃၄၇
ဘ - ၅၃၁၁၄၅
ကက- ၅၈၀၃၄၉
ဝ - ၇၂၅၃၁၉
ဘ - ၉၅၇၈၀၉

## ဆုကြီးတစ်ဆုစျင်း ကျပ်သိန်း(၂၀၀)ဆုများ

န - ၁၃၅၃၁၂
ထ - ၂၅၀၅၇၁
ယ - ၄၇၄၄၆၇
ကဂ- ၆၁၆၇၂၁
ဗ - ၇၆၄၉၁၀
စ - ၉၀၀၆၄၀
ဖ - ၉၇၆၂၆၀

## ဆုတစ်ဆုချင်းကျပ်သိန်း(၁၀၀)ဆုများ

| | | | |
|---|---|---|---|
| လ - ၁၀၇၅၀၈ | ယ - ၁၅၃၉၈၈ | ည - ၅၆၂၇၄၅ | စ - ၇၂၈၄၂၉ |
| ဈ - ၁၄၂၆၂၆ | က - ၁၅၅၃၂၈ | ပ - ၅၇၁၈၅၈ | ဍ - ၇၃၄၆၆၁ |
| ပ - ၁၄၂၇၁၉ | အ - ၂၈၉၄၀၅ | မ - ၅၈၆၇၀၀ | ကခ- ၇၄၀၆၇၇ |
| က - ၁၄၈၁၀၃ | ဖ - ၄၉၂၇၇၀ | ဟ - ၇၂၅၇၈၂ | ဟ - ၈၄၆၄၄၃ |

## ဆုတစ်ဆုချင်းကျပ်သိန်း(၅၀)ဆုများ

| | |
|---|---|
| စ - ၁၁၈၆၀၉ | တ - ၅၂၆၀၁၂ |
| ဆ - ၁၃၅၂၃၂ | ဘ - ၅၂၈၅၅၃ |
| ဇ - ၁၃၈၂၄၀ | ရ - ၅၅၇၃၆၅ |
| ဏ - ၂၅၆၆၄၂ | ပ - ၆၀၅၇၁၁ |
| လ - ၃၃၀၁၂၈ | ဏ - ၆၁၅၇၁၉ |
| ရ - ၃၅၃၃၄၁ | ဘ - ၆၈၆၉၉၈ |
| ပ - ၃၅၇၈၇၀ | မ - ၇၅၇၉၇၄ |
| ပ - ၄၇၇၀၇၅ | ဋ - ၈၂၃၄၃၀ |
| လ - ၄၉၉၃၀၈ | ည - ၈၅၉၁၇၅ |
| ဘ - ၅၀၅၃၅၀ | ဟ - ၉၂၄၁၇၂ |

## ဆုတစ်ဆုချင်းကျပ်(၂၅)သိန်းဆုများ

| | |
|---|---|
| ဋ - ၁၂၁၂၅၉ | ဘ- ၇၃၅၅၇၀ |
| ယ- ၂၀၅၈၄၂ | ဓ - ၇၆၀၉၈၁ |
| ဍ - ၂၆၂၀၀၀ | န - ၈၀၆၀၇၁ |
| မ - ၃၁၇၇၁၉ | ရ - ၈၂၇၇၄၆ |
| ဇ - ၃၃၆၆၃၀ | င - ၈၁၅၉၇၂ |
| ဗ - ၄၂၇၁၂၁ | ဟ- ၈၃၈၇၁၁ |
| တ- ၅၂၂၆၉၇ | အ- ၉၀၇၈၃၅ |
| ထ- ၅၂၇၃၁၆ | ကဂ-၉၁၉၀၆၄ |
| ဋ - ၇၀၂၈၅၁ | ဝ - ၉၅၃၈၄၉ |
| ဆ- ၇၃၃၉၀၅ | မ - ၉၉၃၀၄၂ |

ကြော်ငြာ

## ဆုတစ်ဆုချင်းဆုမဲစနစ်ကျပ်(၁၀)သိန်းဆုများ

| | | |
|---|---|---|
| မ - ၁၄၈၇၇၂ | စ - ၄၇၇၉၅၇ | ခ - ၇၉၅၅၂၃ |
| ယ - ၁၉၀၂၈၇ | ကက-၄၈၁၅၄၈ | ဌ - ၈၁၂၈၇၄ |
| ဋ - ၂၀၀၀၃၅ | ရ - ၅၃၀၈၉၇ | သ - ၈၃၉၃၇၇ |
| ရ - ၂၀၄၀၀၈ | ဇ - ၅၆၅၉၃၇ | ဆ - ၈၄၀၆၅၈ |
| ဌ - ၂၀၇၂၄၁ | ပ - ၅၇၄၃၂၉ | ဏ - ၈၅၀၁၂၇ |
| ဖ - ၂၂၉၄၃၀ | ဖ - ၅၈၂၁၅၅ | ဏ - ၈၅၆၆၉၁ |
| ခ - ၂၈၄၆၉၀ | ဖ - ၆၃၅၁၈၅ | ပ - ၈၅၆၈၂၁ |
| ဘ - ၂၈၆၈၇၀ | ဍ - ၆၄၉၆၈၇ | ဘ - ၈၆၉၅၁၇ |
| ဋ - ၂၉၉၆၇၅ | ပ - ၆၈၂၂၅၄ | ရ - ၈၈၀၈၈၅ |
| ယ - ၃၂၄၇၂၈ | ဖ - ၆၉၃၃၁၃ | မ - ၉၁၈၆၃၄ |
| ဝ - ၃၅၂၆၁၇ | ဈ - ၆၉၉၅၁၆ | ကခ-၉၅၃၁၆၆ |
| အ - ၃၉၂၆၉၅ | အ - ၆၉၉၉၈၈ | စ - ၉၇၆၂၃၅ |
| အ - ၄၁၈၅၂၄ | န - ၇၂၇၉၂၈ | ဏ- ၉၉၁၈၁၉ |
| ည - ၄၄၃၃၀၉ | ဌ - ၇၃၂၅၉၄ | ငှ - ၉၉၂၈၀၀ |
| ဖ - ၄၅၀၂၇၂ | ဂ - ၇၅၇၃၁၃ | |
| ဈ - ၄၇၇၆၀၆ | ဍ - ၇၈၆၁၅၀ | |

## ဆုတစ်ဆုချင်းဆုမဲစနစ်ကျပ်(၅)သိန်းဆုများ

| | | |
|---|---|---|
| ဒ - ၁၀၈၀၁၂ | ဠ - ၄၄၁၃၆၃ | င - ၇၆၉၆၇၃ |
| ရ - ၁၄၆၉၂၈ | ဋ - ၄၆၆၅၅၅ | ခ - ၇၉၇၆၈၇ |
| ပ - ၁၅၀၈၆၇ | ပ - ၄၈၂၅၀၇ | အ - ၈၁၂၆၉၈ |
| ည - ၁၉၆၃၆၃ | ဘ - ၄၉၇၈၇၃ | ဖ - ၈၁၃၉၁၂ |
| ရ - ၂၁၃၆၄၁ | န - ၄၉၉၆၈၇ | ရ - ၈၁၄၀၇၂ |
| စ - ၂၁၇၂၄၅ | အ - ၅၇၄၉၃၉ | ယ - ၈၁၅၁၀၂ |
| ယ - ၂၂၂၇၆၉ | က - ၅၈၅၄၅၆ | ဈ - ၈၁၅၁၅၀ |
| ကဂ- ၂၂၄၈၅၁ | ရ - ၅၉၉၅၆၂ | ဏ - ၈၃၀၅၂၉ |
| ခ - ၂၆၅၆၈၆ | တ - ၆၁၅၃၂၉ | ပ - ၈၈၀၂၉၀ |
| ည - ၂၇၈၇၁၄ | ဇ - ၆၃၆၉၁၆ | ပ - ၈၈၅၃၁၁ |
| န - ၃၃၄၇၄၉ | ဌ - ၆၄၄၄၆၅ | ဍ - ၈၉၂၄၁၈ |
| တ - ၃၄၃၃၀၁ | ကဂ- ၆၅၁၀၄၁ | ဍ - ၈၉၇၈၆၀ |
| ဆ - ၃၉၂၂၁၃ | ဠ - ၆၅၃၆၆၉ | န - ၉၃၄၂၁၀ |
| ရ - ၃၉၂၄၄၀ | သ - ၆၅၈၄၄၁ | ဝ - ၉၃၈၅၀၈ |
| ဝ - ၃၉၄၄၉၀ | ဍ - ၆၈၁၄၄၆ | ဟ - ၉၅၂၄၁၁ |
| ဘ - ၃၉၉၄၇၄ | မ - ၆၈၂၇၆၄ | င - ၉၅၃၇၆၂ |
| ခ - ၄၂၅၈၉၀ | န - ၆၈၉၀၈၅ | ထ - ၉၆၃၅၄၄ |
| သ - ၄၃၃၂၂၃ | ဖ - ၇၁၃၉၅၃ | ဘ - ၉၈၀၀၁၈ |
| ဘ - ၄၃၆၇၇၀ | ဍ - ၇၂၄၉၉၇ | ဘ - ၉၈၇၅၀၉ |

# ဝေဝေဆာဆာပဒေသာ ဆုမဲစနစ်

## ဝေဝေဆာဆာပဒေသာ(၃)သိန်းဆုများ

| | |
|---|---|
| ဇ - ၂၅၅၅၆ | မ - ၅၃၀၉၅ |
| ပ - ၂၇၈၀၀ | ဍ - ၇၂၃၀၄ |
| ဘ - ၃၀၄၆၈ | သ - ၈၀၈၁၈ |
| ညီ - ၃၀၄၇၉ | သ - ၈၆၅၈၃ |
| လ - ၅၀၆၂၉ | ဏ - ၉၈၆၇၅ |

အက္ခရာနှင့် ရှေ့ဂဏာန်း(၅)လုံး အစဉ်လိုက်တူ နောက်ဂဏာန်း(၁)လုံးလွဲ ကျပ်(၃)သိန်း

## ဝေဝေဆာဆာပဒေသာ(၂)သိန်းဆုများ

| | |
|---|---|
| ည - ၁၃၃၅ | တ - ၉၂၂၅ |
| ကဂ- ၄၂၈၈ | ဠ - ၉၃၆၄ |
| ဝ - ၄၆၃၂ | သ - ၉၃၇၆ |
| ပ - ၇၂၈၇ | ကဂ- ၉၆၆၁ |
| ဠ - ၈၈၈၅ | ဂ - ၉၈၆၈ |

အက္ခရာနှင့် ရှေ့ဂဏာန်း(၄)လုံး အစဉ်လိုက်တူ နောက်ဂဏာန်း(၂)လုံးလွဲ ကျပ်(၂)သိန်း

## ဝေဝေဆာဆာပဒေသာ(၁)သိန်းဆုများ

ဒ - ၃၇၀
ပ - ၅၆၁
လ - ၈၂၈
ဆ - ၈၈၀
ဠ - ၉၀၅

အက္ခရာနှင့် ရှေ့ဂဏာန်း(၃)လုံး အစဉ်လိုက်တူ နောက်ဂဏာန်း(၃)လုံးလွဲ ကျပ်(၁)သိန်း

## ဝေဝေဆာဆာပဒေသာ(၅)သောင်းဆုများ

ဈ - ၈၂
ဇ - ၈၈
ရ - ၉၀

အက္ခရာနှင့် ရှေ့ဂဏာန်း(၂)လုံး အစဉ်လိုက်တူ နောက်ဂဏာန်း(၄)လုံးလွဲ ကျပ်(၅)သောင်း

၁။ ဖွင့်လှစ်ခဲ့သော (၃၁၉)ကြိမ်မြောက် အောင်ဘာလေသိန်းဆုဖွင့်ပွဲအတွက် ထီအုပ်ရေ (၂၉၄၅၄၄၈)အုပ်အားရောင်းချပေးခဲ့ရာ ရောင်းရငွေကျပ် (၅၈၉၀၈၉၆၀၀၀) ရရှိခဲ့ပြီး၊ ၎င်းမှ ( ၆၀ ) ရာခိုင်နှုန်းဖြစ်သော ကျပ်(၃၅၃၄၅၃၇၆၀၀)ကို ဆုမဲပေါင်း (၃၆၂၈၀) ဆု ဖွင့်လှစ်ပေးခဲ့ပါသည်။

၂။ ၂၀၁၅ ခုနှစ် စက်တင်ဘာလ (၁)ရက်နေ့တွင်ဖွင့်လှစ်မည့် (၃၂၀) ကြိမ်မြောက် အောင်ဘာလေသိန်းဆုဖွင့်ပွဲတွင် အက္ခရာ ( ၃၇ )လုံး ကုန်စင်အောင်ရောင်းချရပါက ဆုမဲပေါင်း ( ၃၇၂၇၇ )ဆု ဖွင့်လှစ်ပေးသွားမည်ဖြစ်ပါသည်။

၃။ အောင်ဘာလေထီ ဝယ်ယူကံစမ်းမည့်သူများအနေဖြင့် (၃၂၀) ကြိမ် အတွက် ၃-၈-၂၀၁၅ ရက် မှစတင်၍ ထီစာအုပ်ကုန်စင်သည်အထိအမှတ် (၃၈၄)၊ မဟာဗန္ဓုလလမ်းနှင့် (၃၇)လမ်းထောင့်ရှိအောင်ဘာလေသိန်းဆုဌာနခွဲတွင် ထီလက်မှတ် (၁၁)စောင်ပါ ထီစာအုပ်တစ်အုပ် ကျပ်(၂၀၀၀)နှုန်းဖြင့်တစ်ဦးလျှင် ထီစာအုပ် (၁)အုပ် မှ ထီစာအုပ် (၁၀)အုပ်ထိ နိုင်ငံသားကတ်မူရင်းနှင့် မိတ္တူတင်ပြပြီး နံနက် (၁၁) နာရီမှ မွန်းလွဲ (၂) နာရီအချိန်အတွင်းငွေသားလက်ငင်းပေးချေ၍ လွတ်လပ်စွာ ဝယ်ယူကံစမ်းနိုင်ပါသည်။

**ဆုငွေစတင်ထုတ်ပေးမည့်ရက် ( ၇- ၈- ၂၀၁၅ )**

ယခုအကြိမ်နှင့် အကြိမ်ဟောင်းများမှ ဆုရလက်မှတ်များကို နေ့စဉ်လက်ခံဆောင်ရွက်ပေးလျက်ရှိပြီး၊ နိုင်ငံသားစိစစ်ရေးကတ်မူရင်း/မိတ္တူ ၊ အိမ်ထောင်စုစာရင်းမူရင်း/ မိတ္တူ ၊ ၂" x ၃" ဓာတ်ပုံ (၃) ပုံ တင်ပြရန် လိုအပ်ပါသည်။

အောင်ဘာလေသိန်းဆုဌာနခွဲ

အောင်ဘာလေသိန်းထီပေါက်စဉ်အား www.irdmyanmar.gov.mm တွင် ကြည့်ရှုထုတ်ယူနိုင်ပါသည်။

*မျက်မှောက်ကမ္ဘာတွင် ဖြစ်ပေါ်နေသော နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေး၊ စစ်ရေးစသည့် နိုင်ငံတကာ အရေးကိစ္စများကို မျက်ခြည်မပြတ်လေ့လာနေရန် လိုအပ်ပါသည်။ ထိုသို့လေ့လာနေမှသာလျှင် နိုင်ငံတကာ အခင်းအကျင်းများမှ ရယူသင့်သော သင်ခန်းစာများကို ထုတ်ယူနိုင်မည်ဖြစ်ပါသည်။ ကြေးမုံစာဖတ်ပရိသတ်များအား တစ်ပတ်အတွင်းထူးခြားသော နိုင်ငံတကာ ဖြစ်စဉ်များကို ခြုံငုံသိရှိနိုင်စေရန်အတွက် အပတ်စဉ် တနင်္ဂနွေနေ့တိုင်း နိုင်ငံတကာသတင်း ပုံရိပ်များကို ဖော်ပြအပ်ပါသည်။ (စာတည်း)*

# မင်းပေါက်စိုးဝင် "ဒုံး" ဖခင်၏ သမိုင်းဝင်ပုံရိပ်များ

à ကိုရင်ညို

အိန္ဒိယနိုင်ငံ၏ အကျော်ဒေးယျ လောကဓာတ်သိပ္ပံ ဆရာကြီး ဒေါက်တာအေပီဂျေအဗ္ဗဒူလ်ကာလမ်သည် နိုင်ငံတော်အား သူချစ်မြတ်နိုးသည့် လေကြောင်းအာကာသ သိပ္ပံပညာဖြင့် နှစ်ပေါင်းရှည်ကြာ အလုပ်အကျွေးပြုခဲ့လေပြီးနောက် ဇူလိုင် ၂၇ ရက်တွင် ကွယ်လွန်အနိစ္စရောက်ရှိခဲ့ပြီး ဇူလိုင် ၃၀ ရက်တွင် ၎င်း၏ ဇာတိရပ်မြေဖြစ်သော နိုင်ငံတောင်ပိုင်း တမီလ်နာဒူးပြည်နယ် ရာမီရှဝါရမ်မြို့ငယ်လေး၌ နိုင်ငံတော်ဈာပနအခမ်းအနား ပြုလုပ်ခဲ့လေသည်။

၂၀၀၂ ခုနှစ်မှ ၂၀၀၇ ခုနှစ်အထိ အိန္ဒိယနိုင်ငံ၏ ၁၁ ကောဒသမမြောက် သမ္မတအဖြစ် တာဝန်ထမ်းဆောင်ခဲ့သူမှာ မစ္စတာကာလမ်ဖြစ်ပြီး နိုင်ငံတော်၏ စစ်ဘက် ဆိုင်ရာ ဒုံးပျံအစီအစဉ်၏ ဦးသျှောင်အဖြစ် ဦးဆောင်ဦးရွက်ပြုခဲ့သည့် သူ၏ ဂုဏ်ဒြပ်ကို ထင်ဟပ်သည့်အနေဖြင့် "ဒုံးပျံဖခင်ကြီး" ဟူ၍ အနွတ္တသညာတွင်ခဲ့သူလည်းဖြစ်လေ၏။

ယောကျ်ားတံခွန် လူရည်ချွန်ကား ကောင်းကင်တမွတ် ကြယ်ကိုဆွတ်၏ ဟူဘိသို့ လေကြောင်းအာကာသလောကဓာတ်ပညာ၌ တစ်ဖက်ကမ်းခပ် ထုတ်ချောက်သူ မစ္စတာကာလမ်သည် ဒုံးစက်တပ် ယာဉ်ပျံယန္တရားအတတ်ဖြင့် နိုင်ငံတော်၏ ကာကွယ်ရေး စွမ်းပကားကို မြင့်မားတိုးတက်အောင် ဦးဆောင်ကြိုးပမ်းခဲ့လေသည်။

ကာလမ်သည် မာဂါလာယာပြည်နယ် မြို့တော်ရှီလောင်ရှိ အိန္ဒိယစီမံခန့်ခွဲမှုပညာ တက္ကသိုလ်၌ ကျောင်းသူ၊ ကျောင်းသားများအား ဟောပြောပို့ချနေချိန်အတွင်း အရပ်ကြိုးပြတ်သည့်ပုံအသွင် ပြိုလဲကျခဲ့ပြီး ဆေးရုံတွင် ကွယ်လွန်အနိစ္စရောက်ရှိခဲ့သည်။ သူကွယ်လွန်ချိန်တွင် အသက် ၈၃ နှစ်ရှိပြီဖြစ်သည်။

စီးပွားရေး အကျိုးအမြတ်အလို့ငှာ မဟုတ်မူ၍ လူသားတို့ အကျိုးစီးပွားအလို့ငှာ သိပ္ပံပညာကို အသုံးချရမည် ဟူ၍ ယုံကြည်သူ ကာလမ်သည် အိန္ဒိယနိုင်ငံ၏ အကျော်ကြားဆုံး သိပ္ပံပညာရှင် ဖြစ်သည့်အပြင် ပြည်သူ့ရေးရာ စီမံခန့်ခွဲရေးမှူး၊ ပညာပါရမီဖြည့်သူနှင့် စာရေးဆရာဟူသော ဂုဏ်ထူးဝိသေသ အပေါင်းနှင့် ခညောင်းသူလည်း ဖြစ်ချေ၏။

ကာလမ်ကွယ်လွန်ခြင်းသည် လောကဓာတ် သိပ္ပံအသိုက်အဝန်း တစ်ခုလုံးအတွက် အလင်းပေးနေသည့် ကြယ်တစ်ပွင့် ကြွေကျမြေခခြင်းနှင့် တူသည်ဟုဆိုနိုင်ပြီး အိန္ဒိယပြည်သူ များနှင့်အတူ ကမ္ဘာ့ပြည်သူတို့မှာ ဝမ်းနည်းလှိုက်ဖိုစွာဖြင့် ယူကျုံးမရ အပူလုံး ကြွကြွရလေသည်။

လောကဓာတ် သိပ္ပံပညာဆိုင်ရာပညာရှင်တစ်ဦးအဖြစ်မှသည် ပညာရှင် နိုင်ငံ့အကြီးအကဲဖြစ်လာခဲ့သူ ကာလမ်ကို 'ပြည်သူ့သမ္မတကြီး' ဟုလည်း ချစ်စနိုး ခေါ်တွင်ခဲ့ကြကာ ပြည်သူတစ်ရပ်လုံး၏ ယုယပိုက်ထွေးမှုကို ခံယူနိုင်ခဲ့လေသည်။

သမ္မတရာထူးသက်တမ်း ကုန်ဆုံးလွန်မြောက်ခဲ့ပြီးနောက် ပရဟိတလုပ်ငန်း၌ မဆုတ်မနစ် ဆောင်ရွက်ခဲ့သူမှာ ကာလမ်ဖြစ်ပြီး ဝေးလံသီခေါင်သော အရပ်ဒေသများရှိ စာသင်ကျောင်းများနှင့် တက္ကသိုလ်ကောလိပ်များသို့ ခရီးသွားရောက်ကာ မျိုးဆက်သစ်တို့ တိုးတက်ရစ်ဖို့ သွန်သင်ဆုံးမပေးခဲ့သူ ပုဂ္ဂိုလ်ကြီးအဖြစ် အားလုံးက မှတ်မိနေကြဆဲပင်။

ကျောင်းသူ၊ ကျောင်းသားများ၊ မျိုးဆက်သစ်လူငယ်များ၏ အနာဂတ် အိပ်မက်ကို ပုံဖော်ထုဆစ်ပေးလိုသူ ကာလမ်သည် လူငယ်များက သူ့ထံမှ အကြံဉာဏ်ရရှိရန် စုံစမ်းမေးမြန်းသည့် အီး-မေးလ်စာလွှာပေါင်း နေ့စဉ် ရာပေါင်းများစွာကို လက်ခံရရှိပြီး မေးမြန်းချက်အများစုကို တလေးတစား ပြန်စာပေးပို့လေ့ရှိသည်ဆို၏။

ကမ္ဘာ့ကုလသမဂ္ဂအဖွဲ့ကြီးသည် နိုင်ငံတော်နှင့် ကျောင်းသူ၊ ကျောင်းသားများ အတွက် သူ၏ဘဝကို ရင်းနှီးမြှုပ်နှံထားသူ ကာလမ်အား ဂုဏ်ပြုသည့်အနေဖြင့် သူ၏ မွေးနေ့ဖြစ်သော အောက်တိုဘာ ၁၅ ရက်ကို World Students Day အဖြစ် သတ်မှတ်ပေးထားလေသည်။

**အာဂလူသားမွေးဖွားခြင်း**

ကာလမ်သည် ၁၉၃၁ ခုနှစ်တွင် လူလတ်တန်းလွှာ မိသားစုအတွင်း မွေးဖွားခဲ့သည်။ တမီနာဒူးပြည်နယ်၌ ဟိန္ဒူဘုရားကျောင်းများဖြင့် ထင်ပေါ်ကျော်ကြားသော မြို့ငယ်လေးဖြစ်သည့် ရာမီရှဝါရမ်သည် သူ၏ ဇာတိချက်ကြွေ မွေးရပ်မြေဖြစ်သည်။ သူသည် ဆယ့်နှစ်ရာသီခွင်အရ တူရာသီဖွား (ချိန်ခွင်ကိုင် ယောကျ်ားပုံ)ဖြစ်၏။

ကာလမ်၏ ဖခင်ကြီးမှာ လှေများပိုင်ဆိုင်ပြီး ဒေသခံ ရေလုပ်သားများကို လှေငှားရမ်းပေးကာ မိသားစုဘဝ ရပ်တည်နိုင်ရေးအတွက် ရုန်းကန်ခဲ့သည်။ ယင်းနောက်တွင် ဘုရားဖူးခရီးသည်များအား ပို့ဆောင်ပေးသည့် ကူးတို့ရေယာဉ်လုပ်ငန်းကို လုပ်ကိုင်ခဲ့သည်။

ကာလမ်သည် ငယ်စဉ်ကပင် ကိုယ့်ဒူးကိုယ်ချွန်စိတ်ဓာတ်ခိုင်ကျည်သူဖြစ်ရကား မိဘလုပ်စာကို ထိုင်မစားဘဲ သမ္မာအာဇီဝ စိတ်ဖြင့် အလုပ်စတင်လုပ်ကိုင်ခဲ့သည်။ သူ၏ပထမဆုံးအလုပ်သည်ကား သတင်းစာပို့သူဖြစ်လေသည်။

ဉာဏ်ရည်စူးရှပြီး လုံ့လဝီရိယရှိသူ ကာလမ်သည် စာကြိုးစားသူဖြစ်ပြီး အထူးအားဖြင့် သင်္ချာပညာ၌ စိတ်ဝင်စားလှသည်။

၁၉၅၄ ခုနှစ်တွင် စိန့်ဂျိုးဇက်ကောလိပ်မှ ရူပဗေဒဘာသာရပ်အထူးပြုဖြင့် ဘွဲ့ရရှိခဲ့သော်လည်း ပညာဆည်းပူးမှု၌ မတင်းတိမ်နိုင်သေးသဖြင့် မဒရပ်မြို့ရှိ နည်းပညာ တက္ကသိုလ်၌ လေကြောင်းအာကာသ အင်ဂျင်နီယာဘာသာရပ်ကို လေ့လာရန် ၁၉၅၅ ခုနှစ်တွင် ယင်းမြို့သို့ ပြောင်းရွှေ့ခဲ့သည်။

၁၉၆၀ ပြည့်နှစ်၌ ယင်းတက္ကသိုလ်မှ ဘွဲ့ဒီဂရီရရှိခဲ့ပြီးနောက် ကာကွယ်ရေးသုတေသနနှင့် ဖွံ့ဖြိုးရေးအဖွဲ့၏ လေကြောင်းအာကာသဖွံ့ဖြိုးရေးဌာန၌ သိပ္ပံပညာရှင်ချုပ်တစ်ဦးအဖြစ် တာဝန်ထမ်းဆောင်ခဲ့သည်။ အိန္ဒိယကြည်းတပ်အတွက် ရဟတ်ယာဉ်ထုတ်လုပ်ပေးနိုင်ရန် ဒီဇိုင်းပုံစံထုတ်သည့် လုပ်ငန်းကို စတင်လုပ်ကိုင်ခဲ့လေသည်။

၁၉၆၉ ခုနှစ်တွင် အိန္ဒိယအာကာသ သုတေသနအဖွဲ့ (အိုင်အက်စ်အာရ်အို)သို့ ပြောင်းရွှေ့ခဲ့ပြီး နိုင်ငံတော်၏ ပထမဆုံးသော ဂြိုဟ်တုလွှတ်တင်ရေးယာဉ် (SLV-III) ၏ စီမံကိန်းညွှန်ကြားရေးမှူးအဖြစ် တာဝန်ယူခဲ့လေသည်။

၁၉၈၀ ပြည့်နှစ် ဇူလိုင်လတွင် အဆိုပါယာဉ်ဖြင့် ရိုဟီနီ(Rohini)အမည်ရှိ ဂြိုဟ်တုတစ်လုံးကို အောင်မြင်စွာ လွှတ်တင်ပေးနိုင်ခဲ့သည်။

ကာလမ်သည် ၁၉၇၀ ပြည့်လွန်နှစ်များမှ အစပြု၍ ဒုံးလက်နက်တည်ဆောက်ရေး စီမံကိန်းနှစ်ခုကို ဦးစီးဦးရွက်ပြုခဲ့သည်။

Project Devil နှင့် Project Valiant အမည်ရှိ စီမံကိန်းများမှာ ဘောလစ်စတစ် ဒုံးကျည်များကို သုတေသနပြု တီထွင်ထုတ်လုပ်ရန် ရည်ရွယ်သည်။ ပဲ့ထိန်းစနစ်ဖြင့် လိုရာလမ်းကြောင်းအတိုင်း ပစ်လွှတ်ပြီးနောက် အလွှတ်ပျံသန်း၍ ပစ်မှတ်ပေါ်သို့ ကျရောက်နိုင်သော ဒုံးများကို အောင်မြင်မှုရရှိခဲ့သော SLV ဒုံးပျံယာဉ် တည်ဆောက်မှုနည်းပညာအပေါ် အခြေခံ၍ ထုတ်လုပ်ရန် ရည်ရွယ်သည်။

SLV ရော့ကက်ဒုံးပျံယာဉ်ဖြင့် ပြည်တွင်း၌ တည်ဆောက်သော ရိုဟီနီ-၁ ဂြိုဟ်တုကို အောင်မြင်စွာ လွှတ်တင်နိုင်ခဲ့ခြင်းမှာ အိန္ဒိယနိုင်ငံအတွက် သမိုင်းမှတ်တိုင်တစ်ရပ်ကို စိုက်ထူနိုင်ခြင်းဖြစ်သည်။

ကာလမ်၏ ကြိုးပမ်းအောင်မြင်မှုကို အစိုးရအဖွဲ့က ထောမနာပြုခဲ့ပြီး သူ၏ စီစဉ်ညွှန်ကြားမှုဖြင့် အဆင့်မြင့်နည်းပညာသုံး ဒုံးလက်နက်အစီအစဉ်တစ်ရပ်ကို အကောင်အထည်ဖော်စေခဲ့၏။

'မီးနတ်ဘုရား' ဟု အဓိပ္ပာယ်ရသော အဂ္ဂနီ(Agni) ဒုံးကျည်များနှင့် 'မြေကမ္ဘာ' ဟု အဓိပ္ပာယ်ပေါက်သော ပရိသဗီ(Prithvi) ဒုံးကျည်များကို သုတေသနပြု ထုတ်လုပ်ရာတွင် ကာလမ်က ဦးဆောင်ခဲ့ပြီး တိုက်ချင်းပစ်ဒုံးများဖြင့် နိုင်ငံတော်၏ ကာကွယ်ရေးအင်အားကို ခိုင်မာတောင့်တင်းစေခဲ့သည်။

ဒုံးလက်နက် အမျိုးမျိုးကို တစ်ချိန်တည်း တစ်ပြိုင်တည်း သုတေသနပြု ထုတ်လုပ်သည့် ပဲ့ထိန်းဒုံး ဖွံ့ဖြိုးရေး အစီအစဉ်၏ အကြီးအကဲအဖြစ် ကာလမ်က တာဝန်ယူခဲ့ပြီး ၁၉၉၂ ခုနှစ်မှ ၁၉၉၉ ခုနှစ်အထိ ဝန်ကြီးချုပ်၏ သိပ္ပံရေးရာ အကြံပေးအရာရှိချုပ်တာဝန်နှင့် ကာကွယ်ရေး သုတေသနနှင့် ဖွံ့ဖြိုးရေးအဖွဲ့၏ အတွင်းရေးမှူးတာဝန်တို့ကို ထမ်းဆောင်ခဲ့သည်။

အိန္ဒိယ၏ ဒုံးပျံဖခင်ကြီးအဖြစ် ချစ်စနိုးခေါ်တွင်ခံခဲ့ရသူ ကာလမ်သည် ပိုခရမ်-၂ (Pokhran-II) နျူကလီးယားစမ်းသပ်မှုများအတွက် စီမံကိန်းညှိနှိုင်းရေးမှူးချုပ်အဖြစ် တာဝန်ကျေပွန်ခဲ့လေသည်။


ပိုခရမ်-၂ စီမံကိန်းအရ အိန္ဒိယနိုင်ငံက နျူကလီးယားဗုံးစမ်းသပ်ဖောက်ခွဲမှု ငါးကြိမ်ပြုလုပ်ခဲ့သည်။

၁၉၉၈ ခုနှစ် မေလတွင် အိန္ဒိယကြည်းတပ်၏ ပိုခရမ်စမ်းသပ်ရေးကွင်း၌ ဒုတိယမြောက် နျူကလီးယားစမ်းသပ်မှုများ ပြုလုပ်ခဲ့သည်။ ၁၉၇၄ ခုနှစ် မေလက ပထမအကြိမ် နျူကလီးယားစမ်းသပ်မှု ပြုခဲ့လေသည်။

နျူကလီးယားဗုံး စမ်းသပ်ဖောက်ခွဲမှု ပြုလုပ်သည်ဟု အကြောင်းပြချက်ဖြင့် ဂျပန်နှင့် အမေရိကန်တို့အပါအဝင် ကမ္ဘာ့နိုင်ငံအများအပြားက အိန္ဒိယနိုင်ငံကို ဒဏ်ခတ်အရေးယူမှု အမျိုးမျိုးပြုလုပ်ခဲ့လေသည်။

နိုင်ငံတော်အတွက် မိမိကျွမ်းကျင်ရာ နည်းပညာဖြင့် ကျေးဇူးဆပ်ခဲ့သူ ကာလမ်သည် ၂၀၀၂ ခုနှစ်မှ ၂၀၀၇ ခုနှစ်အထိ နိုင်ငံတော် သမ္မတတာဝန်ကို ထမ်းဆောင်ခဲ့သည်။ အိန္ဒိယနိုင်ငံသမိုင်းတွင် သိပ္ပံပညာရှင် လူပျိုကြီးတစ်ဦးကို နိုင်ငံတော်သမ္မတကြီးတစ်ဦးအဖြစ် ခန့်အပ်ခဲ့ခြင်းအဖြစ် ပြောစမှတ်ပြုကြရလေသည်။

အစ္စလာမ် ဘာသာဝင် ကာလမ်သည် အတွေးအမြင်များကို ပေးစွမ်းသော စာအုပ်များအပြားကိုလည်း ရေးသားပြုစုခဲ့သည်။ သူ၏ "India 2020" အမည်ရှိ စာအုပ်မှာ အထူးကျော်ကြားလှပြီး ၂၀၂၀ ပြည့်နှစ်ထက် နောက်မကျဘဲ အိန္ဒိယနိုင်ငံအား ဖွံ့ဖြိုးပြီးနိုင်ငံအဖြစ်သို့ ထူထောင်ရန် မျှော်မှန်းချက်ကို ရေးဖွဲ့ထားလေသည်။ ॥



## အခန်းဆက်ဝတ္ထုရှည်



# ကမ္ဘာကုန်ကျယ်သရွေ့ဝယ်

တက္ကသိုလ်ဘုန်းနိုင်

*ရသစာပေသည် စာဖတ်ပရိသတ်များအား ညှို့ယူဖမ်းစားနိုင်၏။ ထိုစာပေကို ရသမြောက်အောင် ရေးဖွဲ့နိုင်ရန်မှာ စာရေးသူ၏ စာဖတ်ပရိသတ်အပေါ်ထားရှိသော စေတနာမှာ အရေးပါ၏။ ဆရာတက္ကသိုလ်ဘုန်းနိုင် မှာ စာဖတ်သူများအပေါ် အကျိုးအမြတ်မပါ။ ဆန္ဒစွဲမရှိ၊ ရိုးသားစွာဖြင့်ဘဝနှင့် ခံစားမှုတစ်ထပ်တည်းကျအောင် ရေးသားနိုင်သော စေတနာရှိ၏။ ထို့ကြောင့် ဆရာ၏ ရသစာပေများမှာ စာဖတ်ပရိသတ်များကြား ဝယ် ယနေ့ထက်တိုင် တောက်ပနေဆဲဖြစ်၏။ ဆရာ၏ စာပေတွင် လူတို့၏ စရိုက်၊ လူတို့၏ ဘဝအမှန်တို့ကို သူတို့ဖြတ်သန်းရာခေတ်ကာလ အခြေအနေများနှင့် ထင်ဟပ်ဖော်ပြရာတွင် အရောင်အသွေးမရှိဘဲ ပကတိ အခြေအနေပေါ် လွင်အောင်ရေးဖွဲ့ထား၏။ ထို့ကြောင့်ခံစားမှုများနှင့်အတူ ဘဝအတွေးအခေါ်များလည်းရ၏။ အသိအမြင်များလည်း တိုး၏။ ခေတ်သမိုင်းကိုလည်း ထင်ဟပ်ရှုမြင်နိုင်၏။ ဤသည်ကား စာရေးသူ၏ စေတနာ အရင်းခံဖြစ်၏။ ယခု 'ကမ္ဘာကုန်ကျယ်သရွေ့ဝယ်' တွင်လည်း စာဖတ်ပရိသတ်များ ဤသို့ ရှုမြင်ခံစားနိုင် မည်ဟုယုံကြည်ပါသည်။ (စာတည်း)*

**ယမန်နေ့မှအဆက်**

မိန်းမကြီးသည် ပင်ပန်းနွမ်းနယ်ဟန် ပေါ်နေသည်။ ရပ်ကြည့်နေသော ကိုသက်ခိုင်ကို မြင်ဟန်မတူဘဲ ခြံတွင်းဝင်၍ တဲပုတ်ရှေ့ ရပ်လိုက်၏။

အဘိုးကြီးက နှာခေါင်းဖြင့် အနံ့ခံပြီး မေးသည်။

"မသင်းမြိုင်လား. . . ပြန်လာပြီလား. . ."

"ပြန်လာပြီ ကိုဘိုးထိန်. . . ရှင် ထမင်းစားပြီးပြီလား"

"လူကလေး သွားခူးနေတယ်၊ ဒါထက် မင်း ရောင်းကောင်းရဲ့လား"

"ရောင်းလို့လား ကောင်းပါရဲ့၊ ဒါပေမဲ့ ဝမ်းရောဂါ သိုးသိုးသန့်သန့်ဖြစ်လို့ ပုလိပ်တွေက မုန့်ဟင်းခါး မရောင်းရတော့ဘူးလို့ ပိတ်နေပြီရှင့်"

"ဟင်. . . ဒါဖြင့် မင်း မနက်ဖြန် ဘာရောင်းမလဲ"

"မပူနဲ့ ကိုဘိုးထိန်၊ ကျွန်မ မနက်ဖြန်အတွက် လက်လုပ်ခေါက်ဆွဲမှာထားခဲ့တယ်၊ ကြက်သားနဲ့ ချက်ရမှာပေ့ါ၊ ကြက်တော့ လူကလေးကို သူ့ဆရာ ကိုထွန်းငွေခြံက ယူခိုင်းရမှာပဲ"

မိန်းမကြီးက တဲကုပ်တွင်းသို့ ဝင်သွားသည်။

အဘိုးကြီးက ကောင်းကင်ဆီသို့ ကြောင်ကြောင်ကြီး ငေးကြည့်နေ၏။

လူငယ်သည် ထမင်း တစ်ပန်းကန်၊ ဟင်းတစ်ပန်းကန်ကို လင်ပန်းတစ်ချပ်ပေါ်၌ တင်ယူလာသည်။ လင်ပန်းကို ပက်လက်ကုလားထိုင်အနီးရှိ သစ်ငုတ်တိုတစ်ခုထက် တင်ပြီး ဖခင်ကို ရိုသေကြင်နာစွာ စတင်အစာခွံ့၏။

အဘိုးကြီးက အစာစားရင်း မေးသည်။

"အခုနှစ် သား စာမေးပွဲ ဖြေရဦးမယ်၊ အောင်ပါဦးမလား"

"ဒီနှစ်တော့ အောင်စေရပ့ါမယ် အဖေ"

"အင်း. . . အောင်ရင် မင်း မန္တလေးတက္ကသိုလ်ကို ဘယ်လို ဆက်သွားမလဲ"

"ကျွန်တော် တက္ကသိုလ်က ဘွဲ့ကို မမက်ပါဘူး အဖေ"

အဘိုးကြီးက ခေတ္တငြိမ်နေ၏။ ထို့နောက် တုန်ယင်စွာ ပြောသည်။

"မိမြင့်ဝေက အခု ဆရာဝန်မ ဖြစ်သွားပြီတဲ့. . . ဟုတ်လား၊ သားကပဲ မနက်က ပြောတယ်လေ"

လူငယ်သည် ချက်ချင်းမဖြေဘဲ ငိုင်နေသေး၏။ ခဏကြာမှ ဖြေသည်။

"ဟုတ်တယ် အဖေ၊ မမမြင့်က အခု ဆရာဝန်မကြီး ဖြစ်သွားပြီ"

အဘိုးကြီး၏ မျက်နှာသည် တင်းမာသွားသည်။ စကားသံလည်း မာနေ၏။

"ဒါပေမဲ့ လူကလေး၊ သင်းတို့နဲ့တော့ မဆက်ဆံလေနဲ့၊ ကြားလား"

လူငယ်က ငိုင်သွားသည်။ သူသည် ဖခင်အိုကို ထမင်း တစ်လုတ်ခွံ့လိုက်ပြီး နူးညံ့စွာ ပြောသည်။

"မဆက်ဆံပါဘူး အဖေ၊ ဒါပေမဲ့ မမမြင့်ကတော့ ကျွန်တော့်အပေါ် ကြင်ကြင်နာနာ ဆက်ဆံလျက်ပါပဲ၊ ကျွန်တော်ကတော့ မလိုက်လျောပါဘူး"

အဘိုးကြီးသည် ထမင်းဝါးရင်း မမြင်နိုင်သော မျက်လုံးများနှင့် မိုးကောင်းကင်ကို မော့ကြည့်နေ၏။

**အခန်း(၈)**

**ကရုဏာဇာတ်လမ်း**

ကိုသက်ခိုင်က သားနှင့် အဘ၏ ကြည်နူးဖွယ်၊ ကြေကွဲဖွယ် မြင်ကွင်းကို လှုပ်ရှားသောရင်ဖြင့် ငေးနေမိရာမှ ချောင်းဟန့်အသံပြုပြီး ခြံတွင်းသို့ လှမ်းဝင်လိုက်၏။

မောင်စောနောင်သည် နေရာမှ ပျာပျာသလဲထကာ ဆီးကြိုသည်။

"ဟော. . . ဆရာက တကယ်ကို လိုက်လာတာကိုး၊ လာပါ ဆရာ. . . ထိုင်ပါ၊ အို. . . ခဏနေဦး ဆရာ"

မောင်စောနောင်သည် ထိုင်ပါဟု ဖိတ်ခေါ်ပြီးမှ စကားပြင်လိုက်ရသည်။ အကြောင်းမှာ ထိုင်စရာ နေရာက မရှိ။

မောင်စောနောင်သည် ဖခင်ကို ကျွေးမွေးနေသော ပန်းကန်ကိုချပြီး-

"ကျွန်တော် အိမ်ထဲဝင် ကုလားထိုင် ယူလိုက်ဦးမယ် ဆရာ"ဟု ဆို၍ နေရာမှ ထ၏။

"နေပါစေ မောင်စောနောင်၊ ဒီမှာ ထိုင်စရာ အဆင်သင့်ရှိသားပဲ"

ကိုသက်ခိုင်က အနီး မြေပေါ်၌ လဲလျက်ရှိနေသော ထင်းတုံးတစ်တုံးကို ထောင်ပြီး တက်ထိုင်လိုက်၏။


ကိုသက်ခိုင် ပြုမူပုံကို မောင်စောနောင်သည် ရပ်ကြည့်နေ၏။ မျက်နှာကမူ သဘောကျ နှစ်ခြိုက်ကြောင်း ပေါ်လွင်နေ၏။

"ကဲ မောင်စောနောင်၊ ဘာမှ ဒုက္ခရှာဖို့ စိတ်မကူးနဲ့၊ ဒီကပြန်ရင် မောင်ညိုမှိုင်းနဲ့ ထမင်းစားရမယ်၊ သောက်စရာ စီကရက်ဘူးနဲ့ မီးခြစ်လည်း ပါလာတယ်၊ မောင်စောနောင် "ကောင်းပါပြီ၊ ကောင်းလှပါပြီ ကိုသက်ခိုင်၊ စကားမှာ မာနသံ ကင်းပါတယ်၊ အင်း. . . ပညာရှိရင် မာနကင်းရမှာပဲလေ. . . မဟုတ်ဘူးလား၊ ဆရာကိုသက်ခိုင်. . . ဦးတို့အိမ်ကို အခုလို လာလည်တာ ဝမ်းသာပါတယ်၊ ကျေးဇူးလည်း တင်ပါတယ်"

မောင်စောနောင်က သူ့ဖခင်ကို ထမင်းတစ်လုတ် ခွံ့သည်။ အဘိုးကြီးက ထိုတစ်လုပ်ကိုမူ စားလိုက်ပြီးနောက် လက်ကာ၍ တားသည်။

"တော်ပြီ. . . လူကလေး၊ ထမင်းကို အချိန်မရွေး စားနိုင်တယ်၊ လူ့ဘဝမှာ ထမင်းစားဖို့က အဓိကမဟုတ်ဘူးလို့ အဖေ ခဏခဏပြောဖူးတယ် မဟုတ်လား၊ ရေတစ်ခွက်သာ ပေး၊ အဖေ ဆရာကိုသက်ခိုင်နဲ့ စကားပြောချင်တယ်"

ရေအိုးစင်မှာ အိမ်အောက်ထပ်တွင်ပင် ရှိ၏။ မောင်စောနောင်က ရေတစ်ခွက် ခပ်ယူပြီး ဖခင်ကို ပေးသည်။




အဖေကိုသာ ထမင်း ဆက်ကျွေးပါ"

ထိုအခါကျမှ မောင်စောနောင်က နေရာတွင် ပြန်ထိုင်ပြီး ထမင်းပန်းကန်ကို ကောက်ကိုင်၏။

အဘိုးကြီးကသာ မေးသည်။

"မင့်ဆရာ. . . ဟုတ်လား လူကလေး၊ မောင်ထွန်းငွေတော့ မဟုတ်ဘူး၊ အသံလည်း မကြားဖူးဘူး၊ ဘယ်သူလဲ"

"မန္တလေးတက္ကသိုလ်က ကထိကဆရာကြီး ဦးသက်ခိုင်ပါအဖေ၊ ကျွန်တော်က ဖိတ်တာနဲ့ အိမ်လာလည်တာပါ"

"ကထိက ဆရာကြီး. . . ဟုတ်လား လူကလေး၊ ကထိက ဆရာကြီးက တို့များအိမ်ကို လာလည်တယ်. . . ဟုတ်လား"

အဘိုးကြီးသည် မယုံကြည်နိုင်ဟန်နှင့် မေးပြီး ကိုသက်ခိုင်ရှိရာဘက်သို့ ခန့်မှန်း၍ ကြည့်၏။

ကိုသက်ခိုင်၏ ရင်၌ အထူးထိခိုက်သွားသည်။ ဤခြံတွင်းသို့ သူရောက်လျှင် ရောက်ချင်း မောင်စောနောင် ပြောသော "ဆရာက တကယ်လိုက်လာတာကိုး"ဟူသည့် စကားကို သတိထားမိခဲ့သည်။ ယခုလည်း မောင်စောနောင်၏ ဖခင်က မိမိလာလည်ခြင်းကို မယုံကြည်နိုင်စွာ မေးနေ၏။

ကိုသက်ခိုင်သည် မည်သို့ စကားပြန်ရမှန်း မသိသောကြောင့် မောင်စောနောင်ကို လှမ်းကြည့်သည်။ မောင်စောနောင်က မျက်လွှာချထား၏။

အဘိုးကြီးကသာ ဝန်ခံ ပြောဆိုသည်။

"ဆရာကြီး ဦး. . . ဘယ်သူ. . . အဲ. . . ဦးသက်ခိုင်၊ ဟုတ်တယ်နော်. . . ဆရာကြီးက ကျွန်တော်များ အိမ်ကို လာလည်တယ်ဆိုလို့ ကျွန်တော်များ သိပ်အံ့ဩသွားမိပါတယ်၊ စိတ်မရှိပါနဲ့နော်၊ ကျွန်တော်များ အိမ်ကို ရာထူးဂုဏ်ထူးကြီးတဲ့ ပုဂ္ဂိုလ်များမပြောနဲ့၊ ရာထူး ဂုဏ်ထူးငယ်တဲ့ ပုဂ္ဂိုလ်လေးများတောင် မလာကြပါဘူး၊ အင်း. . . လာတော့ လာတယ်လေ၊ ပုလိပ်အရာရှိတွေ၊ ပြီးတော့. . . ပုလိပ်ကလေးတွေ၊ အင်း အင်း. . . သူတို့တော့ မှန်မှန်လာတတ်ပါရဲ့၊ အင်း အင်း. . . မှန်မှန်လာတတ်ပါရဲ့"

အဘိုးကြီး၏ ပြောဟန် ဆိုဟန်နှင့် စကားသံတို့တွင် ရိုးသားမှုသည် ပေါ်လွင်နေ၏။ နာကြည်းမှုသည်လည်း ပေါ်လွင်နေပါလေ၏။

"ကျွန်တော့်ကို ဆရာကြီးလို့ မခေါ်စေလိုပါဘူး ဦးခင်ဗျာ၊ ကျွန်တော်ဟာ ဦးရဲ့ တူအရွယ်. . . သားကြီးအရွယ်လောက်ပဲ ရှိပါသေးတယ်၊ ကျွန်တော့်ကို မောင်သက်ခိုင်. . . ဒါမှမဟုတ် ကိုသက်ခိုင်လို့ ခေါ်စေချင်ပါတယ်၊ ဦးကိုလည်း ကျွန်တော့် ဦးကြီးတစ်ယောက် ဘကြီးတစ်ယောက်လိုပဲ ဆက်ဆံပြောဆိုခွင့်ပြုပါ"

ကိုသက်ခိုင်က တည်ငြိမ်အေးချမ်းသော ပင်ကိုအသံနှင့် တောင်းပန်လေရာ အဘိုးကြီးသည် ကျေနပ်ဝမ်းသာဟန် ခေါင်းတဆတ်ဆတ်ညိတ်ပြီး မှတ်ချက်ချ၏။

အဘိုးကြီးက ပါးလုတ်ကျင်းရေသောက်ပြီးမှ စကားဆက်ပြော၏။

"အခုနင်က ဦး ပြောတယ်၊ ဦးတို့အိမ်ကို တခြား ရာထူးဂုဏ်ထူးကြီးတဲ့လူတွေ မလာဘူး၊ ပုလိပ်အရာရှိတွေကတော့ လာတယ်၊ ဘာပြုလို့လဲဆိုတော့ ဦး သား လူကလေးက ကျောင်းသားခေါင်းဆောင် တစ်ဦးကိုး၊ ဦးကလည်း စာရေး သပိတ်ခေါင်းဆောင်တစ်ဦး ဖြစ်ခဲ့တာကိုး၊ ၁၉၄၉ ခုနှစ် အမှုထမ်းပေါင်းစုံ သပိတ်ကြီးတုန်းကလေ၊ ဦး အဖမ်းခံရတယ်၊ ထောင်ထဲမှာတင် ဦးမျက်လုံးကွယ်ခဲ့ရတယ်၊ ကိုယ်တစ်ခြမ်း သေခဲ့ရတယ်၊ ဖ-ဆ-ပ-လ အစိုးရ ကောင်းမှုပေ့ါ၊ အခုတော့ သူတို့က ဘာ. . . အဲ ဖ-ဆ-ပ-လ နဲ့ ပ-ထ-စ တဲ့. . . ဟုတ်လား၊ အခု ပ-ထ-စ ကို ကယ်တင်ရှင်အဖွဲ့ကြီးဆိုပြီး တိုင်းပြည်က မဲအများကြီးပေးရွေးကောက်လိုက်ကြသတဲ့၊ ဒါပေမဲ့ ဟိုတုန်းကတော့ သူတို့အားလုံး အတူတူပါပဲကွာ၊ အခု ကယ်တင်ရှင်အဖွဲ့ကြီး တက်လာလို့လည်း ဦး အလုပ်ပြန်မရဘူး၊ ပင်စင်ဆိုတာလည်း ဝေးပေ့ါ ဆရာရယ်၊ ထောင်ထဲကရခဲ့တဲ့ ရောဂါတွေကလည်း မပျောက်တော့ပါဘူး၊ လူကလေးတို့ အမေ မုန့်ဟင်းခါးရောင်းကျွေးလို့သာ ဦးလည်း ထမင်းမငတ်ဘဲ ဦး သားလည်း ကျောင်းတက်နေနိုင်သေးတာ"

အဘိုးကြီးက လေရှည်ကြီးပြောသည်။ သူ့ခများမှာ ကိုယ်တစ်ခြမ်းသေနေသော ရောဂါရှင် ဖြစ်သည်။ မျက်လုံး မမြင်ရတော့သော ဒုက္ခိတဖြစ်သည်။ ရင်နာဖွယ်ကို ကြုံခဲ့ရသူတစ်ဦးလည်း ဖြစ်သည်။ သူ့ရင်နာသမျှကို နားထောင်သူရှိလျှင် ပြောပြချင်ပေမည်။ ကိုသက်ခိုင်က နားလည်စာနာစွာဖြင့် ငြိမ်နေ၏။ ရင်တွင်း၌ ကရုဏာကလည်း မကင်း။

"အဲ. . . ဦး သားလည်း ကျောင်းတက်နေနိုင်သေးတယ်ဆိုတာ မမှန်ဘူး၊ သုံးခါကျဆိုပြီး ကျောင်းထွက်ခဲ့ရပြီးပြီလေ၊ ဆရာကိုသက်ခိုင်ကို တစ်ခုမေးချင်တယ်၊ ဦးတို့သားကို ဦးတို့အငတ်ခံပြီး ကျောင်းထားတယ်၊ ကျချင်လည်း ကျပေ့ါလေ၊ ဦးတို့ အငတ်ခံနိုင်သရွေ့တော့ ဆက်ထားဦးမှာပဲ၊ ကာယကံရှင် ဦးတို့တောင် ဒီလောက် အနစ်နာခံနိုင်ရက်နဲ့ ဘာဖြစ်လို့ ဆရာတို့ တက္ကသိုလ်တွေက ကလေးတွေကို မောင်းထုတ်ပစ်နေရသလဲ ဦး သိချင်တယ်၊ ကြုံတုန်း မေးလိုက်ချင်တယ်"

မောင်စောနောင်က ဖခင်၏ဘေးတွင် မျက်လွှာချ နားထောင်နေရာမှ ကိုသက်ခိုင်ကို လှမ်းကြည့်သည်။ သူ့ကြည့်ပုံမှာ. . . "ကဲ ဆရာ ဖြေလေ"ဟု အဓိပ္ပာယ်ပေါက်နေ၏။ သူ့ဖခင်မေးသော မေးခွန်းမှာ သူ မေးလိုသော မေးခွန်းပင် ဖြစ်ကြောင်းကိုလည်း ဖော်ပြနေ၏။

ကိုသက်ခိုင်က သက်ပြင်းရှိုက်သည်။ အဖြေရခက်သော မေးခွန်းပင်ဖြစ်သည်။ အဖြေရခက်သည်မှာ ဖြေစရာမရှိ၍ မဟုတ်။ အဖြေကို မေးသူက လက်ခံနိုင်ပါမည်လောဟု သံသယဖြစ်မိသောကြောင့်သာတည်း။

နောက်ဆုံး၌ ကိုသက်ခိုင်က အမေးကို တိုက်ရိုက်မဖြေဘဲ ဆိုသည်။

"ဦးရဲ့ အမေးကို မဖြေခင် ကျွန်တော့် ခံစားချက်တစ်ခုကို ပြောပြပါရစေ"

"ပြောနိုင်ပါတယ် ဆရာ. . . ပြောပါ ပြောပါ"

"ဟုတ်ကဲ့၊ မနက်က ကျွန်တော် မကွေးဈေးထဲ ရောက်တော့ ခရမ်းချဉ်သီးတွေကို အလကား ပေးပစ်ရသလောက် ရှိတဲ့ဈေးနဲ့ ရောင်းနေရတာကို တွေ့ရပါတယ်၊ တစ်ခါ မြသလွန်စေတီတော်က မျှော်ကြည့်တော့ သဲမြေပူပူမှာ စိမ်းနေတဲ့ ကိုင်းခင်းတွေကို တွေ့ရတယ်၊ ခရမ်းချဉ်နဲ့ တခြားအသီးအနှံ ကိုင်းခင်းတွေပဲပေ့ါ၊ နွေရဲ့ သဲသောင်မြေဟာ ဘယ်လောက်ပူတယ်ဆိုတာ ကျွန်တော်ကိုယ်တွေ့ ခံစားခဲ့ရဖူးပါတယ် ဦး၊ ခဏမဟုတ်ဘဲ နေ့စဉ် ထာဝရ နေပူသဲပူခံစိုက်ပျိုးရတဲ့ ကိုင်းသမားတွေရဲ့ ဒုက္ခကို ကိုယ်ချင်းစာကြည့်နိုင်ပါတယ်၊ အဲဒီလို စိုက်ပျိုးခဲ့ရတဲ့ အသီးအနှံတွေကို ဈေးမှာချရောင်းလိုက်တော့ ခြောက်ပြားတစ်ပဲပဲရတယ်၊ တစ်နွေလုံး သဲပူ နေပူခံ လုပ်ရလို့ သူ့ခများတွေမှာ ငွေငါးဆယ်မျိုး. . . တစ်ရာမျိုး ကျန်ပ့ါမလား မသိဘူး"

အဘိုးကြီးက စိတ်ဝင်စားစွာ နားထောင်နေရာမှ ခေါင်းခါပြ၏။

"မကျန်ဘူး၊ မကျန်ဘူး၊ အဲဒါတော့ ဦး ကောင်းကောင်းသိတယ်"

"မကျန်နိုင်ပါဘူး ဦး၊ ဒီတော့ ကျွန်တော် သုံးသပ်ကြည့်မိတယ်၊ ကျွန်တော် အမေရိကန်နိုင်ငံမှာ ပညာတော်သင်ဘဝနဲ့ နေခဲ့ရစဉ်က မယုံနိုင်တာကြုံဖူးတယ်၊ မြန်မာပြည်မှာ တန်ဖိုးထား စားနေကြတဲ့ စပျစ်သီးဟာ သူတို့ပြည်မှာ သူတို့ငွေနဲ့ တစ်ပေါင်မှ ဆင့်အစိတ်ပဲပေးရတယ်၊ ခရမ်းချဉ်သီးကျတော့ တစ်ပေါင်ကို တစ်ဒေါ်လာလောက် ပေးရတယ်။ တစ်ဒေါ်လာဆိုတော့ ဗမာငွေ ငါးကျပ်လောက်ပေ့ါလေ၊ တစ်ပေါင်ဆိုတာက အစိတ်သားကျော်ကျော်လေးပဲ ရှိတယ်။

**ဆက်လက်ဖော်ပြပါမည်။**

# ကမ္ဘာကုန်ကျယ်သရွေ့ဝယ်

(၁)

ဖြည်းဖြည်းညင်ညင်၊ ထွန်ရေးငင်သည်။
လယ်ရှင်ယောက်ျား၊ တစ်လူသားတည့်။
ခေါင်းခြေ လှုပ်ရှား၊ တိမ်းကပါးဖြင့်
ရုန်းအားမပို၊ သူ့မြင်းအိုနှင့်။ ။
လူကလည်းငိုက်၊ မြင်းလည်းငိုက်နှင့်
စရိုက်ဘာသာ၊ ချမ်းသာစွာ၏။ ။

(၂)

အလျှံမပါ၊ ရေးရေးသာတည့်၊ နေစာညွန့်မြက်
အပုံထက်မှ တိုးတက်အူအူ၊ လယ်ခိုးလူလျက်
အဝေးဆီဝယ်၊ တော၏ မယ်လည်း၊
သက်လှယ်သခင်မောင်နှင့်ယှဉ်၍ တိုးညင်ချစ်ခွန်း၊
ပျံ့ပျံ့မွန်းရှင့်။ ။

(၃)

ပလ္လင်နန်းမြိုင်၊ ရာထီးဆိုင်တို့၊ မခိုင်ပျက်ယွင်း
နိစ္စကင်း၏။
မော်ကွန်းဝှဲလှိုင်း၊ စစ်သမိုင်းလည်း၊ မှုန်မှိုင်းညနှယ်
ပျောက်၍ ကွယ်လိမ့်။
မြင်းအိုသခင်၊ လယ်ကြီးရှင်နှင့်၊ လယ်ပြင်မီးခိုး
လယ်မျိုးလုံမ၊ လုလင်လှ၏၊ သာစွာဂုဏ်ပေါင်း
လူ့ဇာတ်ကြောင်းသည်
မဟောင်းကမ္ဘာကုန်ကျယ် ဆက်လိမ့်တည်း။ ။

**သောမတ်ဟာဒီ၏ အင်္ဂလိပ်ကဗျာကို**
**တက္ကသိုလ်ဘုန်းနိုင်က ဘာသာပြန်ဆိုပါသည်။**
**၂၅-၆-၆၆**

**(၁၉၆၆ ခုနှစ်က ထုတ်ဝေခဲ့သော ဆရာတက္ကသိုလ်ဘုန်းနိုင်၏ စာအုပ်မှ အခေါ်အဝေါ်နှင့် အသုံးအနှုန်းများ၊ စာလုံးပေါင်းသတ်ပုံနှင့် သဒ္ဒါအထားအသိုများကို မူရင်းအတိုင်း ဖော်ပြခြင်းဖြစ်ပါသည်။)**

# ကြီးအုံ-ကြီးဝရေလှောင်တမံ ရေပိုလွှဲမှ ရေထွက်၍ စိုးရိမ်စရာမရှိ



**မင်းဘူး ဩဂုတ် ၁**

ပွင့်ဖြူ-စလင်းသွား ကားလမ်းမှ မုန်းချောင်းတံတားသည် ဇူလိုင် ၃၀ ရက် ညနေ ၆ နာရီအထိ ပျက်စီးမှုမရှိဘဲ သွားလာလျက်ရှိပြီး၊ ပွင့်ဖြူမြို့နယ် သာစည်ကျေးရွာနေ ပြည်သူများမှာ ကြီးအုံ-ကြီးဝရေလှောင်တမံ ကျိုးကျပျက်စီးမည်ဟု ကောလာဟလ သတင်းများကြောင့် ရေဘေးကင်းလွတ်ရာ မြကျိုင်းတောင်သို့ ပြောင်းရွှေ့လျက်ရှိကြောင်း သိရသည်။

အဆိုပါ ကောလာဟလများကြောင့် ပွင့်ဖြူမြို့နယ်အတွင်းရှိ ကြီးအုံ-ကြီးဝ ရေလှောင်တမံသည် လက်ရှိရေအမှတ် (၃၅၈ ဒသမ ၈) ပေထိမြင့်တက်နေပြီး စိုးရိမ်ရေအမှတ်သို့ မရောက်ရှိသေးကြောင်း မြို့နယ်အုပ်ချုပ်ရေးမှူး ဦးသက်ဦးဆွေကပြောကြားခဲ့သည်။

ရေပိုလွှဲပေါက်ကိုးခုမှ ရေများထုတ်လွှတ်ထားမှုကြောင့် မုန်းချောင်းရေမြင့်တက်လာခြင်းဖြစ်ကြောင်း၊ သနပ်ဝချောင်းမှရေများလည်း မိုးသည်းထန်စွာရွာသွန်းမှုကြောင့် မုန်းချောင်းအတွင်းဝင်ရောက်၍ ရေတက်လာရခြင်းဖြစ်ကြောင်း၊ ကြီးအုံ-ကြီးဝ ရေလှောင်တမံ ကျိုးကျမှုမှ စိုးရိမ်ဖွယ်ရာမရှိပါကြောင်း ၎င်းက ဆက်လက်ပြောသည်။

မကွေးတိုင်းဒေသကြီး မင်းဘူးခရိုင်အတွင်းရှိ မြို့နယ်များနှင့် ကျေးရွာများတွင် မန်းချောင်းရေနှင့် မုန်းချောင်းရေကြီးမှုများဖြစ်ပွားလျက်ရှိပြီး မင်းဘူးမြို့နယ် စကုမြို့တွင် မန်းချောင်းမှ စီးဆင်းလာသောရေများကြောင့် အမှတ်(၁)ရပ်ကွက်နှင့် အမှတ်(၃)ရပ်ကွက်များတွင် နေအိမ်အချို့ ရေဘေးကင်းလွတ်ရာနေရာများသို့ ယာယီပြောင်းရွှေ့နေထိုင်လျက်ရှိပြီး မင်းဘူး-စလင်းကားလမ်းပေါ်ရှိ စကု မန်းချောင်းတံတားမှာ ဇူလိုင် ၃၀ ရက် ညနေ ၅ နာရီအထိ ပျက်စီးမှုမရှိဘဲ အများပြည်သူများ သွားလာလျက်ရှိသည်။

ပွင့်ဖြူမြို့နယ်တွင် မုန်းချောင်းရေကြီးမှုများကြောင့် မုန်းချောင်းကမ်းပါးအနီးရှိကျေးရွာများသို့ မုန်းချောင်း ရေဝင်ရောက်မှုများရှိနေပြီး ရေဘေးကင်းလွတ်ရာသို့ ရွှေ့ပြောင်းလျက်ရှိကာ သီးနှံစိုက်ခင်းများပျက်စီးခဲ့ကြောင်း၊ လူနှင့်တိရစ္ဆာန်၊ အဆောက်အအုံနှင့် နေအိမ်များ သေကြေပျက်စီးမှုမရှိသေးကြောင်း သရက်အုပ်ကျေးရွာနေ ဦးခင်မောင်လွင်က ပြောပြသည်။

ပွင့်ဖြူမြို့နယ်ရှိ အဓိကနေရာများတွင် မီးသတ်တပ်ဖွဲ့၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့နှင့် ဌာနဆိုင်ရာများပူးပေါင်း၍ ရေကင်း ၁၉ ခုချထားပြီး၊ စိုးရိမ်ဖွယ်ရာဖြစ်လာပါက ကယ်ဆယ်ရေးအစီအစဉ်များ အသင့်ဆောင်ရွက်ထားပါကြောင်း ၎င်းကဆက်လက်ပြောသည်။

စေတုတ္တရာမြို့တွင် အမှတ်(၁)၊ ဇေယျာရပ်၊ ဝဏ္ဏရပ်၊ သီဟရပ်ကွက်များတို့တွင် ဇူလိုင် ၃၀ ရက် နံနက် ၁၁ နာရီခန့်က မုန်းချောင်းရေဝင်ရောက် ခဲ့ပြီး လူနေအိမ် ၁၃၈ လုံး၊ လူဦးရေ ၇၂၅ ဦး ရေဘေးကင်းရာ မြို့မဘုန်းတော်ကြီးကျောင်းနှင့် အ-ထ-က(၁)သို့ ပြောင်းရွှေ့နေရာချထားလျက်ရှိသည်။

မင်းဘူးမြို့နယ်တွင် အမှတ်(၃)ရပ်ကွက်အပိုင် ဧရာဝတီမြစ်တွင်း မြေနုကျွန်းပေါ် နေထိုင်သော တဲအိမ် ၁၆ လုံးမှ လူဦးရေ ၄၈ ဦးတို့အား မြို့နယ်ရဲတပ်ဖွဲ့နှင့် မီးသတ်တပ်ဖွဲ့ဝင်များမှ ရေဘေးကင်းလွတ်ရာသို့ ခေါ်ယူကယ်ဆယ်နေရာချထားပေးခဲ့ကြောင်း သိရသည်။

**တင်ထွန်းဦး(မင်းဘူး)**

## စစ်ကိုင်းမြို့တည် နန်းတည် နှစ်(၇၀၀)ပြည့်ပွဲတော်ကြီး ပိတ်ပွဲ ကျင်းပ

**စစ်ကိုင်း ဩဂုတ် ၁**

စစ်ကိုင်းတိုင်းဒေသကြီး စစ်ကိုင်းမြို့တည်နန်းတည် နှစ်(၇၀၀)ပြည့်ပွဲတော်ကြီး ပိတ်ပွဲအခမ်းအနားကို ဇူလိုင် ၃၀ ရက် ညနေ ၅ နာရီက စစ်ကိုင်းမြို့ မြို့တော်ခန်းမ၌ ကျင်းပရာ တိုင်းဒေသကြီး လူမှုရေးဝန်ကြီး ဒေါက်တာမြင့်သိန်းက အဖွင့်အမှာစကားပြောကြားခဲ့သည်။

ဆက်လက်၍ နှစ်(၇၀၀)ပြည့် အထိမ်းအမှတ်အဖြစ် အားကစားမျိုးစုံ ပြိုင်ပွဲ အရပ်ရပ်တွင် ထူးချွန်ဆုရရှိသူများအား လူမှုရေးဝန်ကြီးနှင့် တာဝန်ရှိသူများက ဆုများအသီးသီးပေးအပ်ခဲ့ပြီး ပွဲတော်ဖြစ်မြောက်ရေးဦးစီးကော်မတီနာယက ပြည်ထောင်စုဝန်ကြီး(ငြိမ်း) ဦးခင်မောင်မြင့်က စစ်ကိုင်းမြို့သူ၊ မြို့သားများကိုယ်စား ကျေးဇူးတင်စကား ပြောကြားသည်။

အဆိုပါ အခမ်းအနားသို့ တိုင်းဒေသကြီး အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးဝင်းတင့်၊ တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်ဦးစိန်ခဲ၊ တိုင်းဒေသကြီး၊ ခရိုင်၊ မြို့နယ်အဆင့် ဌာနဆိုင်ရာတာဝန်ရှိသူများ၊ (NGO)အဖွဲ့အစည်းများ ၊ စစ်ကိုင်းမြို့ရှိ ပြည်သူများနှင့် ဖိတ်ကြားထားသူများတက်ရောက်ခဲ့ကြ ကြောင်းသိရသည်။

**ဇော်မြင့်နိုင်**

# တောင်ကြီးမြို့ ပြည်နယ်လေ့ကျင့်ရေးအားကစားရုံသစ်ဖွင့်ပွဲ ကျင်းပ

**တောင်ကြီး ဩဂုတ် ၁**

ရှမ်းပြည်နယ် တောင်ကြီးမြို့ ရှမ်းပြည်နယ် လေ့ကျင့်ရေး မိုးလုံလေလုံ အားကစားရုံသစ်နှင့် ဂျပန်ပစ္စည်း သီးသန့်ကုန်စည်ပြပွဲကို ဇူလိုင် ၃၀ ရက် နံနက် ၉ နာရီက ရှမ်းပြည်နယ် လေ့ကျင့်ရေး မိုးလုံလေလုံအားကစားရုံ ရှေ့ ကျောက်တိုင်အားကစားကွင်းတွင် ကျင်းပခဲ့သည်။

ပြည်နယ်လေ့ကျင့်ရေး အားကစားရုံသစ်အား ရှမ်းပြည်နယ် စီမံကိန်းနှင့် စီးပွားရေးဝန်ကြီး ဦးအောင်ကျော်ညွန့်၊ အားကစားဝန်ကြီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးသက်လွင်၊ ရှမ်းပြည်နယ် အားကစားနှင့် ကာယပညာဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးဦးထန် အိတ်နှင့် Myanmar Promotional Services(MPS)Co.Ltd ဟိုက်တာ ဇာနည်မောင်မယ်တို့က ရှမ်းပြည်နယ်လေ့ကျင့်ရေး မိုးလုံလေလုံ အားကစား ရုံသစ်ကို ဖဲကြိုးဖြတ်၍ ဖွင့်လှစ်ပေးခဲ့ကြသည်။

ရှမ်းပြည်နယ် ဝန်ကြီးချုပ် ဦးစဝ်အောင်မြတ်က ရှမ်းပြည်နယ် လေ့ကျင့်ရေး မိုးလုံလေလုံအားကစားရုံ ဆိုင်းဘုတ်သစ်အား စက်ခလုတ်နှိပ်၍ ဖွင့်လှစ်ပေးခဲ့သည်။

အစီအစဉ်အရ ပြည်နယ်ဝန်ကြီးချုပ် ရှမ်းပြည်နယ် အစိုးရအဖွဲ့ အနေနှင့် အားကစားကွင်း အားကစားရုံ၊ လေ့ကျင့်ရေး အားကစားရုံများကို အသစ်တည်ဆောက်ပေးလျက်ရှိသလို ဆောက်လုပ်ပြီး အားကစားကွင်း အားကစားခန်းမများ အဆင့်မြှင့်တင်ရေး လုပ်ငန်းများကိုလည်း တစိုက်မတ်မတ်ဆောင်ရွက်နေတာဖြစ်ကြောင်း ပြောကြားခဲ့သည်။

ရှမ်းပြည်နယ်အစိုးရအဖွဲ့မှ တာဝန်ယူသည့် ၂၀၁၁ ခုနှစ်မှ စတင်ပြီး မိုးလုံလေလုံအားကစားရုံ သုံးရုံ၊ အားကစားလေ့ကျင့်ရေးရုံ တစ်ရုံ၊ အားကစားကွင်း ခြောက်ကွင်းအား ထပ်မံတည်ဆောက်ပေးနိုင်ခဲ့သည်။

၂၀၁၅-၂၀၁၆ ဘဏ္ဍာရေးနှစ်တွင် ရှမ်းပြည်နယ်အတွင်းရှိ မြို့နယ်များတွင် မိုးလုံလေလုံအားကစားရုံ တစ်ရုံ၊ အားကစားကွင်းငါးကွင်း ပြုပြင်ခြင်း၊ အားကစားကွင်းလေးကွင်းအား Inner Fancing ကာရံပေးခြင်း၊ လက်ထောက်ညွှန်ကြားရေးမှူး နေအိမ်တစ်အိမ်နှင့် သုံးခန်းတွဲဝန်ထမ်းအိမ်ရာနှစ်အိမ် တည်ဆောက်ပေးခြင်း၊ အားကစားကွင်းငါးကွင်း၌ အုတ်တံတိုင်းကာရံခြင်း၊ ပွဲကြည့်စင်လေးခု တည်ဆောက်ခြင်းတို့အတွက် ပြည်နယ်ဘဏ္ဍာ ရန်ပုံငွေမှ ကျပ်သန်းပေါင်း ၇၅၂ ဒသမ ၂၉၄ အား ခွင့်ပြုပေးခဲ့သည်။

ယခုဖွင့်လှစ်သည့် ပြည်နယ် လေ့ကျင့်ရေး မိုးလုံလေလုံ အားကစားရုံသစ်မှာ အလျားပေ၁၅၀ ၊ အနံပေ ၁၀၀ရှိ Steel Structure အမျိုးအစားဖြစ်ပြီး ကုန်ကျစရိတ်ငွေကျပ် ၄၂၁ ဒသမ ၃၂၀ သန်း ဖြစ်ကာ ဒီပါဟိန်း ဆောက်လုပ်ရေးကုမ္ပဏီက ၂၀၁၅ ခုနှစ် ဇန်နဝါရီ ၁ ရက်တွင် စတင်တာဝန်ယူတည်ဆောက်ခဲ့ပြီး မတ် ၃၁ ရက်တွင် တည်ဆောက်မှု ပြီးစီးခဲ့သည်။

ပြည်နယ် လေ့ကျင့်ရေး မိုးလုံလေလုံ အားကစားရုံအသစ်မှာ ဘက်စကက်ဘော၊ ဘော်လီဘော၊ ပိုက်ကျော်ခြင်း၊ စားပွဲတင်တင်းနစ်၊ မြန်မာ့သိုင်း၊ တိုက်ကွမ်ဒို၊ ဂျူဒိုနှင့် Body Fitness Center အပါအဝင် စုစုပေါင်း အားကစားနည်းကိုးနည်းစလုံး တစ်ပြိုင်နက်တည်း လေ့ကျင့်ကစားနိုင်တော့မည်ဖြစ်ပြီး ရှမ်းပြည်နယ်မှ နိုင်ငံတော်အတွက် အားထားရမယ့် မျိုးဆက်သစ် အားကစားသမားများ မွေးထုတ်ပေးနိုင်မည်ဖြစ်ကြောင်း ပြည်နယ်ဝန်ကြီးချုပ်က ဆက်လက်ပြောကြားခဲ့သည်။

အားကစားဝန်ကြီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးသက်လွင်ထံသို့ ဒီပါဟိန်းကုမ္ပဏီ ဒါရိုက်တာ ဦးခွန်စံလွင်က ပြည်နယ်လေ့ကျင့်ရေး မိုးလုံလေလုံ အားကစားရုံသစ်အား လွှဲပြောင်းပေးအပ်ခဲ့သည်။

ပြည်နယ် စားပွဲတင်တင်းနစ်အားကစားဆပ်ကော်မတီ အတွင်းရေးမှူး ဦးသန်းနိုင်က နိုင်ငံတော်၏ တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေး ရည်ရွယ်ချက်နှင့်အညီ အသစ်ဖွင့်လှစ်လိုက်သော ရှမ်းပြည်နယ်၊ တောင်ကြီးမြို့ ပြည်နယ်လေ့ကျင့်ရေး အားကစားရုံမှ ရှမ်းပြည်နယ်ဂုဏ်ဆောင်၊ နိုင်ငံ့ဂုဏ်ဆောင် မျိုးဆက်သစ် အားကစားသမားများ စဉ်ဆက်မပြတ်ပေါ်ထွန်းလာစေရန် ဆန္ဒပြုရင်းဖြင့် ပြည်နယ်လေ့ကျင့်ရေး မိုးလုံလေလုံ အားကစားရုံ ဖွင့်လှစ်ပေးသည့်အတွက် အထူးပင်ကျေးဇူးတင်ရှိပါကြောင်း ပြောကြားခဲ့သည်။

ရှမ်းပြည်နယ် တောင်ကြီးမြို့ ပြည်နယ် လေ့ကျင့်ရေးအားကစားရုံသစ်ဖွင့်ပွဲသို့ ရှမ်းပြည်နယ်ပြည်နယ်ဝန်ကြီးချုပ် ဦးစဝ်အောင်မြတ်၊ ပြည်နယ်လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီး ဗိုလ်မှူးကြီးအောင်သူ၊ ပြည်နယ်ဘဏ္ဍာရေးဝန်ကြီး ဦးခွန်သိန်းမောင်တို့တက်ရောက်ခဲ့သည်။

ထို့အပြင် ပြည်နယ်စိုက်ပျိုးရေးနှင့် မွေးမြူရေးဝန်ကြီး ဦးစိုင်းဆာလူ၊ ပြည်နယ်စီမံကိန်းနှင့် စီးပွားရေး ဝန်ကြီး ဦးအောင်ကျော်ညွန့်၊ ပြည်နယ်လျှပ်စစ်နှင့် စက်မှုလက်မှုဝန်ကြီး ဦးစိုင်းထွန်းရင်တို့တက်ရောက်ခဲ့သည်။

ယင်းနောက် အဆိုပါ အခမ်းအနားသို့ ရှမ်းပြည်နယ်အစိုးရအဖွဲ့အတွင်းရေးမှူး ဦးမြင့်အောင် အားကစားဝန်ကြီးဌာန၊ ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးသက်လွင်၊ ရှမ်းပြည်နယ် အားကစားနှင့် ကာယပညာဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူး ဦးထန်အိတ်၊ ရှမ်းပြည်နယ် အားကစား နှင့် ကာယပညာဦးစီးဌာနမှအားကစားသမားများ၊ အ-ထ-က (၃)ကျောင်းမှ ကျောင်းသား၊ ကျောင်းသူများ ပြည်နယ်အဆင့်ဌာနဆိုင်ရာများနှင့် အခြားဖိတ်ကြားထားသူများ တက်ရောက်ခဲ့ကြပြီး ခန်းမသစ်ဖွင့်လှစ်ပွဲ အထိမ်းအမှတ်အဖြစ် ဂျပန်ကုန်ပစ္စည်း သီးသန့် ကုန်စည်ပြပွဲ ဆိုင်ခန်းပေါင်း ၃၂ ခန်း ပြသဖွင့်လှစ်ပေးခဲ့ကြကြောင်း သိရသည်။

**စိုင်းသန်းကျော် (တောင်ကြီး)**

## ဟိုပင်ခရိုင် ပန်လုံမြို့၌ စုပေါင်းဝါဆိုသင်္ကန်းဆက်ကပ်လှူဒါန်းပွဲ ပြုလုပ်

**ပန်လုံ ဩဂုတ် ၁**

'ဝ'ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်း ၊ ဟိုပင်ခရိုင် ပန်လုံမြို့ ရှုခင်းသာထေရဝါဒ ဗုဒ္ဓသာသနာပြုကျောင်းတိုက်တွင် ဇူလိုင် ၂၉ ရက် နံနက် ၁၀ နာရီက စုပေါင်းဝါဆိုသင်္ကန်းဆက်ကပ်လှူဒါန်းပွဲပြုလုပ်ရာ မြို့နယ်အုပ်ချုပ်ရေးမှူး၊ နယ်မြေခံတပ်နယ်မှ တာဝန်ရှိသူများ၊ ဌာနဆိုင်ရာများနှင့် စေတနာရှင်ပြည်သူများ တက်ရောက်ကြည်ညိုခဲ့ကြသည်။

ထို့နောက် မြို့နယ်အုပ်ချုပ်ရေးမှူးနှင့် တာဝန်ရှိသူများက ဆရာတော်၊ သံဃာတော်များအား ဝါဆိုသင်္ကန်းနှင့် လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းခဲ့ကြသည်။

ပန်လုံဒေသတွင်း သီတင်းသုံးနေထိုင်တော်မူသော သံဃာတော်အရှင်သူမြတ်များအားရည်မှန်း၍ ဌာနဆိုင်ရာများ၊ စေတနာရှင် အလှူရှင်များက အလှူတော်ငွေ ကျပ် ၂၇၅၄၅၀၀ နှင့် ဆွမ်းဆန်၊ ဆီ၊ ဆား အစရှိသည့် ပစ္စည်းများကို လှူဒါန်းခဲ့ကြသည်။

**မြို့နယ်ပြန်/ဆက်**

# ဆိပ်ဖြူမြို့နယ်၌ သဘာဝဘေးအန္တရာယ်ကြိုတင်ကာကွယ်ရေး လုပ်ငန်းများကြိုတင်ဆောင်ရွက်လျက်ရှိ



**ဆိပ်ဖြူ ဩဂုတ် ၁**

မကွေးတိုင်းဒေသကြီး ဆိပ်ဖြူမြို့နယ်သည် ဧရာဝတီမြစ်နှင့် ယောချောင်းဆုံရာတွင်တည်ရှိပြီး သဘာဝဘေးအန္တရာယ် ဖြစ်သည့်ရေဘေး အန္တရာယ်ကျရောက်နိုင်သော မြို့နယ်ဖြစ်သောကြောင့် သဘာဝဘေးအန္တရာယ်ကြိုတင်ကာကွယ်ရေးလုပ်ငန်းများ လုပ်ဆောင်လျက်ရှိကြောင်း သိရသည်။

အဆိုပါ ဆိပ်ဖြူမြို့နယ်သည် ၂၀၁၀ ပြည့်နှစ်နှင့် ၂၀၁၁ ခုနှစ် အောက်တိုဘာလများတွင် ယောချောင်းနံဘေးရှိ ကျေးရွာနေပြည်သူအများ ချောင်းရေကြီးမှုကြောင့် ပျက်စီးဆုံးရှုံးမှုများ ဖြစ်ပေါ်ခဲ့ဖူးသည်။

ထိုသဘာဝဘေးအန္တရာယ် ဖြစ်ပေါ်မှုများအပေါ် မြို့နယ်ဌာနဆိုင်ရာများ၊ လူမှုရေးအသင်းအဖွဲ့များက သဘာဝဘေးအန္တရာယ်ကြိုတင်ကာကွယ်ရေးလုပ်ငန်းများ နှိုးဆော်ခြင်း၊ အသိပညာပေးခြင်းလုပ်ငန်းများကို ဆောင်ရွက်ပေးလျက်ရှိသည်။

ပြီးခဲ့သည့် ဇူလိုင် ၂၅ ရက်မှ ၃၀ရက်အတွင်း ဆိပ်ဖြူမြို့နယ်၌ ဘင်္ဂလားပင်လယ်အော်တွင် ဖြစ်ပေါ်နေသော မုန်တိုင်း၏အရှိန်ကြောင့် မိုးအဆက်မပျက်ရွာသွန်းခဲ့ခြင်းတို့ ဖြစ်ပြီး ယောချောင်းရေမြင့်တက်၍ သဘာဝဘေးအန္တရာယ်ဖြစ်ပေါ်နိုင်ခြင်းတို့ကြောင့် ကြိုတင်ကာကွယ်ရေးလုပ်ငန်းများဖြစ်သည့် ရေကင်းချထားခြင်းများ၊ အသံချဲ့စက်များဖြင့် အသိပေးနှိုးဆော်ခြင်း၊ ချောင်းအထက်ပိုင်းမြို့နယ်များသို့ ရေသတင်းစုံစမ်းအသိပေးခြင်းများ၊ ရုပ်မြင်သံကြား၊ ရေဒီယို (FM) များမှ မိုးလေဝသသတင်းထုတ်ပြန်မှုများကို ကြည့်ရှုနားထောင်ရေးတို့ကို နှိုးဆော်ထားကြောင်း သိရသည်။

ဆည်တမံများ ရေဝင်ရောက်မှုနှင့် ကျိုးပေါက်မှု မရှိစေရေးတွက် ဆည်မြောင်းဌာနမှ တာဝန်ရှိသူများနှင့် ပူးပေါင်းစောင့်ကြပ်ကြည့်ရှုစေခြင်း၊ အန္တရာယ်ဖြစ်နိုင်သော အခြေအနေဖြစ်ပေါ်လာပါက ချက်ချင်းသတင်းပို့စေခြင်းတို့ကို ပြုလုပ်၍ မြို့နယ်ရုံးမှ အသိပေးညွှန်ကြားမှုများကို ဆောင်ရွက်လျက်ရှိရာအရေးပေါ်အခြေအနေဖြစ်ပေါ်လာပါက ကယ်ဆယ်ရေးလုပ်ငန်းဆောင်ရွက်နိုင်ရန် ပူးပေါင်းဆောင်လျက်ရှိပြီး မြို့နယ်အုပ်ချုပ်ရေးမှူး ဦးဉာဏ်မျိုးနှင့်အဖွဲ့သည် ယောချောင်းရေ ကျဆင်းမှု နှင့် ကြိုတင်ကာကွယ်ရေးလုပ်ငန်းများ ဆောင်ရွက်နိုင်ရန် ကွင်းဆင်းကြည့်ရှုလျက်ရှိကြောင်း သိရသည်။ **စိုးလင်းနိုင်** (IPRD)

## လိပ်သိုမြို့ပတ်ဝန်းကျင်ထိန်းသိမ်းရေး စုပေါင်းသစ်ပင်စိုက်ပျိုး

**လိပ်သို ဩဂုတ် ၁**

ကရင်ပြည်နယ် လိပ်သိုမြို့ ပတ်ဝန်းကျင်ထိန်းသိမ်းရေး၊ စိမ်းလန်းစိုပြေရေးအတွက် စတုတ္ထအကြိမ် စုပေါင်းသစ်ပင်စိုက်ပျိုးပွဲကို ဇူလိုင် ၃၀ ရက် နံနက် ၈ နာရီတွင် လိပ်သိုမြို့၊ ရပ်ကွက်(၁) ရုံးကုန်းတွင် ကျင်းပခဲ့သည်။

သစ်ပင်စိုက်ပျိုးပွဲသို့ အမှတ်(၁) စစ်ဗျူဟာမှူး၊ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်၊ မြို့နယ်အုပ်ချုပ်ရေးမှူး၊ သစ်တောဦးစီးဌာန၊ ဌာနဆိုင်ရာများ၊ ရပ်မိရပ်ဖများ၊ အမျိုးသမီးရေးရာအဖွဲ့၊ မိခင်နှင့် ကလေးစောင့်ရှောက်ရေးအဖွဲ့၊ မြို့တော်အထောက်ကူပြုအဖွဲ့ဝင်များနှင့် ဒေသခံပြည်သူများ တက်ရောက်ခဲ့ကြောင်းသိရသည်။

ဆက်လက်၍ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်နှင့် မြို့နယ်အုပ်ချုပ်ရေးမှူးတို့မှ သစ်ပင်စိုက်ပျိုးရခြင်း၏ ရည်ရွယ်ချက်ကို ရှင်းလင်းပြောကြားခဲ့ပြီးနောက် မဟော်ဂနီ၊ ယူကလစ်၊ သစ်မွှေး၊ ကျွန်း၊ ယမနေ၊ ပိတောက်၊ ပျဉ်ကတိုးပင် ၂၆၀ ကိုတပျော်တပါး စုပေါင်းစိုက်ပျိုးကြကြောင်းနှင့် လိပ်သိုမြို့၊ ရပ်ကွက်ခြောက်ခုသို့ ပျိုးပင် ၅၀၀ ကို အခမဲ့ဖြန့်ဝေခဲ့ကြောင်းသိရသည်။ **မနွယ်(ပြန်/ဆက်)**

## ကလေးမြို့သမိုင်းတွင် ယခုနှစ်၏ ရေကြီးရေလျှံမှုမှာ အကြီးမားဆုံးဖြစ်

**ကလေး ဩဂုတ် ၁**

စစ်ကိုင်းတိုင်းဒေသကြီး ကလေးမြို့တွင် မိုးအဆက်မပြတ်ရွာသွန်းမှုကြောင့် ဇူလိုင် ၂၈ ရက် နံနက်ပိုင်းမှစ၍ မြစ်သာမြစ်နှင့် နေရဥ္စရာမြစ်တို့ ရေကြီးရေလျှံမှုဖြစ်ပေါ်နေကြောင်းသိရသည်။

အဆိုပါ ကလေးမြို့ မြို့ပေါ်ရပ်ကွက် အနိမ့်ပိုင်းနေရာနှင့် ကျေးရွာအချို့တို့တွင် လူနေအိမ်များ၊ လယ်မြေများအတွင်း ကြီးမားစွာရေကြီးရေလျှံမှုဖြစ်ပွားခဲ့ပြီး ရေဘေးသင့် ပြည်သူများအား ဇူလိုင် ၃၀ ရက်ထိ ကယ်ဆယ်ရေးစခန်းခုနစ်နေရာတွင် ပြောင်းရွှေ့နေရာချပေးလျက်ရှိကြောင်း သိရသည်။

အဆိုပါ ရေကြီးရေလျှံမှုတွင် ရေဘေးသင့် အိမ်ထောင်စုနှင့် အိမ်ခြေ ၁၂၆၉ မှ ရေဘေးသင့် ပြည်သူ ၆၄၉၀ ဦးတို့အား ခရိုင်စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌ ဦးမောင်ထူး၏ဦးဆောင်မှုဖြင့် ခရိုင်နှင့် မြို့နယ်စီမံခန့်ခွဲမှုကော်မတီ၊ မြို့နယ်ဖွံ့ဖြိုးတိုးတက်ရေး အထောက်အကူပြုကော်မတီ၊ မြို့ပေါ်ဌာနဆိုင်ရာများ၊ လူမှုရေးအသင်းအဖွဲ့အစည်းများနှင့် တပ်မတော်သားတို့၏ ဝိုင်းဝန်းကူညီမှုဖြင့် ရေဘေးသင့်ပြည်သူများကို ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးစခန်း၌ ပြောင်းရွှေ့နေထိုင်စေခဲ့သည်။

ရေဘေးသင့်ပြည်သူများအား ကမ္ဘောဇဘဏ်လီမိတက်မှ ဇူလိုင် ၂၉ နှင့် ၃၀ ရက်အတွက် ထမင်းဗူး ၁၂၀၀၀ ဗူးအတွက် ငွေကျပ်၁၄၅သိန်း လှူဒါန်းပြီး မိုးမြင့်အာကာ ဆောက်လုပ်ရေး ကုမ္ပဏီနှင့် တောင်ဇလပ်ဆောက်လုပ် ရေးကုမ္ပဏီတို့မှလည်းငွေနှင့် စားသောက်ကုန်ပစ္စည်းများ လှူဒါန်းခဲ့ကြသည်။

ကလေးမြို့တွင် ယခင်နှစ်များ ကလည်း ရေကြီးရေလျှံမှုနှစ်စဉ်ကြုံတွေ့ခဲ့ရသော်လည်း ယခုအကြိမ် ရေကြီးရေလျှံမှုသည်ကလေးမြို့သမိုင်းတွင် ရေကြီးရေလျှံမှုအကြီးမားဆုံးဖြစ်ကြောင်း သိရသည်။ **ဂျိုးနက်**



## မိုးသည်းထန်စွာရွာသွန်းမှုကြောင့် နေအိမ်များတွင်းရေဝင်ရောက်



**ကျိုက်ထို ဩဂုတ် ၁**

ကျိုက်ထိုမြို့နယ်တွင် ဇူလိုင် ၃၀ ရက် နံနက် ၆နာရီမှစ၍ မိုးသည်းထန်စွာ ရွာသွန်းမှုနှင့် တောင်ကျရေစီးဆင်းမှုကြောင့် ဇေယျာမွန်ရပ်ကွက် ဇေယျာရွှေပြည်နှင့် ကော့စံနိုင်ရပ်ကွက် အေးရိပ်ငြိမ် အနိမ့်ပိုင်းတို့တွင် နေထိုင်ကြသော နေအိမ်များတွင်းသို့ ရေများဝင်ရောက်လာကြောင်း သိရသည်။

ထိုသို့ ရေများ ဝင်ရောက်လာခြင်းကြောင့် ရေဘေးလွတ်ရာသို့ ပြောင်းရွှေ့နေထိုင်နိုင်ရေးအတွက် မြို့နယ်အုပ်ချုပ်ရေးမှူး စီစဉ်ကြီးကြပ်မှုဖြင့် တာဝန်ရှိသူများက ကော့စံနိုင်ရပ်ကွက် တောရဘုန်းတော်ကြီးကျောင်းဓမ္မာရုံနှင့် ဇေယျာမွန်ရပ်ကွက် ဓမ္မာရုံတို့တွင် ရေဘေးရှောင်ပြည်သူ ၄၀၃ ဦးတို့အား ကြိုတင်ပြောင်းရွှေ့ပေးရာ လူနှင့်တိရစ္ဆာန်များ ထိခိုက်ဒဏ်ရာ ရရှိမှုမရှိကြောင်း သိရသည်။ **ကျိုက်ထိုပြန်/ဆက်**

## ညောင်တုန်းမြို့နယ်ပညာရေးငွေစုငွေချေးသမဝါယမအသင်းမှ အမှုဆောင်အဖွဲ့ပြန်လည်ရွေးချယ်

**ညောင်တုန်း ဩဂုတ် ၁**

ညောင်တုန်းမြို့နယ်ပညာရေး ငွေစုငွေချေးအသင်း၏၂၀၁၄-၂၀၁၅ ဘဏ္ဍာရေးနှစ် အရပ်ရပ်ဆိုင်ရာ နှစ်ပတ်လည်သင်းလုံးကျွတ်အစည်းအဝေးအခမ်းအနားကို ဇူလိုင် ၃၀ ရက် နံနက် ၉ နာရီက အမှတ်(၁)အခြေခံပညာအထက်တန်းကျောင်း လှိုင်ပညာခန်းမ၌ ကျင်းပခဲ့သည်။

ထို့နောက် လက်ထောက် မြို့နယ်ပညာရေးမှူး ဦးဝင်းမြင့်က ပညာရေးငွေစုငွေချေးအသင်း၏ ပညာရေးဝန်ထမ်းများ လူနေမှုဘဝအဆင့်အတန်းမြင့်မားရေးအတွက်အသင်းမှ ပံ့ပိုးကူညီငွေထုတ်ချေးပေးနေမှုများကို ပြောကြားခဲ့သည်၊

မြို့နယ်သမဝါယမဦးစီးဌာနမှူးဦးစန်းမြင့်က မြို့နယ်သမဝါယမဦးစီးဌာန၏ ပညာရေးငွေစုငွေချေးဆိုင်ရာ ညွှန်ကြားချက်၊ စည်းမျဉ်း၊ ဥပဒေများကိုလည်းကောင်း၊ ငွေစုငွေချေးအသင်း၊ အမှုဆောင်အဖွဲ့ ရွေးချယ်မှုဆိုင်ရာ စည်းမျဉ်းစည်းကမ်းများနှင့်အညီ ဖွဲ့စည်းခဲ့သည်။

ထို့နောက် စာရင်းစစ်အဖွဲ့ခေါင်းဆောင် ဦးတင်ဝင်းအေးက ၂၀၁၄-၂၀၁၅ ဘဏ္ဍာရေးနှစ် နှစ်ချုပ်အစီရင်ခံစာကိုလည်းကောင်း၊ တွဲဖက်အတွင်းရေးမှူး ဦးထွန်းကျော်စိုးက ၂၀၁၄-၂၀၁၅ ဘဏ္ဍာရေးနှစ်အမှုဆောင်အစီရင်ခံစာနှင့် ရှေးလုပ်ငန်းစဉ်တို့ကိုလည်းကောင်းတင်ပြကြသည်။

ထို့နောက် စုဆောင်းငွေအများဆုံးဆုရ ဒေါ်အေးဝင်း၊ ဒုတိယအများဆုံးဆု ဒေါ်သင်းသင်းနွယ်နှင့် တတိယအများဆုံးဆုရ ဒေါ်ယဉ်ယဉ်နွယ်တို့အား ဂုဏ်ပြုမှတ်တမ်းလွှာနှင့် လက်ဆောင်ပစ္စည်းများအားလည်းကောင်း၊ အသင်းသား ဆရာ၊ ဆရာမများ၏ ပညာရေးဆိုင်ရာ တက္ကသိုလ်များနှင့် ဆေးတက္ကသိုလ်များသို့ တက်ရောက်ပညာသင်ကြားနေကြသော ကျောင်းသား၊ ကျောင်းသူများအတွက် မြို့နယ်သမဝါယမဦးစီးမှူးနှင့် တာဝန်ရှိသူများက ထောက်ပံ့ဂုဏ်ပြုငွေများ ပေးအပ်ချီးမြှင့်သည်။

ယင်းအသင်းမှ လစဉ်အသင်းသား ဆရာ၊ ဆရာမများအား ငွေကျပ်သိန်း ၅၀၀ ထုတ်ချေးပေးလျက်ရှိပြီး အဆိုပါအသင်းတွင် ဆရာ၊ ဆရာမများနှင့် ပညာရေးဝန်ထမ်းအသင်းသား ၁၂၀၀ ကျော်ဖြင့် ဖွဲ့စည်းထားသောအသင်းဖြစ်ကြောင်း သိရသည်။ **ထွန်းကျော်(ညောင်တုန်း)**

## ပခုက္ကူမြို့နယ်၌သဘာဝရေဘေးမှ ပြောင်းရွှေ့နေထိုင်ရန် ကြိုတင်စီစဉ်ထားရှိပေး

**ပခုက္ကူ ဩဂုတ် ၁**

ဧရာဝတီမြစ်ရေနှင့် ယောချောင်းရေများ တက်ရောက်နိုင်၍ သဘာဝရေဘေးမှ ကြိုတင်ကာကွယ်နိုင်ရန် မကွေးတိုင်းဒေသကြီး ပခုက္ကူမြို့နယ် အုပ်ချုပ်ရေးမှူး ဦးမြင့်ခိုင် ဦးဆောင်သောမြို့နယ်အဆင့် သဘာဝဘေးအန္တရာယ် ကြိုတင်ကာကွယ်ရေးအဖွဲ့သည် ဇူလိုင် ၃၀ရက် နံနက် ၉နာရီက ပြည်သူများအားသဘာဝရေဘေးအန္တရာယ်မှ ကင်းလွတ်စေရန် ကြိုတင်ရွှေ့ပြောင်းနေထိုင်ရန် နေရာများချထားခြင်း၊ရေကင်းများ အစောင့်ချထားပြီး လိုအပ်ပါက ရွှေ့ပြောင်းနေထိုင်ရေးတို့ကို ကြိုတင်စီစဉ်ဆောင်ရွက်ပေးခဲ့ကြသည်။

အဆိုပါအဖွဲ့သည် ယောချောင်းနံဘေးရှိ ဂဝံလေးတိုင်အုပ်စုနှင့် မိချောင်းတွင်းကျေးရွာများသို့လည်းကောင်း၊ ဧရာဝတီမြစ်ကမ်းပါးတွင် ကျူးကျော်နေထိုင်သော ပခုက္ကူမြို့ အမှတ်(၁) ရပ်ကွက်နှင့်ရွှေချောင်း ချောင်းကမ်းပါးတွင် ကျူးကျော်နေထိုင်သော အမှတ်(၃)ရပ်ကွက်သို့ သွားရောက်ခဲ့ကြကြောင်းသိရသည်။

ယင်းကြိုတင်ဆောင်ရွက်ထားမှုတွင် ဂဝံလေးတိုင်ကျေးရွာ ရွာအနိမ့်ပိုင်းမှ အိမ်ခြေ ၈၀၊ အိမ်ထောင်စု ၈၀ စု၊ လူဦးရေ ၄၀၈ ဦးနှင့်ပစ္စည်းများကို အမြင့်ပိုင်းရှိ ဘုန်းကြီးကျောင်းနှင့် စာသင်ကျောင်းများသို့လည်းကောင်း၊ မိချောင်းတွင်းကျေးရွာမှ ရွာအနိမ့်ပိုင်းရှိ အိမ်ခြေ ၇၄ အိမ်၊ အိမ်ထောင်စု ၇၄ စု၊ လူဦးရေ ၃၂၀ ဦးနှင့် ပစ္စည်းများကို ရွာအမြင့်ပိုင်းရှိ ဆွေမျိုးများ အိမ်သို့လည်းကောင်း ပြောင်းရွှေ့နေထိုင်ရန် ကြိုတင်စီစဉ်ထားရှိပြီးကြောင်း သိရသည်။

ထို့အပြင် ဧရာဝတီမြစ်ကမ်းပါး ပခုက္ကူမြို့ အမှတ်(၁)ရပ်ကွက်ရှိ အိမ်ခြေ ၁၈ အိမ်၊ အိမ်ထောင်စု ၁၈ စု၊ လူဦးရေ ၉၉ ဦးတို့အား မြို့ဦးကျောင်းအတွင်းသို့လည်းကောင်း၊ ရွှေချောင်း ချောင်းကမ်းပါးရှိ အမှတ်(၃)ရပ်ကွက်မှ အိမ်ခြေ ၃၆ အိမ်၊ အိမ်ထောင်စု ၃၆ စု၊ လူဦးရေ ၁၄၄ ဦးတို့ကို ဘုန်းတော်ကြီးကျောင်းသုံးကျောင်းသို့ ရွှေ့ပြောင်းနေထိုင်ရန် ကြိုတင်စီစဉ်ထားရှိပြီးဖြစ်ကြောင်း သိရသည်။ **အောင်ကျော်မြင့်**

## ကနီမြို့နယ်တွင် မိုးရွာသွန်းမှုများသောကြောင့် ချင်းတွင်းမြစ်ရေလျှံတက်ပြီး မြို့ပေါ်ရပ်ကွက်အချို့ရေများဝင်ရောက်မှုဖြစ်

**ကနီ ဩဂုတ် ၁**

စစ်ကိုင်းတိုင်းဒေသကြီး အထက်ပိုင်းနှင့် ချင်းတွင်းမြစ်အဖျားပိုင်းများတွင် မိုးများ အဆက်မပြတ် ရွာသွန်းမှုကြောင့် ကနီမြို့နယ်အတွင်း ချင်းတွင်းမြစ်ကမ်းဘေးရှိ ကျေးရွာများနှင့် မြို့ပေါ်ရပ်ကွက်နှစ်ရပ်ကွက်တွင် အနိမ့်ပိုင်းနေရာများ၌ ဇူလိုင် ၃၁ ရက်နံနက်ပိုင်းမှစတင်၍ မြစ်ရေများဝင်ရောက်ပြီး ရေကြီးရေလျှံမှုများ ဖြစ်ပေါ်လျက်ရှိကြောင်း သိရသည်။

ကနီမြို့ ရေကြီးရေလျှံမှုတွင် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးကျန်ထွန်း၊ ကနီမြို့နယ် အထွေထွေအုပ်ချုပ်ရေးမှူး ဦးထိန်စိုး၊ မြို့နယ်တာဝန်ရှိသူများ၊ ပြည်သူ့ရဲတပ်ဖွဲ့များ၊ မီးသတ်တပ်ဖွဲ့များ၊ ကျန်းမာရေးဌာနများ၊ လူမှုရေးအသင်းအဖွဲ့များနှင့် အရပ်ဖက်ဆိုင်ရာအဖွဲ့အစည်းများမှ ရေဝင်နေသည့် နေအိမ်များအား ရေလွတ်ရာသို့ ရွှေ့ပြောင်းပေးခြင်းများဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

ကနီမြို့ အခြေစိုက် မိုးလေဝသနှင့်ဇလဗေဒ ညွှန်ကြားရေးဦးစီးဌာန မြို့နယ်ဇလဗေဒစခန်းမှ တရားဝင်ထုတ်ပြန်ချက်အရ ကနီမြို့တွင် ဇူလိုင် ၂၉ ရက်က ချင်းတွင်းမြစ်ရေမှာ ၁၁၉၃ စင်တီမီတာ မြင့်တက်ခဲ့သည်။

ဇူလိုင် ၃၀ ရက်တွင် ၁၂၃၈ စင်တီမီတာအထိ တက်ရောက်ခဲ့ကာ ချင်းတွင်းမြစ်ရေစိုးရိမ်ရေမှတ်မှာ ၁၂၃၃ စင်တီမီတာ ဖြစ်ပြီး ဇူလိုင် ၃၁ ရက် နံနက် ၆ နာရီတွင် ချင်းတွင်းမြစ်ရေမှာ ၁၂၆၃ စင်တီ မီတာအထိ တက်ရောက်ခဲ့၍ စိုးရိမ်ရေမှတ်အထက် ၃၀ စင်တီမီတာ တစ်ပေကျော်ခန့် မြင့်တက်လာမှုကြောင်း မြို့ပေါ် ရပ်ကွက်များအတွင်း ရေများဝင်ရောက်ရခြင်းဖြစ်ကြောင်း သိရသည်။ **သန်းဌေးအောင်(ကနီ)**



ဘီးလင်းမြို့နယ်တွင် ဇူလိုင် ၂၉ ရက်တွင် မိုးသည်းထန်စွာ ရွာသွန်းမှုကြောင့်ညနေ ၅ နာရီခွဲတွင် ကန်သာယာကျွန်းတောလမ်း သစ်တောရုံးရှေ့ ရေမြောင်းဘေးအတွင်းရှိ ကျွန်းပင်အား ရေတိုက်စားမှုကြောင့်အမြစ်မှ ကျွံ၍လမ်းမဘက်သို့ ပြိုလဲခဲ့ကြောင်းသိရသည်။ အဆိုပါကျွန်းပင်ပြိုလဲမှုကြောင့် အနီးရှိနေအိမ်များနှင့် လမ်းသွားလမ်းလာတစ်ဦးတစ်ယောက်မှ တစ်စုံတစ်ရာ ထိခိုက်မှုမရှိကြောင်းသိရသည်။
သတင်းနှင့်ဓာတ်ပုံ- ထူးနောင်(Iprd)

# တာချီလိတ်၌ ရေစီးရေလာကောင်းမွန်ရေး နုန်းဆယ်ခြင်းများဆောင်ရွက်

**တာချီလိတ် ဩဂုတ် ၁**

ရှမ်းပြည်နယ်(အရှေ့ပိုင်း) တာချီလိတ်မြို့နယ်စည်ပင်သာယာရေးကော်မတီမှ မိုးတွင်းကာလ၌ ရေကြီး၊ ရေလျှံခြင်းမှ ကြိုတင်ကာကွယ်မှုအဖြစ် ရေမြောင်းများ ရေစီးရေလာကောင်းမွန်ပြီး၊ မြို့သန့်ရှင်းသာယာလှပရေးအတွက် မြို့ပေါ်ရပ်ကွက်များရှိ ရေမြောင်းများ၊ လမ်းဘေးဝဲ၊ ယာ ရေနုတ်မြောင်းများ၊ လမ်းဖြတ်ရေမြောင်းများနှင့် ချောင်းကူးတံတားတည်ဆောက်ခြင်းလုပ်ငန်းများကို ဆောင်ရွက်လျက်ရှိကြောင်းသိရသည်။

ယင်းကဲ့သို့ ဆောင်ရွက်ရာတွင် ၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ်အတွင်း ခွင့်ပြုရန်ပုံငွေကျပ် ၃၀၉၀၀၀၀ ဖြင့် အရှည်ပေ ၂၆၄၀ရှိ ဆန်ဆိုင်းချောင်းနုန်းဆယ်ခြင်း၊ ငွေကျပ်၁၀သိန်းဖြင့်တာလော့ အခြေခံပညာမူလ တန်းလွန်ကျောင်းဝင်းအတွင်း ရေနုတ်မြောင်းနုန်းဆယ်ခြင်းများကို ဆောင်ရွက်ခဲ့သည်။

ထို့အပြင် ငွေကျပ် ၂၅ သိန်းဖြင့် အရှည်ပေ ၁၅၀၀ ရှိ သရဖီလမ်းဘေး ဝဲ၊ ယာ ရေနုတ်မြောင်း နုန်းဆယ်ခြင်း၊ ငွေကျပ် ၄၆၃၀၀၀၀ ဖြင့် တာချီလိတ်-မိုင်းဆတ်သွားလမ်းတွင် အရှည် ၂၅ ပေ၊ အကျယ် ခြောက်ပေ၊ အနက်လေးပေရှိ လမ်းဖြတ်ရေမြောင်းပြုလုပ်ခြင်းများကို ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

ယင်းအပြင် ငွေကျပ် ၂၈၅၄၅၀၀၀ ဖြင့် ရန်အောင်မြေရပ်ကွက်နှင့် မယ်ခေါင်ရပ်ကွက် ဆက်သွယ်သည့် အရှည် ၃၀ ပေ၊ အကျယ် ၁၈ ပေ၊ အမြင့် ၁၀ ပေ ရှိ သံကူကွန်ကရစ်အမျိုးအစား မယ်ခေါင်ချောင်းကူးတံတား တည်ဆောက်ခြင်းလုပ်ငန်းများကိုလည်း ဆောင်ရွက်လျက်ရှိသည်။

အဆိုပါ တာချီလိတ်မြို့နယ်စည်ပင်သာယာရေးကော်မတီမှ ရေကြီး၊ရေလျှံခြင်းမှ ကြိုတင်ကာကွယ်မှုအဖြစ်လုပ်ငန်းများ ဆောင်ရွက်နေမှုအား ဇူလိုင် ၂၈ ရက်၊ နံနက်က မြို့နယ်စည်ပင်သာယာရေးကော်မတီ အတွင်းရေးမှူး၊ ဦးကျော်ဇင်နှင့် အဖွဲ့ဝင်များဖြစ်သည့် ဦးစိုင်းလုံမား၊ ဦးမြင့်ဦး၊ ဦးထိန်မင်း၊ မြို့နယ် စည်ပင်သာယာရေးဌာနမှ အင်ဂျင်နီယာမှူး ဦးလှမျိုးနှင့် အငယ်တန်းအင်ဂျင်နီယာ(၂) ဦးစိုင်းဝန်းလှိုင်းတို့က လုပ်ငန်းများဆောင်ရွက်နေမှုအား ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သိရသည်။

**ခရိုင်ပြန်/ဆက်**

# မိုင်းဆတ်၌ ကျေးရွာမြေများ မြေငှားဂရန်ထုတ်ပေးနိုင်ရန်ဆောင်ရွက်



**မိုင်းဆတ် ဩဂုတ် ၃၁**

ကျေးလက်နေပြည်သူများ စိတ်ပိုင်းနှင့် ရုပ်ပိုင်းဆိုင်ရာလုံခြုံမှုများ ပိုမိုရရှိရေး၊ နိုင်ငံတော်မှ ရသင့်ရထိုက်သော အခွန်ငွေများ ရရှိလာစေရေးအတွက် ကျေးရွာမြေများ မြေငှားဂရန် ထုတ်ပေးနိုင်ရန် ရှမ်းပြည်နယ်(အရှေ့ပိုင်း) မိုင်းဆတ်မြို့နယ် လယ်ယာမြေစီမံခန့်ခွဲရေးနှင့် စာရင်းအင်းဦးစီးဌာန၊ မြို့နယ်ဦးစီးမှူး ဦးဝင်းမင်း ဦးဆောင်သောဝန်ထမ်းများနှင့် ကျဒယ်ကျေးရွာအုပ်စု ကျေးရွာမြေများ မြေငှားဂရန်ထုတ်ပေးရေး လုပ်ငန်းအထူးအဖွဲ့ဝင်များက မြေငှားဂရန်ထုတ်ပေးနိုင်ရန် ကွင်းဆင်း ဆောင်ရွက်ခဲ့သည်။

အဆိုပါအဖွဲ့သည် ကျဒယ်ကျေးရွာ၌ မြေပြင်ထိန်းမှတ်(GCP) ပွိုင့်ချထားခြင်း၊ အမြဲမြေတိုင်းမှတ်တိုင်များ စိုက်ထူခြင်းနှင့် ခေတ်မီမြေတိုင်းကိရိယာများဖြင့် မြေတိုင်းတာခြင်းလုပ်ငန်းများ ဆောင်ရွက်နေမှုကို ဇူလိုင် ၃၀ ရက် နံနက် ၁၀ နာရီက ခရိုင်ကျေးရွာမြေများ မြေငှားဂရန်ထုတ်ပေးရေးလုပ်ငန်း အထူးအဖွဲ့ ဥက္ကဋ္ဌ ခရိုင်အုပ်ချုပ်ရေးမှူး ဦးနိုးဝေ ဦးဆောင်သောအဖွဲ့ဝင်များက ကွင်းဆင်းကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။ **ယဉ်ဝင်း** (IPRD)



## ပေါင်မြို့နယ်တွင် လူနေအိမ် ၁၆ လုံး ပြိုကျပျက်စီး

**ပေါင် ဩဂုတ် ၁**

မွန်ပြည်နယ် ပေါင်မြို့နယ် အတွင်းရှိ ကျေးရွာအချို့တွင် ဇူလိုင် ၂၇ ရက်က မိုးသည်းထန်စွာရွာသွန်းပြီး လေပြင်းများတိုက်ခတ်မှုကြောင့် ထန်းပင်ချောင်ကြီး ကတွန်နှင့် ဖြူဘကျေးရွာများမှ လူနေအိမ် ၁၆ လုံး အမိုးများလန်၍ ပြိုကျပျက်ဆီးခဲ့သည်။

အဆိုပါ လေဘေးဒဏ်ခံရသောကျေးရွာများရှိ အိမ်ထောင်စု ပေါင်း ၁၆ စုတို့အား သထုံခရိုင်အုပ်ချုပ်ရေးမှူး ဦးထွန်းထွန်းဝင်း၊ ပေါင်မြို့နယ်အုပ်ချုပ်ရေးမှူး ဦးမြင့်နိုင်၊ မြို့နယ်ရဲတပ်ဖွဲ့မှူး ရဲမှူးဝင်းသိန်း၊ နယ်မြေခံတပ်ရင်း (၁၀၂) မှ ဗိုလ်မှူးလူမင်းရှိန် မြို့နယ်အမျိုးသမီးရေးရာဥက္ကဋ္ဌနှင့် တာဝန်ရှိသူများက မွန်ပြည်နယ်အစိုးရအဖွဲ့၊ သထုံခရိုင် ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဦးစီးဌာန၊ ပြည်နယ်ကြက်ခြေနီအသင်း၊ နယ်မြေခံတပ်ရင်း (၁၀၂) တို့မှ ထောက်ပံ့ပေးအပ်သော စားသောက်ဖွယ်ရာများ၊ အဝတ်အထည်၊ လူသုံးကုန်ပစ္စည်းများကို ပေါင်မြို့နယ် ကတွန်ကျေးရွာအုပ်ချုပ်ရေးမှူးရုံးနှင့် ထန်းပင်ကြီးကျေးရွာအုပ်ချုပ်ရေးမှူးရုံးတို့တွင် ထောက်ပံ့ပေးအပ်ခဲ့ကြောင်း သိရသည်။

**ပေါင်မြို့နယ်(ပြန်/ဆက်)**

MHPA
Myanmar Hair Professionals Association

မန္တလေးမြို့တွင် မြန်မာနိုင်ငံ ဆံပင်ကျွမ်းကျင်ပညာရှင်များအသင်း MHPA မှ ကြီးမှူးကျင်းပမည့် အလှအပဆိုင်ရာနည်းပညာ အခမဲ့သင်တန်းများနှင့် အထူးဈေးလျှော့ရောင်းပွဲသို့ တက်ရောက်ရန် ဖိတ်ကြားခြင်း

မြန်မာနိုင်ငံ ဆံပင်ကျွမ်းကျင်ပညာရှင်များအသင်း Myanmar Hair Professionals Association (MHPA) မှ ကြီးမှူး၍ ပညာဒါနအဖြစ် မိတ်ကပ်၊ ဆံပင် အညှပ်၊ အကောက် ၊ ဆေးဆိုးခြင်းနှင့် အသားအရေ ထိန်းသိမ်းမှုဆိုင်ရာ နည်းပညာများအား သင်ကြားပေးမည် ဖြစ်ပါသဖြင့် သင်ကြားလိုသော MHPA အသင်းဝင်များနှင့် အသင်းမဝင်ရသေးသော မိတ်ကပ်၊ ဆံပင် ပညာရှင်များအား ဖိတ်ခေါ်အပ်ပါသည်။ ယင်းနေ့များတွင် အလှကုန်ပစ္စည်းများအားလည်း အထူးဈေးနှုန်းဖြင့် ရောင်းချပေးမည် ဖြစ်ပါသည်။

Day 1
သင်ကြားမည့် ဘာသာရပ် ။ ။နာမည်ကြီးအဆိုတော်များနှင့် Contour Makeup & Smoky Eye Shadow လိမ်းခြယ်နည်း
သင်ကြားမည့် နည်းပြဆရာမ ။ ။ဒေါ်မိမိနိုင် (Hello Beauty Salon)
သင်တန်းပေးမည့် ရက် ။ ။၁၈-၈-၂၀၁၅ အင်္ဂါနေ့
သင်တန်းပေးမည့် အချိန် ။ ။နံနက် ၉ နာရီမှမွန်းတည့်၁၂ နာရီ အထိ

သင်ကြားမည့် ဘာသာရပ် ။ ။ဆံပင်ညှပ်နည်းနှင့် Creative Colour ဆေးဆိုးနည်း
သင်ကြားမည့် နည်းပြဆရာမ ။ ။ဒေါ်မိမိနိုင် (The Salon)၊ ဒေါ်တင်တင်ချို (Hello Beauty Salon)
သင်ကြားမည့် အချိန် ။ ။ မွန်းလွဲ ၁ နာရီမှ ညနေ ၅ နာရီ အထိ
သင်ကြားမည့် နေရာ ။ ။ Hotel Mandalay, ၇၈ လမ်း၊ ၃၇ × ၃၈ လမ်းကြား၊ မန္တလေးမြို့

Day 2
သင်ကြားမည့် ဘာသာရပ် ။ ။နုပျိုလှပစေရန် အသားအရေထိန်းသိမ်းနည်း (လက်တွေ့မျက်နှာနှိပ်နည်းအား ပြသပါမည်)
သင်ကြားမည့် နည်းပြဆရာမ ။ ။ဒေါ်နန်းအိအိဇာ (အလှအပဆိုင်ရာ အကြံပေး)
သင်တန်းပေးမည့် ရက် ။ ။၁၉-၈-၂၀၁၅ ဗုဒ္ဓဟူးနေ့
သင်တန်းပေးမည့် အချိန် ။ ။နံနက် ၉ နာရီမှမွန်းတည့်၁၂ နာရီ အထိ

သင်ကြားမည့် ဘာသာရပ် ။ ။ဆံပင်အညှပ် နှင့် အကောက်
သင်ကြားမည့် နည်းပြဆရာမ ။ ။ဒေါ်ပို့ပို့နိုင် (The Image)၊ ဒေါ်ခိုင်ခိုင်လတ် (Konomi)
သင်ကြားမည့် အချိန် ။ ။ မွန်းလွဲ ၁ နာရီမှ ညနေ ၅ နာရီ အထိ
သင်ကြားမည့် နေရာ ။ ။ Hotel Mandalay, ၇၈ လမ်း၊ ၃၇ × ၃၈ လမ်းကြား၊ မန္တလေးမြို့

မှတ်ချက် ။ ။ သင်တန်းတက်လိုသူများ မနီနီထွန်း 09-974467899, The Salon 01-558340, 09-5122426, Hello- 01-540070, 09-5164264, 09-421084937, 09-421084936, Image 09-73201063, 09-792822645, Konomi 09-8622710, 09-5108028 တို့ထံသို့ ရုံးချိန်အတွင်း ဆက်သွယ် စာရင်းပေးသွင်းနိုင်ပါသည်။ ဆံပင်မိတ်ကပ်ပညာရှင် မည်သူမဆို အခမဲ့ တက်ရောက် သင်ကြားခွင့်ရရှိပါမည်။

## ကုန်အမှတ်တံဆိပ် အသိပေးကြေညာခြင်း

ကျွန်ုပ်၏ မိတ်ဆွေဖြစ်သူ ချိုချိုဖြူကုမ္ပဏီလီမိတက်၏ ဒါရိုက်တာ ဦးစန်းအောင်ထွန်း (၉/မရမ(နိုင်)၀၆၇၈၉၆)ကိုင်ဆောင်သူ၏ လွှဲအပ်ညွှန်ကြားချက်အရ အောက်ပါအတိုင်း အသိပေးကြေညာအပ်ပါသည်။

ရန်ကုန်တိုင်းဒေသကြီး၊ တာမွေမြို့နယ်၊ နှင်းဆီလမ်း၊ အခန်း (၁)၊ တိုက် (၁၆)၊ ချိုချိုဖြူကုမ္ပဏီလီမိတက်မှ ထုတ်လုပ်ရောင်းချနေသည့် အောက်ဖော်ပြပါ မိန်းမဝတ်အင်္ကျီပုံစံအမျိုးမျိုးတို့အား "SPIKE" တံဆိပ်အမှတ်အသား ဖြင့် တစ်ဦးတည်းမူပိုင်ထုတ်လုပ်ဖြန့်ချိ ရောင်းချသွားမည်ဖြစ်ကြောင်း ရန်ကုန်မြို့ စာချုပ်စာတမ်းရုံး၏ ၂၀၁၅ ခုနှစ် မှတ်ပုံတင်စာချုပ်အမှတ် - ၆၃၀၀၊ ၆၃၀၁၊ ၆၃၀၂၊ ၆၃၀၃၊ ၆၃၀၆၊ ၆၃၁၀၊ ၆၃၁၁၊ ၆၃၁၂၊ ၆၃၁၄၊ ၈၁၅၆၊ ၈၁၆၄၊ ၈၁၆၅ တို့ဖြင့် ကုန်အမှတ်တံဆိပ် မှတ်ပုံတင်သွင်းထား ပြီးဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။

SPIKE
COLLECTION




အထက်ပုံစံပါ "SPIKE" တံဆိပ်အမှတ်အသားဖြင့် ထုတ်လုပ်ရောင်းချသည့် မိန်းမဝတ်အင်္ကျီများနှင့် "SPIKE" တံဆိပ်အမှတ်အသား၏ တစ်စိတ်တစ်ဒေသကိုဖြစ်စေ၊ တံဆိပ်အမှတ်အသား အားလုံးကိုဖြစ်စေ အများ ပြည်သူထင်ယောင်ထင်မှားဖြစ်စေရန် သံတူကြောင်းကွဲ ဆင်တူယိုးမှား တုပပြုလုပ်အသုံးပြုကြောင်း တွေ့ရှိပါက တရားမကြောင်းအရဖြစ်စေ၊ ရာဇဝတ်ကြောင်းအရဖြစ်စေ၊ တရားစွဲဆိုဆောင်ရွက်သွားမည်ဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ

ဒေါ်ခင်မာလွင် (LL.B, D.B.L) တရားလွှတ်တော်ရှေ့နေ (စဉ် - ၇၆၅၂)
၀၉ - ၅၁၈ ၉၆၈၉၊ ၀၉ - ၇၈၅၁၈၉၆၈၉

ကြော်ငြာ

## လျှပ်စစ်စွမ်းအားဝန်ကြီးဌာန
## မြန်မာ့လျှပ်စစ်ဓာတ်အားလုပ်ငန်း
## (အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း)

၁။ လျှပ်စစ်စွမ်းအားဝန်ကြီးဌာန၊ မြန်မာ့လျှပ်စစ်ဓာတ်အားလုပ်ငန်း၏ ပစ္စည်းများအား ရန်ကုန်စတို၊ ရန်ကုန်ဆိပ်ကမ်းနှင့် စီမံကိန်းစခန်းတို့မှ စီမံကိန်းနေရာ အသီးသီးသို့ သယ်ယူပို့ဆောင်ရန် မြန်မာကျပ်ငွေဖြင့် တင်ဒါခေါ်ယူလိုပါသည်။

| | | |
|---|---|---|
| ၂။ | တင်ဒါပုံစံစတင်ရောင်းချမည့်ရက် | - ၃-၈-၂၀၁၅ ရက် |
| ၃။ | တင်ဒါပိတ်မည့်ရက် | - ၆-၈-၂၀၁၅ ရက် |
| ၄။ | တင်ဒါပိတ်မည့်အချိန် | - ၁၂း၀၀နာရီ |

၅။ တင်ဒါပုံစံနှင့် အသေးစိတ်အချက်အလက်များကို အောက်ပါလိပ်စာတွင် လာရောက်စုံစမ်းဝယ်ယူနိုင်ပါသည်။

တင်ဒါခေါ်ယူရေးလုပ်ငန်းကော်မတီ
မြန်မာ့လျှပ်စစ်ဓာတ်အားလုပ်ငန်း၊ ပစ္စည်းစီမံရေးဌာန၊
ရုံးအမှတ်(၂၇)၊ နေပြည်တော်၊ ဖုန်း-၀၆၇-၄၁၀၂၀၉၊ ၀၆၇-၄၁၀၂၈၂

---

## အင်းလေးချစ်သူ (Travels & Tours)

အဆင့်မြင့်ဘုရားဖူးခရီးသွားလုပ်ငန်း

**✡ အင်းလေးချစ်သူ၏ရာသီထိစ်ခရီးစဉ်များ**

- ▲ ပုဂံ၊ စွယ်တော်လေးဆူ၊ ပခုက္ကူ။ (Hotel - 1N) (Aug -7 / Sep-11) 85,000/-
- ▲ တောင်ကြီး၊ အင်းလေး၊ ပင်းတယ၊ ထမ့်စမ်း (Hotel - 1N) (Aug -14 / Sep-18) 85,000/-
- ▲ မန္တလေး၊ ပြင်ဦးလွင် (Hotel - 1N) (Aug -21 ) 85,000/-

Ph : 09-979252020 , 09-979252121 , 09-979252424 , 09-421030814

---

## ပွဲတော်အုပ် ပေါ်ဆန်းမွှေးဆန်ဆိုင်

မွှေးတာလဲဟုတ်၊ ကောင်းတာလဲဟုတ်
သားသားကြိုက်တုပ်၊ အဲဒါပွဲတော်အုပ်၊
ပွဲတော်အုပ်လေးကောင်းလိုက်တာ၊
မှာလိုက်ပါနော်မနေ့၊
အရောက်ပို့မယ်၊ မြန်မြန်လေး။

ပွဲတော်အုပ်

☎ 01-512443, 09-73017656, 09-32380867

---

## အောင်ထူးဆန်းဟောစေနီးဌာန
## AUNG HTUSAN PREDICTION CENTER
## အောင်စည်ဟိတ်
### စနောအာရုံဝန္တိရပ်ဗွာပညာပါရဂ်ရှင်
### Mind reader through Occult Science

(Occult Treatment)

ဥည်သူဆိုတဲ့ကြွန္ဟောဘော - စေတ္တာကြေး ( ယကြာကြေးမှာပီ။ )

(To make reservation well in advance)

GOOD INTENTION WILL BRING YOUR GOOD LUCK

---

# ရွှေပလ္လင်
# ရွှေပြည်သာ ဖွင့်ပြီ

ဆိုင်ဖွင့်ချိန် 6AM - 6PM
Head Office: 01- 538736
အမှတ်၄ လမ်းမကြီး၊ PT POWER ဓါတ်ဆီဆိုင် ဝင်းအတွင်း။

---

## ဘောဂဗေဒ

၂၀၀၂ခုနှစ် မှ ၂၀၁၅ခုနှစ်အထိ စစ်မေးခဲ့သော မေးမိဌာန်၊
အဓိပ္ပာယ်ဖွင့်ဆိုချက်၊ မေးခွန်းတို/ ရှည် နှင့်

# ကံ့ကော်ရိပ် တက္ကသိုလ်ဝင်တန်း
# တွက်ချက်မှုများ

ဦးလှသိန်း (ဘောဂဗေဒ)စီးပွားရေးတက္ကသိုလ်

## OLD QUESTIONS

၂၀၀၉ ခုနှစ်မှ ၂၀၁၅ ခုနှစ်အထိ မေးခဲ့သော တက္ကသိုလ်ဝင်စာမေးပွဲ အင်္ဂလိပ်စာမေးခွန်းဟောင်းများမှ (Essays & Letters) များကို စံပြဖြေဆိုပေးထားပါတယ်။

***ESSAYS & LETTERS FOR DISTINCTION STUDENTS***

**U.T.T.**

ကောရီစ်စာပေ C/၃၄၊ နေကြာသာယာကုန်းလမ်း၊ ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့။ ဖုံး-၀၉၇၃၀၅၁၁၁၄၊ ၀၉၅၁၂၉၆၇၀၊ ၀၉၅၅၀၁၁၅၄
အမြို့မြို့အနယ်နယ်ရှိဆိုင်တိုင်းတွင်ဝယ်ယူရရှိနိုင်ပါသည်။

---

WEBS

IELTS,
4 Skills,
Business English

➢ သင်တန်းတစ်ခုပြီးတိုင်း Cambridge တက္ကသိုလ်ကအောင်လက်မှတ် ရရှိမည်။ သင်ကြားသည့်ဆရာ-ဆရာမ်းခင်းနိုင်သည်

➢ အင်္ဂလန်ထိပ်တန်းတက္ကသိုလ်များဖြစ်သော The Open University, Cambridge, Business Schools များတွင် သွားရောက်၍ BA English, BSc, CAE, CPE, MBA အစရှိသည့်ဘွဲ့များကို ရယူခဲ့သည်။ အင်္ဂလန်တွင် (၁၀) နှစ်ကြာနေထိုင်ခဲ့သည့်အတွက် အင်္ဂလိပ်စာနှင့် ယဉ်ကျေးမှုကို ကိုယ်တိုင်ထိတွေ့ခွင့်ရခဲ့။

အင်္ဂလိပ်စာသင်တန်းများ
**095151398 လှည်းတန်း။**

---

## စက်ရုံငှားမည်

မြေအကျယ်150'x 150' (Steel Structure)အဆောက်အအုံအနံ 105' အလျား 120' (45x20) (2) ထပ်ပါ ရေမီးစုံထရန်စဖော်မာ (315) ဘေးအဖီ (30x 90)Master (15x25) 4 ခန်းတွဲ ရှာသာကြီး (ကညန)အနီးတိုးချဲ့ဇုန်(၂)၊
ငှားရမ်းနှုန်း – သိန်း(50)
Ph: 09-5133119, 09 785133119

---

STI MYANMAR UNIVERSITY
www.stiedu.net

**A World Class UK degree from University of Bedfordshire**

University of Bedfordshire
www.beds.ac.uk/international



- BA (Hons) Business Administration
- BA (Hons) Accounting
- BA (Hons) Accounting & Finance
- BSc (Hons) Construction Management
- BA (Hons) Interior Design
- MBA
- MSc Electronic Engineering
- MSc Engineering Business Management
- MSc Public Health

**Undergraduate Eligibility Criteria**

- GCE A Level or 12 or 13 years of Education
- STIMU's Certificate/ Diploma/ Advanced Diploma holders. Credit Exemption apply.
- IELTS


**Postgraduate Eligibility Criteria**

- Degree from the recognized University
- IELTS

Block-10, MICT Park, University Hlaing Campus, Yangon.
Tel: 507151/52, 0931702299, 09250064451
mail: enquiry@stiedu.net
https://www.facebook.com/STIMyanmarUni


---

## ကွန်ပျူတာ စနစ်ဖြင့်ထိန်းသော
## MECHANICAL CAR PARKING








TPW
No. (31), Room (5), 7 Miles, Pyay Road, Yangon

အမှတ်(၃၁)၊ အခန်း (၅)၊ ၇ မိုင်၊ ပြည်လမ်း၊ ရန်ကုန်။

# CALIFORNIA UNITEC မှ အထူးဂုဏ်ယူဝမ်းမြောက်ခြင်း




**Toe Wai Linn from CALIFORNIA UNITEC (Institute of Engineering) is now available on Pearson's website and Pearson has just shared it today on social media channels. Please see links below.**

https://www.facebook.com/ProgressionPlus/photos/a.288720051259077.1073741825.270036003127482/670623579735387/?type=1&theater
Unitec.pdfhttps://twitter.com/ProgressionPlus/status/625940181355205632



Pearson International BTEC Award - ကမ္ဘာ့ဒုတိယဆု

Pearson မှ ချီးမြှင့်သော နိုင်ငံတကာထူးချွန်ကျောင်းသားဆု (Pearson International BTEC Award 2015) ဆု ကို တစ်ကမ္ဘာလုံးရှိ HND Center များထဲမှ California Unitec မှ မောင်တိုးဝေလင်းသည် ကမ္ဘာ့ဒုတိယဆုကို ရရှိသဖြင့် California Unitec (Institute of Engineering) မှအထူးဂုဏ်ယူဝမ်းမြောက်စွာဖော်ပြအပ်ပါသည်။

California Unitec (Institute of Engineering)




## ocqn;qm

(ou|u;u|e;rma&;apmia&mujci;0eaqmir)

လူကြီးမင်းတို့၏ ဘိုးဘွားများအား အကြောင်းအမျိုးမျိုးတို့ကြောင့် လူကြီးမင်းတို့ကိုယ်စား ပြုစုစောင့်ရှောက်ပေးရန်လိုအပ်ပါက "သုခဆည်းဆာ"မှ ဘိုးဘွားများအတွက် ကျန်းမာရေး၊ နေထိုင်ရေးနှင့် အခြားလိုအပ်သည်များအား တာဝန်ယူဆောင်ရွက်ပေးလျက်ရှိပါသည်။

အမှတ်(၁၂၆)၊ အောင်ဆုပန်လမ်း၊ ၄၀-ရပ်ကွက်၊ မြောက်ဒဂုံမြို့နယ်၊ ရန်ကုန်မြို့။
ဖုန်း-၀၉-၅၅၀၂၉၄၅၊ ၀၉-၇၉၅၉၈၀၉၈၈၊ ၀၉-၂၆၀၆၂၇၀၆၂

## vaysmualumjim

ကျွန်တော် ကိုအောင်သူခိုင်၏ဇနီးဖြစ်သူ မနွယ်နီလှိုင် [၁၄/အဂပ(နိုင်)၁၄၄၂၈၆] သည် ၉-၇-၂၀၁၅ရက်နေ့တွင် နေအိမ်မှထွက်သွားပြီး ပြန်မလာပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။ ဖြားယောင်းသွေးဆောင်လက်ခံထားသူအား တည်ဆဲဥပဒေအရ အရေးယူဆောင်ရွက်သွားပါမည်။
ဖုန်း-၀၉-၇၉၉၈၀၃၂၃၉၊
၀၉-၂၅၄၃၃၀၆၂၆

## 0exr;tjretv&on

(1) စာရင်းကိုင် မ (၂)ဦး
(2) ငွေကိုင် မ (၂)ဦး
(3) ယာဉ်မောင်း ကျား (၁)ဦး

အမှတ်စဉ်(၁)နှင့်(၂)လျှောက်ထားလိုသူများသည် သက်ဆိုင်ရာ လုပ်ငန်းအတွေ့အကြုံရှိသူ (သို့) LCCI သင်တန်းဆင်းလက်မှတ် ကိုင်ဆောင်ထားသူဖြစ်ရမည်။

မှတ်ချက်။ ။ CV Form၊ မှတ်ပုံတင်မိတ္တူ၊ သန်းခေါင်စာရင်းမိတ္တူ၊ ရဲစခန်းထောက်ခံချက်တို့ဖြင့် လာရောက်လျှောက်ထားနိုင်ပါသည်။

➢Search for the strength of the customs clearnce company
ထင်ပော်အင်တာနေရှင်နယ်ကုမ္ပဏီလီမိတက်

လိပ်စာ။ ။ အမှတ် (၄၈၃)၊ ဝက်မစွပ် ဝန်ထောက်လမ်း၊ ရွှေလင်ဗန်းစက်မှုဇုန်၊ လှိုင်သာယာမြို့နယ်၊ ရန်ကုန်မြို့။
**Ph: 09-788763262, 09-788763257, 09-780481939, 09-262972975, 09-262972978, 09-97356453510, 09-262972976**

## ကုလသမဂ္ဂဖွံ့ဖြိုးမှုအစီအစဉ် ( UNDP )
## လျှောက်လွှာခေါ်ယူခြင်း




**ကျားမလူမှုကဏ္ဍခွဲခြားမှုအကြောင်းအများပြည်သူကိုပိုမိုသိရှိနားလည်အောင် ဆောင်ရွက်လိုပါသလား။**
**ကျားမလူမှုကဏ္ဍခွဲခြားမှုအကြောင်း သင်ကြားပို့ချသူ၊ အကြံဉာဏ်ပေးသူ ဖြစ်လိုပါသလား။**

ကုလသမဂ္ဂဖွံ့ဖြိုးမှုအစီအစဉ် (UNDP)သည် နယ်ပယ်ကဏ္ဍမျိုးစုံမှ စိတ်ပါဝင်စားသူများကို ကျားမလူမှုကဏ္ဍခွဲခြားမှုအကြောင်း သင်ကြားပို့ချနိုင်သူများအဖြစ် လေ့လာစုစည်းပြီး ကွန်ရက်ဖွဲ့ရန် ဆောင်ရွက်နေပါသည်။ ကျားမလူမှုကဏ္ဍခွဲခြားမှု တိစွရပ်များကို သီးသန့်သင်ကြားပို့ချနိုင်သည့်သူများ ဖြစ်လာစေရန်အတွက် ကျွမ်းကျင်သူများမှအနီးကပ်အကြံပေးလမ်းညွှန်ခြင်းများဖြင့် လေ့လာပျိုးထောင်ပေးမည့် သင်တန်းကို ရရှိနိုင်မည့် အခွင့်အလမ်းတစ်ရပ် ဖြစ်ပါသည်။

စိတ်ဝင်စားသူများသည် အောက်ပါအချက်များ လိုအပ်ပါသည်-

- ၂၀၁၅ခုနှစ် ဩဂုတ်လမှနိုဝင်ဘာလအတွင်း ၁၀ရက်မှ၁၅ရက်ထိ သင်တန်းတက်ရောက်နိုင်ရမည်။
- အမျိုးသမီးများကို လုပ်ပိုင်ခွင့်အာဏာပေးခြင်းနှင့်ကျားမတန်းတူညီမျှခြင်းကိုအထူးစိတ်ပါဝင်စားမှုရှိရမည်။
- တက္ကသိုလ်တစ်ခုခုမှဘွဲ့ရရှိရမည်။
- အစိုးရလုပ်ငန်းများ(သို့မဟုတ်)ပညာရေးလုပ်ငန်းများ(သို့မဟုတ်)သတင်းစာနယ်ဇင်းလုပ်ငန်းများတွင် အတွေ့အကြုံ အနည်းငယ်ရှိရမည်။
- အင်္ဂလိပ်ဘာသာ ကျွမ်းကျင်မှုရှိရမည်။

ဤအစီအစဉ်တွင် အမျိုးသားများအားလည်း လျှောက်ထားရန် အားပေးတိုက်တွန်းပါသည်။ ၂၀၁၅ခုနှစ်၊ ဩဂုတ်လ ၅ရက်နေ့၊ နံနက် ၁၀နာရီမှ၁၂နာရီအချိန်အတွင်း အထက်ပါအကြောင်းအရာအတွက်ရှင်းလင်းပွဲကို(UNDP) အစည်းအဝေးခန်းမ(အမှတ်၆၊ နတ်မောက်လမ်း၊တာမွေမြို့နယ်) တွင် ပြုလုပ်မည်ဖြစ်ပါသည်။ထပ်မံသိရှိလိုပါက (UNDP) မှဒေါ်မူမူကြည် (mu.mu.kyi@undp.org) ကို ဆက်သွယ်စုံစမ်းနိုင်ပါသည်။ စိတ်ပါဝင်စားသူများသည် ဩဂုတ်လ (၇) ရက်နေ့ နောက်ဆုံးထားပြီး လျှောက်ထားရပါမည်။

## မကွေးမြို့နယ်အသင်း(ရန်ကုန်)
## စုပေါင်းဝါဆိုသင်္ကန်းကပ်လှူပွဲဖိတ်ကြားလွှာ

မကွေးမြို့နယ်အသင်း(ရန်ကုန်)၏(၂၀၁၅)ခုနှစ်ဝါဆိုသင်္ကန်းဆက်ကပ်လှူဒါန်းပွဲ၊သက်ကြီးပူဇော်ပွဲ၊ပညာရည်ချွန်ဆုပေးပွဲနှင့်အသင်း၏နှစ်ပတ်လည်အစည်းအဝေးကို **စမ်းချောင်းမြို့နယ်၊ဗားကရာလမ်း၊နေနတ်သားစာသင်တိုက်**တွင်ကျင်းပပြုလုပ်မည်ဖြစ်ပါသည်။အသင်းဝင်ကတ်များပြုလုပ်ပေးမည်ဖြစ်ပါသဖြင့်လိုင်စင်ဓါတ်ပုံ(၂)ပုံအား တစ်ပါတည်းယူဆောင်၍မကွေးမြို့နယ်သူ၊နယ်သားများကြွရောက်ကြပါရန် လေးစားစွာဖိတ်ကြားအပ်ပါသည်။

သက်ကြီးပူဇော်ပွဲအတွက် (၇၅)နှစ်နှင့်အထက် အဘိုး၊ အဘွားများနှင့် ပညာရည်ချွန်ဆုအတွက် ဂုဏ်ထူးရကျောင်းသား/ကျောင်းသူများသည် အောက်ပါဖုန်းနံပါတ်များသို့ ဆက်သွယ်၍စာရင်းပေးသွင်းနိုင်ကြပါသည်။

ဆက်သွယ်ရန်-ဦးမြင့်သောင်း-၀၉ ၄၃၀၉၁၅၀၇၊ဒေါ်ကြည်ကြည်ဝင်း-၀၉ ၇၉၈၁၂၄၄၃

နေ့ရက် - ၂၉. ၈. ၂၀၁၅ (စနေနေ့)

အချိန် - နံနက်(၉)နာရီ မှ (၁၂)နာရီ

အသင်းအလုပ်အမှုဆောင်အဖွဲ့

---

日本語能力試験
JLPT Japanese-Language Proficiency Test

ဒီဇင်ဘာလ ၆ ရက် ၂၀၁၅ တွင် ရန်ကုန်မြို့၌ ကျင်းပမည့်

## ဂျပန်ဘာသာအရည်အချင်းစစ် စာမေးပွဲ(JLPT-2015)

**စာမေးပွဲ လျှောက်လွှာများ စတင်လက်ခံခြင်း**

၁။ လျှောက်လွှာလက်ခံခြင်း (ရန်ကုန်)

လျှောက်လွှာလက်ခံမည့်ကာလ - 10.8.2015 ~ 23.8.2015 ( 9:30AM ~ 4:30 PM , Monday to Sunday)

နေရာ - Myanmar Association of Japan Alumni

MAJA Centre

အခန်းအမှတ် G-21,G-22, ၂လွှာ၊ တိုက်(စီ)ပုလဲကွန်ဒို၊ကမ္ဘာအေးဘုရားလမ်း၊ဗဟန်းမြို့နယ်၊ ရန်ကုန်။

ဖုန်း - 09 8612151

၂။ လျှောက်လွှာလက်ခံခြင်း ( မန္တလေး )

လျှောက်လွှာလက်ခံမည့်ကာလ - 26.8.2015 ~ 29.3.2015 ( 8:00AM ~ 6:00 PM )

နေရာ - - HITO Center


၁၂ လမ်းနှင့် ၈၀ လမ်းထောင့် ၊ မန္တလေးမြို့။ ဖုန်း - 02 31762

**စာမေးပွဲကြေးများကို အသေးစိတ်စုံစမ်းမေးမြန်းနိုင်ပါသည်။**









Hot Line No-0930500100

# ဒုတိယသမ္မတ ဒေါက်တာစိုင်းမောက်ခမ်း ပြင်ဦးလွင်နှင့် စစ်ကိုင်းမြို့များရှိ ပြည်သူ့ဆေးရုံများအား လှည့်လည်ကြည့်ရှုပြီး လိုအပ်သည်များဖြည့်ဆည်းဆောင်ရွက်



သတင်း စာမျက်နှာ - ၅

# ကလေးခရိုင်အတွင်း မိုးအဆက်မပြတ်ရွာသွန်းသဖြင့် ရေဘေးသင့်ပြည်သူ ၈၀၀၀ ကျော်ရှိ ရဟတ်ယာဉ် လေယာဉ်များအသုံးပြုပြီး ကူညီထောက်ပံ့ရေး နေ့စဉ်ဆောင်ရွက်



ကလေးမြို့ ရေဘေးသင့်ပြည်သူများအတွက်ပို့ဆောင်မည့် ကယ်ဆယ်ရေးပစ္စည်းများကို တွေ့ရစဉ်။ (သတင်း စာမျက်နှာ-၈) ဓာတ်ပုံ-မျိုးဝင်းထွန်း(မုံရွာ)

## ယနေ့ မာတိကာ


ရေဘေးသင့်ပြည်သူများအတွက် အလှူငွေနှင့် ပစ္စည်းများ ဆက်သွယ်လှူဒါန်းနိုင် — စာမျက်နှာ - ၈

ညောင်ဦး၊ မင်းဘူး၊ အောင်လံ၊ ပြည်၊ ဆိပ်သာ၊ ဇလွန်၊ မော်လိုက်၊ မုံရွာနှင့် ရွှေကျင်မြို့များ စိုးရိမ်ရေမှတ်ကျော် — စာမျက်နှာ - ၉

လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေး ဝန်ကြီးဌာနမှ ပေးပို့ထောက်ပံ့မှုအခြေအနေ — စာမျက်နှာ - ၁၀

အိန္ဒိယနိုင်ငံ အနောက်ဘင်ဂေါပြည်နယ်၌ မိုးသည်းထန် လူ ၄၀ ထက်မနည်း သေဆုံး — စာမျက်နှာ - ၁၃


# ပွင့်ဖြူမြို့နယ်နှင့် စေတုတ္တရာမြို့နယ်တို့ရှိ ရေဘေးသင့်ပြည်သူများနှင့် တိရစ္ဆာန်များအား ဘေးလွတ်ရာသို့ ပြောင်းရွှေ့

ဟန်နီဝင်း

မုန်းတမံနှင့် ကြီးအုံကြီးဝတမံများတွင် ယနေ့နံနက် ၁၁ နာရီအချိန် တိုင်းထွာမှုများအရ ရေပိုလွှဲအထက် ပေ ၃၀ နှင့် ရေပိုလွှဲအထက် ၃၂ ဒသမ ၅ ပေအထိအသီးသီးရေကျော်မှုဖြစ်ပေါ်လျက်ရှိသည်ဟု သိရသည်။ ထိုသို့ ရေကျော်ကာရေဝင်ရောက်မှုများကြောင့် ပွင့်ဖြူမြို့နယ်ရှိ မြို့ပေါ်ရပ်ကွက် လေးရပ်ကွက်နှင့် ကျေးရွာ ၃၆ ရွာ၊ စေတုတ္တရာမြို့ပေါ်ရပ်ကွက် နှစ်ရပ်ကွက်နှင့် ကျေးရွာ ၁၄ ရွာတို့မှ ဒေသခံများနှင့် တိရစ္ဆာန်များအား ဘေးလွတ်ရာသို့ ပြောင်းရွှေ့ခဲ့ရကြောင်း သိရသည်။

အဆိုပါရေဘေးသင့်ပြည်သူများအား တိုင်းဒေသကြီးအစိုးရအဖွဲ့က အစားအစာ၊ သောက်ရေသန့်များနှင့် လိုအပ်သောအကူအညီများထောက်ပံ့ပေးသကဲ့သို့ အလှူရှင်များကလည်း မိမိတို့တတ်နိုင်သမျှ လာရောက်လှူဒါန်းမှုများပြုလုပ်လျက်ရှိသည်။ ထိုသို့ ကယ်ဆယ်ရေးစခန်းများ၌ရောက်ရှိနေသော ရေဘေးသင့်ပြည်သူများနှင့် ကယ်ဆယ်ကူညီထောက်ပံ့မှု ပြုလုပ်သူများ၏ ရင်တွင်းစကားများကိုဖော်ပြလိုက်ပါသည်။

**ဦးတင်ညွန့်(ပွင့်ဖြူမြို့၊အရှေ့ပိုင်းရပ်ကွက်)**

မနေ့ကကျွန်တော်တို့ ကံသာကြီးကယ်ဆယ်ရေးစခန်းကို ရောက်တာပါ။ ကျွန်တော်တို့ရပ်ကွက်မှာ ရေကတဖြည်းဖြည်းတိုးလာတာ နောက်ဆုံးကျတော့ နေလို့မဖြစ်နိုင်လောက်တော့ဘူးဆိုပြီး ထွက်လာခဲ့ကြတာပါ။ အခုကယ်ဆယ်ရေးစခန်းမှာ အဆင်ပြေပါတယ်။ မနက်စာဆိုလည်း ၈ နာရီလောက်ဆို ကျွန်တော်တို့ဆီရောက်တယ်။ နေလယ်စာဆိုလည်း ၁၁ နာရီနဲ့ ညစာဆိုလည်း ညနေဆိုရောက်တယ်။ လာပြီး လှူဒါန်းကြတဲ့သူတွေလည်း ရှိတယ်။ ကျန်းမာရေးအတွက်လည်း ဒီမှာ ကြည့်ရှုစောင့်ရှောက်ပေးပါတယ်။

**ကိုသန်းဝင်းအောင်(ပွင့်ဖြူမြို့၊ အလယ်ပိုင်းရပ်ကွက်)**

ကျွန်တော်တို့ မိသားစုလေးယောက်က ကံသာကြီးကယ်ဆယ်ရေးစခန်းကို မနေ့ကမှ ရောက်တာ။ အခုလိုရေတွေမြုပ်တော့ တခြား သူတွေကတော့ လယ်ယာတွေမြုပ်ပြီး ဆုံးရှုံးတာရှိတယ်။ ကျွန်တော်တို့ကတော့

**စာမျက်နှာ ၉ ကော်လံ ၁ သို့ ***


## ညောင်းညာကိုက်ခဲအတွက်ဆို ထိပ်တန်း၊ ရွှေပြည်နန်းရတနာကိုးသွယ်သနပ်ခါးရဲ့ အစွမ်း



ဆရာသောင်း (ရမည်းသင်း)

ကျွန်တော်ဟာ နေ့စဉ်သတင်းစာတွေမှာ သတင်းနှင့်ဆောင်းပါးတွေ၊ မြန်မာ့အသံရေဒီယိုမှာ ပြဇာတ်တွေကို ဆရာသောင်း(ရမည်းသင်း) အမည်ဖြင့်ရေးသားနေပြီး မြို့မ(ရမည်းသင်း) တေးဂီတအဖွဲ့မှာလည်း ပင်တိုင်တေးသံရှင်ဖြစ်ပါတယ်။ ကံဆိုးချင်တော့ အသက်(၆၀)လောက်မှာ ရုတ်တရက် လေဖြန်းသွားပါလေရော့ဗျာ။ ညာဘက်တစ်ခြမ်းက အကြောတွေကပ်သွားပြီး ဆရာဝန်နဲ့ အချိန်မီကုသလိုက်လို့ လေဖြတ်မသွားပေမယ့် ခြေလက်တွေထုံကျင် အဆစ်အမြစ်တွေကိုက်ခဲပြီး သီချင်းဆိုဖို့ဝေလာဝေး ကျူရှင်ကလည်းမပြနိုင် စာလည်းကောင်းကောင်းမရေးနိုင်တာကြာပါပြီ။ ဒါပေမယ့် ကံကောင်းချင်တော့ မန္တလေးမှာနေပြီး ဆေးပစ္စည်းနဲ့ အလှကုန်ဆိုင်ဖွင့်ထားတဲ့ တပည့်မလေးတစ်ယောက်က ကျွန်တော့်အိမ်ကိုရောက်လာပြီး **"ဆရာ...ရွှေပြည်နန်း ရတနာကိုးသွယ်သနပ်ခါးဟာ သမီးတို့ဆိုင်မှာ ရောင်းအားအကောင်းဆုံးပါပဲဆရာ။ လေဖြန်းတာ၊ လေဖြတ်တာ၊ လေးဘက်နာရောဂါနဲ့ အဆစ်အမြစ် ကိုက်ခဲတာတွေကို အမြန်ဆုံးပျောက်ကင်းတယ်"** လို့ပြောပြီး ဆေးဘူးတွေနဲ့ ဦးချကန်တော့သွားပါတယ်။ ကျွန်တော်လည်းအားရဝမ်းသာစွာနဲ့ ရွှေပြည်နန်းရတနာကိုးသွယ်သနပ်ခါးကို ညအိပ်ယာဝင်တိုင်း လိမ်းအိပ်လာလိုက်တာ ဆေးတစ်ဘူး မကုန်ခင်မှာဘဲ အညောင်းအညာ အကိုက်အခဲတွေလည်း သက်သာလာပါတယ်။ အရင်ကခံစားခဲ့ရတဲ့ဝေဒနာတွေလည်း အမြစ်ပြတ်သလိုပျောက်သွားတာကြောင့် အခုဆိုရင် ကျွန်တော်ဟာ ကျူရှင်လည်းပြနိုင်ပြီ၊ စာလည်းရေးနိုင်ပြီ၊ သီချင်းလည်းဆိုနိုင်ပြီမို့ ကျေးဇူးကမ္မာပါ ရွှေပြည်နန်းလေးနဲ့ ရွှေမန္တလေးက တပည့်မလေးရေ...**"မြန်မာ့ထိပ်တန်း ရွှေပြည်နန်း ရှင်လန်းချမ်းမြေ့နိုင်ပါစေ"** လို့လည်း ဆုမွန်ကောင်းတောင်းပေးလိုက်ပါတယ်...

ဆရာသောင်း(ရမည်းသင်း) အလီမွှာပန်းများလမ်းဇာမြေ၊ မြို့မရပ်ကွက်ကြီး၊ ရမည်းသင်းမြို့၊
တပ်ဆင့်ထောက်ခံသူ ၊ ၊ ဒေါ်တင်နွဲ့ရီ၊ ရွှေမိုးငွေမိုးပိနပ်ဆိုင်၊ မြို့မဈေး၊ ရမည်းသင်းမြို့၊



(ရွှေပြည်နန်း သနပ်ခါးသုံးစွဲရခြင်းကြောင့် ရရှိသောအကျိုးကျေးဇူးများနှင့် ပတ်သက်၍ ကိုယ်တိုင်ကြုံတွေ့ရသော ဖြစ်ရပ်များကို အခြေခံပြီး (စာမျက်နှာ ကန့်သတ်ချက်မရှိ) နေရပ်လိပ်စာအပြည့်အစုံ၊ ဆက်သွယ်ရန်ဖုန်းနံပါတ်တို့ဖြင့် အမှတ်-၂၈ (H)၊အင်းယားမြိုင်လမ်း၊ ရွှေတောင်ကြား(၁)ရပ်ကွက်၊ဗဟန်းမြို့နယ်၊ရန်ကုန်မြို့သို့ လိပ်မူပြီးရေးသားပေးပို့နိုင်ပါကြောင်း လေးစားစွာဖြင့်ဖိတ်ခေါ်အပ်ပါသည်)


themirror.npt@gmail.com
www.facebook.com/themirrordaily